## အခန်း(၆၅၁) - အမှတ် သောင်းပေါင်းများစွာ။

ကျိုးစွန်း ရေတွက်ပြီးသည်နှင့် စွန်းရီသည် လင်းဟွမ်က မွန်းစတားများ ဆင့်ခေါ်သည်ကို မစောင့်တော့ဘဲ အရှိန်အဟုန် ပြင်းထန်စွာ ပြေးဝင်သွားသည်။

လင်းဟွမ်က အပြာရောင်မီးလျှံအဆင့်သာ ရှိသေးသောကြောင့် (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်ကို သူ၏ ကိုယ်ပိုင်အစွမ်းအစဖြင့် ရောက်လာရန် မဖြစ်နိုင်ဘူးဟု စွန်းရီက ယူဆထားသည်။ သူ၏ ကိုယ်ပိုင် အတွေ့အကြုံကြောင့် (၂၀) ခုမြောက်

စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်ရန် မည်မျှ ခက်ခဲကြောင်း သိရှိထားသည်။ အကယ်၍ သူသာ သန့်ရှင်းမီးလျှံအဆင့် ဆိုပါက သူ့ကိုယ်သူ အားကိုး၍ တက်ရောက်ရန် မဖြစ်နိုင်ချေ။

ပါရမီရှင်သမ္မဂ္ဂ၏ သွက်လက်တက်ကြွသော အဖွဲ့ဝင်များထဲတွင် သန့်ရှင်းမီးလျှံအဆင့်နှင့် ဖြတ်ကျော်နိုင်ခဲ့လူမှာ လွန်ခဲ့သော ခုနစ်နှစ်က ရွှေရောင်မီးလျှံအဆင့် လူတစ်ယောက် ဖြစ်သည်။ ထို့အပြင် ထိုလူသည် အဖွဲ့ခွဲ (၁) မှ အထွတ်အထိပ် ပါရမီရှင်တစ်ယောက်ပင် ။ (၇) နှစ်ကြာပြီးနောက် ထိုလူသည် (၆၃) မြောက်

စစ်ဆေးရေးဂိတ်ကို ရောက်ရှိသွားခဲ့ပြီး ယခုအခါ အင်မော်တယ်အဆင့် (၉) ဖြစ်လာခဲ့သည်။

စွန်းရီသည် လင်းဟွမ်က ထိုလူနှင့် တန်းတူညီတူ ဖြစ်လိမ့်မည်ဟု မထင်ထားခဲ့ပေ။ လင်းဟွမ်က သန္ဓေသုံးကြိမ်ပြောင်း အင်မော်တယ် အဆင့် (၂) မွန်းစတားကို အားကိုး၍ ဖြတ်ကျော်နိုင်ခဲ့ခြင်းသာ ဖြစ်လိမ့်မည်ဟု ယူဆထားသည်။ သူ့အတွက်မူ ထိန်းချုပ်သူ အများစုမှာ တော်ရုံတန်ရုံ အဆင့်သာ ရှိသည်။ အစွမ်းထက်သော မွန်းစတားများကို မဆင့်ခေါ်ပါက အမှိုက်များသာ.....

ထို့ကြောင့် စွန်းရီသည် ရေတွက်မှု ပြီးဆုံးသည်နှင့် တပြိုင်နက် လင်းဟွမ်က မွန်းစတားအား မဆင့်ခေါ်နိုင်ခင် လက်ဦးမှုရယူ၍ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ လင်းဟွမ်ဘက်တွင် သူ ဆင့်ခေါ်ထားသော မွန်းစတားများ မရှိပါက တိုက်ခိုက်ရေးအစွမ်း မရှိသည်မှာ သူ့အတွက်တော့ သေချာနေသည်။

လင်းဟွမ်က မလှုပ်ရှားမှု မရှိဘဲ ရှေ့ကိုသာ လှမ်းကြည့်နေသဖြင့် လင်းဟွမ်ဘက်မှ လောင်းထားသော လူများလည်း စိုးရိမ်နေကြသည်။ သူတို့က လင်းဟွမ်ကို မယုံကြည်ဘဲ ဆန်းကြယ် မျှောက်ဝံကိုသာ ယုံကြည်ကြသည်။ သူတို့အတွက်မူ လင်းဟွမ်က

ထိန်းချုပ်သူ တစ်ယောက် ဖြစ်နေသောကြောင့် တိုက်ခိုက်ရေးအစွမ်းက နိမ့်ကျလွန်းသည်။ ထို့အပြင် စွန်းရီက ပါရမီရှင်တစ်ယောက် ဖြစ်နေသဖြင့် လင်းဟွမ်က သူ့ကို မတိုက်ခိုက်နိုင်ပေ။

အမှန်တကယ်ဆို ပုံရိပ်ယောင် လောကထဲ ရောက်လာခဲ့သည့် လူတိုင်းက ပါရမီရှင်များသာ ဖြစ်ကြသည်။ စွန်းရီသည် အင်မော်တယ်အဆင့် (၁) သာရှိသော်လည်း သူ၏ အစစ်အမှန် တိုက်ခိုက်ရေးအစွမ်းမှာ အင်မော်တယ်အဆင့် (၄) ကို ရောက်ရှိနေပြီ ဖြစ်သည်။

လင်းဟွမ်က သူ့ထက် အဆင့်တစ်ဆင့်မြင့်သော လူကို တိုက်ခိုက်နိုင်သည့် အထွတ်အထိပ် ပါရမီရှင် တစ်ယောက် ဖြစ်နေလျှင်ပင် သူက အပြာရောင် မီးလျှံအဆင့်သာ ရှိသေးသောကြောင့် အင်မော်တယ် အဆင့် (၃) ကိုသာ တိုက်ခိုက်နိုင်လိမ့်မည်။ ထို့ကြောင့် စွန်းရီကို မတိုက်ခိုက်နိုင်သည်မှာ သေချာသည်။

ဤတိုက်ပွဲတွင် လင်းဟွမ်အတွက် ကစားပွဲကို အလှည့်အပြောင်း ပြုလုပ်ရန် တစ်ခုတည်းသော နည်းလမ်းမှာ သူ၏ ဆင့်ခေါ်မွန်းစတားကို ဆင့်ခေါ်ရန် အချိန် ရှိ၊မရှိ အပေါ်တွင် မူတည်နေသည်။

စွန်းရီက လင်းဟွမ်ကို မသတ်ပစ်နိုင်ခင် မျောက်ဝံကြီးကို ဆင့်ခေါ်နိုင်ခဲ့ပါက တိုက်ပွဲ၏ရလဒ်မှာ မှန်းဆ၍ မရနိုင်သည့် ရလဒ်တစ်ခု ဖြစ်လာနိုင်သည်။ သို့သော်လည်း လင်းဟွမ်က မျောက်ဝံကို မဆင့်ခေါ်နိုင်ခဲ့ပါက ကျိန်းသေပေါက် ရှုံးနိမ့်မည် ဖြစ်သဖြင့် ဤတိုက်ပွဲကို ဆက်လက် စောင့်ကြည့်နေစရာ မလိုတော့ချေ။

ပွဲကြည့်ပရိတ်သတ် အားလုံးသည် လင်းဟွမ်က ထိန်းချုပ်သူတစ်ယောက် ဖြစ်နေသောကြောင့် သူကိုယ်တိုင် အစွမ်းအစ မရှိဘူးဟု ယူဆနေကြခြင်းသာ....

လင်းဟွမ်က မွန်းစတားကို မဆင့်ခေါ်နိုင်ခင် စွန်းရီက လင်းဟွမ်အနား ရောက်သွားသဖြင့် လူအများစုက ခေါင်းခါလိုက်ကြသည်။ သနားစရာကောင်းသော ဤကလေး၏အမှတ်မှာ မကြာခင် သုည ပြန်ဖြစ်သွားတော့မည်။

လင်းဟွမ်ဘက်မှ လောင်းထားသော လူများသည် လောင်းကြေး ရှုံးတော့မည်ကို သိနေသဖြင့် နှလုံးခုန်နှုန်းက သူတို့ ထိန်းချုပ်နိုင်သည်ထက် ကျော်လွန်ကုန်၏။

သို့သော်လည်း လေထဲတွင် ငွေရောင်အလင်း တစ်ခု ဖြတ်ခနဲ လက်သွားသည်။ ထိုမြင်ကွင်းကြောင့် ပွဲကြည့်ပရိတ်သတ် အချို့ အံ့အားသင့်သွားသည်။

စွန်းရီသည် လင်းဟွမ်ကို မတိုက်ခိုက်ရသေးခင် တုန့်ခနဲ ရပ်သွားသည်။ စွန်းရီပါးစပ်မှ သွေး အတောင့်လိုက် အန်ထွက်လာပြီး အံ့သြထိတ်လန့် နေသည်။ ထို့နောက် သူ့ဘယ်ဘက်ရင်အုံမှ သွေးများ စိမ့်ထွက်လာသည်ကို သတိထားလိုက်မိသည်။

"မင်း... မင်းရဲ့စွမ်းရည်ကို ဖုံးကွယ်ထားတာပဲ"

စွန်းရီက လင်းဟွမ်ကို စိုက်ကြည့်ပြီး အံကြိတ်သံနှင့် ပြောလိုက်သည်။

"မင်းက တောင်းဆိုခဲ့တဲ့သူပဲလေ"

လင်းဟွမ်က ခနဲ့တဲ့တဲ့ ပြုံးပြီး လှည့်ကြည့်လိုက်သည်။

"ဒါဆို မင်းရဲ့အမှတ် (၆,၀၀၀) ငါ ယူလိုက်မယ်နော်။"

လင်းဟွမ် စကားပြောပြီးသည်နှင့် စွန်းရီ၏ ခန္ဓာကိုယ်သည် အလင်းစက်များအဖြစ် ပြိုကွဲသွားပြီး စက္ကန့်ပိုင်းလေး အတွင်းမှာပင် လုံး၀ ပျောက်ကွယ်သွားသည်။ ပုံရိပ်ယောင်စနစ်မှ အကြောင်းကြားချက်သည် လင်းဟွမ်နားထဲ ရောက်လာသည်။

"စွန်းရီကို သတ်ဖြတ်ခဲ့တဲ့အတွက် အမှတ် (၆,၁၀၂) မှတ် ရရှိပါတယ်"

စွန်းရီ ချက်ချင်း သတ်ဖြတ်ခံလိုက်ရသည်ကို မြင်လျှင် ပွဲကြည့်ပရိတ်သတ်များ အံ့သြ တုန်လှုပ်သွားကြသည်။ အချို့လူများကမူ ငွေရောင်အလင်းကို သတိထားမိသော်လည်း မည်သည့်အရာ ဆိုသည်ကို တိတိကျကျ မသိကြပေ။

"ကဲ အတိအကျ ပြောပါအုံး ဘာဖြစ်သွားတာလဲ"

"ဒီကောင် လှည့်စားလိုက်တာလား"

"အဲဒီ ငွေရောင်အလင်းက ဘယ်နေရာက ထွက်လာတာလဲ။ ဒီကောင်လေးရဲ့ နည်းစနစ် အသစ်လား။"

"ထိန်းချုပ်သူ တစ်ယောက်က ဘယ်လောက် အစွမ်းထက် နိုင်မှာလဲ။ ငါတော့ သူက အပြာရောင် မီးလျှံအဆင့်လို့ပဲ ထင်တယ်။

လူအများသည် သူတို့အချင်းချင်း ဆွေးနွေးနေကြပြီး သူတို့ထဲမှ အများစုသည် လင်းဟွမ် မည်ကဲ့သို့ အနိုင်ရသွားကြောင်း မသိကြပေ။

"ကောင်းပြီ၊ မင်းတို့ အချင်းချင်း မဆွေးနွေးနဲ့တော့။ ဒီလူသစ်လေးက အစွမ်းထက်တဲ့ စိတ်ဝိညာဉ် တိုက်ခိုက်သူဘဲ။ ငွေရောင်အလင်းလား... အဲဒါက ဓားမြှောင်တစ်ချောင်းပဲ။ စွန်းရီ ပြေးဝင်လာတဲ့အချိန်မှာ

ခါးမြှောင်က သူ့နှလုံးကို ထိုးဖောက်သွားတယ်။ ဒီကောင်လေးက သူ့ကို သတ်လိုက်တာပဲ"

လူအုပ်ထဲတွင် ရှိနေသော ထိပ်ပြောင်နေသည့် လူလတ်ပိုင်း အမျိုးသားက ပြောလိုက်သည်။ ထိုလူမှာ အင်မော်တယ် အဆင့် (၄)ပင် ။ ယခုအခါမှပင် လူအုပ်ကြီးသည် လင်းဟွမ် မည်ကဲ့သို့ လုပ်ဆောင်ခဲ့ကြောင်း ရှင်းရှင်းလင်းလင်း သိသွားကြသည်။

"မင်းတို့ထဲမှာ တိုက်ပွဲကို မှတ်တမ်း တင်ထားတဲ့လူ ရှိတယ်မဟုတ်လား။ ဗီဒီယိုကို နှေးပီးကြည့်လိုက် အဲဒါဆို မြင်ရလိမ့်မယ်"

တိုက်ပွဲကို မှတ်တမ်းတင်ထားသော လူအချို့က ဗီဒီယိုကို ဖွင့်ပြလိုက်သည်။ ဒိုင်လုပ်သော ကျိုးစွန်းက ဗီဒီယိုကို ဆယ်ဆ နှေးပြီးကြည့်လိုက်ရာ လင်းဟွမ် ရှေ့တွင် ခေးမြှောင်တစ်ချောင်း ရုတ်တရက်ပေါ်လာပြီး စွန်းရှီ၏ရင်ဘတ်ထဲ ထိုးဖောက် ဝင်ရောက်သွားကြောင်း တွေ့လိုက်ရသည်။ သူတို့အထဲမှ လူတော်တော် များများသည် လင်းဟွမ်ကို လျှော့တွက်ခဲ့ကြပြီး မည်သူကမျှ ဤကဲ့သို့ ရလဒ်မျိုးကို မမျှော်လင့် ထားခဲ့ကြပေ။

သူတို့ရှေ့တွင် မတ်တပ်ရပ်နေသော အပြာရောင် မီးလျှံအဆင့် လူအသစ်စက်စက်လေးမှာ ထိန်းချုပ်သူ

တစ်ယောက် ဖြစ်ရုံသာမ အင်မော်တယ်အဆင့် (၁) စွန်းရီကိုပင် ချက်ချင်း သတ်ဖြတ်နိုင်သော စိတ်ဝိညာဉ် တိုက်ခိုက်ရေးသမား တစ်ယောက်လည်း ဖြစ်နေသည်။

"ဒီကောင်က အထွတ်အထိပ် ပါရမီရှင်ဟ "

ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် လူတစ်ယောက်က အလန့်တကြား ထအော်သည်။ ယခုအခါ သူတို့သည် ကြောက်ရွံ့သည့်အပြင် လေးစားသည့် မျက်လုံးများနှင့် လင်းဟွမ်ကို လှမ်းကြည့်နေကြသည်။

အဓိကဇုန် အပြင်ဘက်တွင် အထွတ်အထိပ်ပါရမီရှင် တစ်ဦးတစ်လေကိုပင် မြင်တွေ့ရရန် ခဲယဉ်းသည်။

အင်မတန်ကံကောင်းမှ ရံဖန်ရံခါ အထွတ်အထိပ်ပါရမီရှင် တစ်ဦးစ နှစ်ဦးစကို တွေ့ရနိုင်သည်။

အဓိက ဇုန်များမှာပင် အထွတ်အထိပ်ပါရမီရှင် များစွာ မရှိပေ။ ဌာနခွဲ (၃) ပါရမီရှင်သမဂ္ဂတွင် အထွတ်အထိပ် ပါရမီရှင် အယောက် (၅၀) သာ ရှိသည်။

(၂၁) ခုမြောက် စစ်ဆေးရေးဂိတ်တွင် ပိတ်မိနေသော လူအများစုမှာ အဓိကဇုန် အပြင်ဘက်မှ ပါရမီရှင်များ ဖြစ်ကြသည်။ သူတို့အတွက် အထွတ်အထိပ် ပါရမီရှင် တစ်ယောက်ကို မြင်တွေ့ရန် ခက်ခဲသောကြောင့် သူတို့၏သဘာဝအတိုင်း လင်းဟွမ်ကို လေးစား နေကြသည်။

လင်းဟွမ်သည် လူအများက သူ့အကြောင်း ဆွေးနွေးနေသည်ကို လျစ်လျူရှုပြီး ကျိုးစွန်းထံ လျှောက်သွားကာ

"ငါ မင်းဆီမှာ အမှတ် (၂,၈၆၄) လောင်းခဲ့တယ်နော်။ ဟုတ်တယ်ဟုတ်"

လင်းဟွမ်က ကျိုးစွန်းကို မေးလိုက်သည်။

"ဟုတ်တယ် ဟုတ်တယ်"

ကျိုးစွန်းက ချက်ချင်း ခေါင်းညိတ်သည်။ သူ့စွမ်းရည်က စွန်းရီထက် အနည်းငယ်သာ သာလွန်သော်လည်း သူပေးထားသည့် ကတိကို ငြင်းလိုက်လျှင် ဤလူသစ်လေးက

ကြယ်လမ်းစဉ် သစ်ပင်၏ အောက်ခြေသို့ ပြန်ပို့မှာ အသေအချာပင်

"အမှတ် (၁၄,၃၂၀) ။ မင်း မပေးရသေးတဲ့ စပေါ်ငွေကို နှုတ်လိုက်ရင် (၁၁,၄၅၆) မှတ် ဖြစ်မယ်။"

ကျိုးစွန်းက တွက်ချက်ပြီးသည်နှင့် အမှတ်များကို ချက်ချင်း လွှဲပေးလိုက်သည်။ လင်းဟွမ်သည် စွန်းရှီထံမှ ထူးထူးခြားခြားရသော အမှတ် (၆,၀၀၀) နှင့်အတူ သူအနိုင်ရသော လောင်းကြေး (၅,၀၀၀) ထပ်ပေါင်းလိုက်ပါက အမှတ် တစ်သောင်းကျော် သွားသဖြင့် ဝမ်းသာပီတိ ဖြစ်သွားသည်။

ကောင်းကင်ကြီး မှောင်လာသည်။

လင်းဟွမ်က နာရီ တစ်ချက်ကြည့်လိုက်ပြီး ယခုပင် ထွက်သွားသင့်ပြီ ဖြစ်ကြောင်း သိလိုက်သည်။

ကျိုးစွန်းသည် လင်းဟွမ်က အကောင့်ထွက်သည့် စာမျက်နှာ ဖွင့်နေသည်ကိုမြင်လျှင် ချက်ချင်း

"မစ္စတာလင်း၊ ငါတို့ အမဲလိုက်အဖွဲ့နဲ့ ပူးပေါင်းဖို့ စိတ်ဝင်စားလား"

"အမဲလိုက်အဖွဲ့"

လင်းဟွမ်သည် ကျိုးစွန်းကို ဇဝေဇဝါ လှမ်းကြည့်လိုက်သည်။

"ဒါက ညဘက်မှာ အမဲလိုက်ဖို့ ငါတို့ဖွဲ့ထားတဲ့ ယာယီအဖွဲ့လေးပါ"

ကျိုးစွန်းသည် လင်းဟွမ်က လူသစ်ဖြစ်နေသဖြင့် ရှင်းပြလိုက်သည်။ ကျိုးစွန်း ရှင်းပြပြီးနောက် ဘာကိုဆိုလိုလဲ ဆိုသည်ကို လင်းဟွမ် သဘောပေါက်သွားသည်။

ပုံမှန်အားဖြင့် ညဘက်တွင် မွန်းစတားများက အစာရှာရန် ထွက်လာသောကြောင့် လူများအတွက် သစ်ပင်ပေါ် ဆက်တက်ရန် ခက်ခဲလာသည်။ သို့သော်လည်း အမှတ်ရချင်သော

လူများအတွက်မူ မွန်းစတားများကို သတ်ပစ်နိုင်သည့် ရွှေနာရီ ဖြစ်သည်။

နေဝင်ပြီး သန်းခေါင်ယံအချိန် မရောက်သေးခင် စပ်ကြားတွင် မွန်းစတားအရေအတွက် အထွတ်အထိပ် မရောက်သေးသဖြင့် မွန်းစတားများကို အမဲလိုက် နိုင်သည်။ ထို့ကြောင့် လူတော်တော်များများသည် မွန်းစတားများကို အမဲလိုက်ရန်အတွက် (၂၁) ခုမြောက် စစ်ဆေးဂိတ်တွင် အမဲလိုက်အဖွဲ့များ ဖွဲ့စည်း ထားကြသည်။

အမှတ်များ ရရှိခြင်းက ခါတိုင်းကဲ့သို့ပင်။ သို့သော်လည်း အဖွဲ့တစ်ခု ဖွဲ့စည်းပြီး အမဲလိုက်ခြင်းမှာ

တစ်ယောက်ကိုတစ်ယောက် ကာကွယ်ပေးနိုင်သဖြင့် ပိုမိုလွယ်ကူစေသည်။

"ညသန်းခေါင်ယံ အချိန်ရောက်လို့ မွန်းစတားတွေ အလုံးအရင်းနဲ့ ထွက်လာတဲ့ အချိန်ကျရင် သီးခြားနေရာကို သွားပြီး ပြန်ထွက်ကြမယ်။ အတူတူနေမယ်ဆိုရင် အရမ်းလုံခြုံတယ်"

ကျိုးစွန်းက ဆက်လက် ရှင်းပြလိုက်သည်။

"မင်းရဲ့ ဖိတ်ခေါ်မှုအတွက် ကျေးဇူးတင်တယ်၊ ဒါပေမယ့် အမှတ် (၃၀) အောက် စစ်ဆေးရေးဂိတ်တွေမှာ ဆက်နေဖို့ အစီအစဉ် မရှိဘူး။ ဒါပေမယ့် အတွေ့အကြုံ ရအောင် ဒီတစ်ခေါက်တော့ လိုက်ခဲ့မယ်"

လင်းဟွမ်က ကျိုးစွန်း၏ ဖိတ်ကြားချက်ကို ငြင်းပယ်ခဲ့သော်လည်း သူတို့နှင့် တစ်ညတာ ပူးပေါင်းရန် ဆုံးဖြတ်လိုက်သည်။

## အခန်း(၆၅၂) - ကျိုးစွန်း၏ အမဲလိုက်အဖွဲ့။

ကျိုးစွန်း၏ နာမည်အရင်းမှာ ကျိုးရှန်း ဖြစ်သော်လည်း အသံထွက် ကွဲလွဲပြီး လူအများက ကျိုစွန်းဟု ခေါ်နေကြသည်။ အချိန်ကြာလာသည်နှင့်အမျှ နာမည် အရင်း မေ့မှိန်သွားခဲ့သည်။

လင်းဟွမ်က အမဲလိုက်အဖွဲ့နှင့် ပူးပေါင်းရန် ငြင်းဆန်ခဲ့သော်လည်း ကျိုးစွန်းက သူ့ကို အမဲလိုက်အဖွဲ့ လူစုသောနေရာသို့ ခေါ်ဆောင်သွားခဲ့သည်။ ကျိုးစွန်း၏ အဖွဲ့တွင် အဖွဲ့ဝင် (၆) ယောက်ရှိပြီး အမျိုးသား (၅) ယောက်နှင့် အမျိုးသမီး (၁) ယောက် ဖြစ်သည်။

သူတို့အားလုံးက အင်မော်တယ်အဆင့် (၂) သို့မဟုတ် အဆင့် (၃) တွင် ရှိနေကြသည်။ သူတို့ကို အမှတ် (၂၁) စစ်ဆေးရေးဂိတ်၌ ထိပ်တန်း အမဲလိုက်အဖွဲ့ တစ်ခုဟု သတ်မှတ်ကြသည်။

ကျိုးစွန်းက လင်းဟွမ်အား သူနှင့်အတူ ခေါ်ဆောင်လာသည်ကို မြင်လိုက်လျှင် အဖွဲ့ဝင်များ စိတ်လှုပ်ရှား နေကြသည်။ သူတို့သည် အစောပိုင်းက ဝင်လောင်းခဲ့ကြသဖြင့် လင်းဟွမ်က မည်မျှ အစွမ်းထက်ကြောင်း မျက်မြင် တွေ့ခဲ့ကြသည်။ ထို့ကြောင့် လင်းဟွမ်၏စွမ်းရည်ကို မည်သူမျှ သံသယ မရှိကြပေ။

ကျန်းရှင်း ဟုခေါ်သော အမျိုးသမီး အဖွဲ့ဝင်က မနေနိုင်ဘဲ မေးလိုက်သည်။

"အစ်ကိုဆွန်း။ ဒီ ကိုလူချောက ငါတို့အဖွဲ့ထဲ ဝင်လာတာလား"

ကျိုးစွန်း ပြန် မဖြေရသေးခင် အသက် (၃၀) အရွယ် ပိန်ပိန်ပါးပါးလူက စိုက်ကြည့်ပြီး ပြောလိုက်သည်။

"ကျိုးစွန်းက သူ့ကို ခေါ်လာပြီဆိုမှတော့ ငါတို့နဲ့ လက်တွဲမှာ သေချာတယ်"

အဖွဲ့ဝင်များသည် အစွမ်းထက်သော အဖွဲ့ဝင် အသစ်တစ်ယောက် ထပ်မံ အားဖြည့်လာသဖြင့် စိတ်လှုပ်ရှား နေကြသည်။ လူတိုင်းက သူတို့

သတ်ခဲ့သည့် မွန်းစတားများထံမှ အမှတ်များ ရနိုင်သောကြောင့် အဖွဲ့ထဲတွင် သဘောထား ကွဲလွဲခြင်း မရှိကြပေ။ တစ်ယောက်နှင့်တစ်ယောက် ကူညီ စောင့်ရှောက် ကြသည်။

ထို့အပြင် လင်းဟွမ်က အဝေးရောက် တိုက်ခိုက်မှုတွင် ကျွမ်းကျင်သော စိတ်ဝိညာဉ် တိုက်ခိုက်ရေးသမား ဖြစ်နေသည်။ သူတို့နှင့်အတူ ရှိပါက ဘေးကင်းမှုမှာ နောက်တစ်ဆင့် မြင့်တက်သွားလိမ့်မည်။

"အမ်... မစ္စတာလင်းရှီက ငါတို့အဖွဲ့ထဲ မဝင်ဘူး"

ကျိုးစွန်းက လင်းဟွမ်ကို တစ်ချက် လှည့်ကြည့်ပြီး အမှန်အတိုင်း ပြောလိုက်သည်။

"တောင်းပန်တယ်။ ငါက ပါရမီရှင်သမဂ္ဂရဲ့ ပုံရိပ်ယောင် လောကထဲကို ရောက်လာတာ ပထမဦးဆုံး အကြိမ်ဖြစ်နေလို့ လေ့လာစရာတွေ အများကြီး ရှိနေသေးတယ်။ ဒီညတော့ မင်းတို့နဲ့ အတူတူ အမဲလိုက်မယ်။ ကျိုးစွန်းဆီက ဒီအကြောင်းကြားခဲ့လို့ စမ်းကြည့်ချင်လို့ပါ။ မနက်ဖြန်ကျရင် (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်က ထွက်သွားမှာပါ"

လင်းဟွမ်က ရှင်းပြလိုက်သည်။

အားလုံးက ဖက်လဲတကင်း ဖြစ်နေကြသဖြင့် သူတို့အပေါ် အကြွေးတင်သလို ခံစားရ၍ ရှင်းပြလိုက်ခြင်းပင် ။

အဖွဲ့ဝင်များက သူတို့၏ စိတ်ပျက် သွားမှုကို မဖုံးကွယ်ထားနိုင်ပေ။ ကျိုးစွန်းက လင်းဟွမ်ကို ဤနေရာသို့ ခေါ်လာခဲ့သဖြင့် လင်းဟွမ်က သူတို့အဖွဲ့ထဲ ဝင်လာပြီဟု အားလုံးက ထင်နေကြသည်။

"မစ္စတာလင်း၊ မင်းက ပုံရိပ်ယောင်လောကထဲ ဝင်လာတဲ့ ပထမဦးဆုံးနေ့မှာပဲ စစ်ဆေးရေးဂိတ် (၂၁) ခု ဖြတ်ကျော်ခဲ့တယ်လို့ ပြောချင်တာလား"

အတန်ကြာအောင် ငြိမ်သက် သွားပြီးနောက် ကျန်းရှင်းက ပထမဦးဆုံးစကား စပြောလိုက်သည်။

"အင်း..."

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။ ဖုံးကွယ်ထားစရာ အကြောင်းမရှိဘူးဟုလည်း တွေးလိုက်သည်။

"အိုး... မယုံနိုင်အောင် အစွမ်းထက်တယ်..."

ကျန်းရှင်းက အံ့အားသင့်စွာ အော်ဟစ်လိုက်သည်။

ပါရမီရှင် သမဂ္ဂသည် တိုက်ခိုက်ရေးအဆင့် မခွဲခြားပေ။ အစွမ်းထက်သူကိုသာ လေးစားသည့် ပြိုင်ဆိုင်မှု တစ်ခုသာ .....

"လူအများစုက တစ်ရက်တည်းနဲ့ စစ်ဆေးရေးဂိတ် (၂၁) ခုကို မဖြတ်ကျော်နိုင်ဘူး။ သူတို့ထဲက အများစုကလည်း ပထမဦးဆုံး စစ်ဆေးရေးဂိတ်ကနေ

ဒီနေရာကို ရောက်လာဖို့ အနည်းဆုံး တစ်ပတ်လောက်တော့ အချိန်ယူရတယ်…”

ကျိုးစွန်းက အားတင်းပြီး ပြုံးလိုက်ကာ သူတို့ကြား၌ မည်မျှ ကွာခြားကြောင်း တွေးလိုက်မိသည်။

“(၂၁) ခုမြောက် စစ်ဆေးရေးဂိတ် ရောက်ဖို့ (၈) ရက် အချိန်ယူခဲ့ရတယ်။ ဒီကြားထဲ နှစ်ကြိမ်ကျရှုံးလို့ အောက်ခြေကနေ ပြန်စရသေးတယ်။ ဒီကိုရောက်ဖို့ သုံးရက်လောက် ပိုကြာသွားတာပေါ့…”

“ငါကတော့ ဒီကိုရောက်ဖို့ ငါးရက် အချိန်ယူခဲ့ရတယ်။ ဒါပေမယ့် နှစ်ခေါက်ကျရှုံးတယ်… အောက်ခြေကနေ

ဒီကိုရောက်ဖို့ ရက်နည်းနည်းလောက် အချိန်ယူရတယ်…”

အင်မော်တယ် အဆင့် (၃) ရောက်နေသော ယောကျ်ားတစ်ယောက်က ပြောလိုက်သည်။

လင်းဟွမ်က သူတို့၏ အဖွဲ့ဝင်တစ်ယောက် မဟုတ်သော်လည်း စကားလမ်းကြောင်း သင့်နေသဖြင့် ပြောဆိုလိုက်ကြသည်။

“မစ္စတာလင်း။ မင်းက အဓိကဇာတ်ဆောင် ပါရမီရှင် တစ်ယောက် ဖြစ်ရမယ်။ မင်းနဲ့ အဖွဲ့တူတဲ့လူတွေက မင်းကို ဒီပုံရိပ်ယောင် လောကရဲ့ စည်းမျဉ်းတွေ အကြောင်း မပြောခဲ့ဘူးလား”

လင်းဟွမ်က ပုံရိပ်ယောင်လောကနှင့် ပတ်သက်၍ အလွန် အခြေခံကျသော မေးခွန်းကို မေးနေသဖြင့် ကျိုးစွန်းက သိချင်လာသည်။

"ငါက အဖွဲ့ခွဲ (၃) က လာတာ။ ငါ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကလည်း အချိန်ကြပ်နေလို့ အကြမ်းဖျင်းလောက်ပဲ ရှင်းပြခဲ့တယ်။ ငါကလည်း အသေးစိတ် အချက်အလက်တွေကို မမေးခဲ့မိဘူး"

လင်းဟွမ်က ရှင်းပြလိုက်သည်။

"သူမက ငါ့ကို (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်မှာ အရွက်တွေ ရှိတယ်။ အဲ့ဒါက ကြယ်လမ်းစဉ် သစ်ပင်ပေါ်မှာ လူသားတွေ ပထမဦးဆုံး စုဝေးတဲ့

နေရာလို့ ပြောခဲ့တယ်။ အရှက်ပေါ်က သီးခြား နေရာလွတ်တွေက မွန်းစတားတွေနဲ့ လူသားတွေရဲ့ တိုက်ခိုက်မှုကို ကာကွယ်ပေးနိုင်တယ်လို့တော့ ပြောတာပဲ”

“ညဘက် အမဲလိုက်တဲ့အကြောင်း မင်း မသိတာ မဆန်းတော့ဘူး”

ကျိုးစွန်းသည် လင်းဟွမ်၏ အဖော်ဖြစ်သူ ပြောလိုက်သည့်စကားကို ကြားပြီးနောက် ထိုအဖော်က စိတ်မချရဘူးဟု တွေးလိုက်မိသည်။

"မစ္စတာလင်း။ မင်းက အဖွဲ့ခွဲ (၃) ကဆိုတော့ မင်းမှာ (၃၀) စစ်ဆေးရေးဂိတ်နဲ့ ပတ်သက်တဲ့ အသေးစိတ် နည်းဗျူဟာ ရှိရမယ်။ မိတ္တူ ရောင်းပေးနိုင်မလား"

အသက် (၃၀) အရွယ် အရပ်ရှည်ပြီး ပိန်ပါးသော အမျိုးသားက မေးလိုက်သည်။

"တောင်းပန်တယ်... ငါ့မှာ နည်းဗျူဟာ မရှိဘူး..."

လင်းဟွမ်က ခေါင်းခါလိုက်သည်။

"ကြယ်လမ်းစဉ်ထဲ မဝင်ခင် ငါ့အဖော်က ဗျူဟာပေးဖို့တော့ ပြောခဲ့ပေမယ့် ငါက မယူချင်ဘူးလို့ ငြင်းခဲ့တာ။ အခုချိန် အထိတော့ ဗျူဟာမပြောနဲ့ (၃၀)

မြောက် စစ်ဆေးရေးဂိတ်က ဘာလဲဆိုတာ ငါလည်း မသိသေးဘူး... ...”

“ဒါဆိုရင် ဒီနေ့ (၂၁) ခုမြောက် စစ်ဆေးရေး ဂိတ်အထိ ရောက်အောင်လာတဲ့လမ်းမှာ ဗျူဟာတွေ မသုံးခဲ့ဘူးပေါ့”

အရပ်ရှည်ပြီး ပိန်ပါးသော အမျိုးသားက မျက်ခုံးပင့်ကာ မေးလိုက်သည်။ လင်းဟွမ်က သူ့ကို နည်းဗျူဟာ မရောင်းချ ချင်သဖြင့် အကြောင်းပြချက် ပေးနေသည်ဟု ထင်နေသည်။

“မသုံးခဲ့ဘူး...”

လင်းဟွမ်က ခေါင်းခါရင်း ပြုံးလိုက်သည်။

“ဘာဖြစ်လာမယ်ဆိုတာ ကြိုသိနေရင် ပျော်စရာ မကောင်းဘူးလို့ ငါ ထင်တယ်။ မမျှော်လင့်ထားတဲ့ စပရိုက်တွေ ပိုကြိုက်တယ်…”

လင်းဟွမ်က ဆုံးဖြတ်ချက် ချထားသည့်အတွက် ထိုလူက စကား ဆက်မပြောတော့ပေ။

သို့သော်လည်း ကျိုးစွန်း အပါအဝင် အဖွဲ့ထဲရှိ လူတိုင်းက လင်းဟွမ်ကို မယုံကြချေ။ လင်းဟွမ်က တိုက်ပွဲထဲတွင် မည်မျှ အစွမ်းထက်ကြောင်း ပြသခဲ့သော်လည်း နည်းဗျူဟာများ အသုံးမပြုဘဲ (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်အထိ ရောက်အောင် လာနိုင်ခဲ့သည် ဆိုသည့်ချက်ကို မယုံကြည်ကြချေ။

လင်းဟွမ်ကလည်း သူ့အပေါ် သံသယ ဝင်နေသည်ကို ပြောနိုင်သည်။ ပြောသင့်သည်ကို ပြောပြီးပြီဖြစ်သဖြင့် ရှင်းပြရန် စိတ်မပါချေ။ ယုံခြင်း၊ မယုံခြင်းက သူတို့ အပေါ်သာ မူတည်သည်။

အရပ်ရှည်၍ ပိန်ပါးသော အမျိုးသားသည် လင်းဟွမ်က သူ့ကို နည်းဗျူဟာ မရောင်းချခဲ့သဖြင့် ရန်ဖြစ်ရန် မရွေးချယ်ခဲ့သော်လည်း ယခုအခါ၌ လင်းဟွမ်အပေါ် အေးစက်သွားသည်။

ကျန်သည့် လူများက နည်းဗျူဟာအကြောင်း မပြောကြချေ။ မည်သို့ပင် ဆိုစေကာမူ နည်းဗျူဟာ ရောင်းခြင်းက နှစ်ဖက်သွား လမ်းကြောင်းဖြစ်သည်။

လင်းဟွမ်က မရောင်းချပါဘူးဟု ပြောနေသဖြင့် သူတို့က မည်သည့်အရာမျှ လုပ်၍ မရချေ။

ထို့အပြင် သူတို့အားလုံး၌ နည်းဗျူဟာများ ရှိနေလျှင်ပင် (၃၀) မြောက် စစ်ဆေးရေးဂိတ်ကို မဖြတ်သန်းနိုင်ချေ။ ထို့ကြောင့် အရပ်ရှည်ပြီး ပိန်ပါးသော အမျိုးသားက သူတို့အစား လင်းဟွမ်ကို မေးခဲ့ခြင်း ဖြစ်သည်။

အဆင်မပြေ၍ အနေရ ခက်နေသော်လည်း သူတို့နှင့်အတူတူ ညစာ စားခဲ့သည်။

ကောင်းကင်ကြီး မှောင်နေသည်။

နေရာအနှံ့မှ မွန်းစတားများ၏ ဟိန်းဟောက်သံများကို ကြားနေရသဖြင့် ကြယ်လမ်းစဉ် သစ်ပင်ပေါ်ရှိ မွန်းစတားများ၏ အစာ စားချိန် ကျရောက်လာခဲ့ပြီ…

“(၂၁) ခုမြောက် စစ်ဆေးရေးဂိတ်က ကပ်ပါးကောင် မွန်းစတားတွေကို သတ်ဖို့ ရောက်လာတာလား…”

လင်းဟွမ်က ကျိုးစွန်းကို မေးလိုက်သည်။

ကျိုးစွန်းက ထူးဆန်းသော မေးခွန်းတစ်ခုဟု တွေးခဲ့သော်လည်း ရှင်းပြလိုက်သေးသည်။

“(၂၁) ခု မြောက် စစ်ဆေးရေးဂိတ်က မွန်းစတားတွေကို သတ်ဖြတ်မှာ မဟုတ်ဘူး။ ညဘက်မှာ အမဲလိုက်တဲ့ မွန်းစတားတွေက (၂၃) စစ်ဆေးရေးဂိတ်က

လာတာလည်း ဖြစ်နိုင်သလို တချို့က (၂၉) စစ်ဆေးရေးဂိတ်က လာတာလည်း ဖြစ်နိုင်တယ်...”

အခြား အဖွဲ့ဝင်များကမူ လင်းဟွမ် အစောပိုင်းက ပြောခဲ့သည့် စကားများကို ထိန်းနိုင်ရန် မသိချင်ယောင်ဆောင်၍ လိမ်နေခြင်း ဖြစ်လိမ့်မည်ဟု တွေးနေကြသည်။

(၂၃) နှင့် (၂၉) စစ်ဆေးရေးဂိတ်မှ မွန်းစတားများသည် ဆူညံ ပွက်လောရိုက်ကာ ထွက်လာကြသည်။

“ဟော့... မွန်းစတားတွေ ရောက်လာပြီ”

မကြာခင် ခပ်လှမ်းလှမ်းမှ အော်ဟစ်သံတစ်ခု ထွက်ပေါ်လာသည်။

အခြားအဖွဲ့ဝင်များ လှုပ်ရှားကြပြီး အသံကြားရာ နေရာကို ဦးတည် သွားနေကြသည်။

“သွားရအောင်”

ကျိုးစွန်းက လင်းဟွမ်ကို ခေါင်းညိတ်ပြပြီး ကျန်သည့်လူများကို လှုပ်ရှားရန် အမိန့်ပေးလိုက်သည်။

လင်းဟွမ်သည် အဖွဲ့ဝင် (၅) ယောက်နှင့်အတူ လိုက်ပါသွားခဲ့သည်။

## အခန်း(၆၅၃) - လက်တံ ပိုးတောင်မာ။

မကြာခင် လင်းဟွမ်သည် ကျိုးစွန်းတို့ အမဲလိုက်အဖွဲ့နောက်မှလိုက်၍ အနီးအနားရှိ အကိုင်းတစ်ခုထံ ရောက်သွားသည်။

အမဲလိုက်အဖွဲ့ (၂၀) ကျော်သည် သစ်ကိုင်းမှ ဆင်းသက်လာသော မွန်းစတားများကို စိတ်ရှည်စွာ စောင့်မျှော်နေကြသည်။

လင်းဟွမ်သည် အကိုင်းအခက်များကို မော့ကြည့်လိုက်ရာ အကိုင်းအခက် တစ်ခုလုံးကို ဝန်းရံနေသည့် ပိုးတောင်မာများကို တွေ့လိုက်ရသည်။

ပိုးတောင်မာများ၏ တိုက်ခိုက်ရေး အဆင့်မှာ အင်မော်တယ်အဆင့် (၃) နှင့် အဆင့် (၄) ရှိကြသည်။ ၎င်းတို့သည် (၂) မီတာမှ (၃) မီတာခန့် ရှည်လျားပြီး နောက်ကျောပေါ်တွင် အဖြူအမည်း အစက်အပျောက်များ ပါရှိသည်။

ဤမွန်းစတားအကြောင်းနှင့် ပက်သက်၍ ပြောထိုက်သော အရာတစ်ခုမှာ သူတို့၏လက်နက်သည် သူတို့၏ ပါးစပ်များပင် ။ လက်နက်၏ အပြင်ဘက်

ပုံစံသည် ရေဘဝဲလက်တံနှင့် တူသော်လည်း အတွင်းပိုင်းတွင် ချွန်ထက်သောဓါးများ စီထားသော အသားကြိတ်စက် ကဲ့သို့ ဖြစ်နေသည်။

ဤပိုးတောင်မာများ အသုံးပြုတတ်သည့် နည်းလမ်းများထဲမှ တစ်ခုကို မွန်းစတား စွယ်စုံကျမ်းထဲတွင် ဖတ်ခဲ့ဖူးသည်။ သူတို့သည် သားကောင်ကို ဖမ်းမိသည်နှင့် ပါးစပ်ထဲ ဆွဲသွင်းကြသည်။

"တိုက်ပွဲထဲမှာ သတိထားရမယ့် အချက်က ဒီပိုးတောင်မာတွေရဲ့ လက်တံနဲ့ မထိတွေ့မိစေနဲ့။ အဲ့ဒီ လက်တံတွေက ပျော့ပျောင်းလို့ ရသလို မာကျောလို့လည်း ရတယ်။ အင်းဆက် ပိုးမွှားတွေလို

သားကောင်တွေကို ဖမ်းယူတဲ့နေရာမှာ အသုံးပြုသလို သားကောင်ရဲ့ ခန္ဓာကိုယ်အနံ့ကိုလည်း ထိုးဖောက်နိုင်တယ်။ အင်မော်တယ် အဆင့် (၅) အောက်ရှိတဲ့ လူတိုင်းက သူတို့ရဲ့လက်တံတွေကို မဖျက်ဆီးနိုင်ဘူး။ တစ်ယောက်ယောက်က လက်တံတွေကို ဖျက်ဆီးနိုင်ခဲ့ရင်တောင် လက်တံ ပိုးတောင်မာတွေက လက်တံအသစ်တစ်ခုကို ချက်ချင်း ပြန်မွေးဖွားနိုင်တယ်”

ကျိုးစွန်းက လင်းဟွမ်နှင့် ကျန်သည့်လူများကို သတိပေးလိုက်သည်။

“လက်တံ ပိုးတောင်မာတွေမှာ အားနည်းချက် (၂) ခုပဲရှိတယ်။ ပထမတစ်ခုက သူတို့ဦးခေါင်းနဲ့ နောက်ကျော

ဆက်ထားတဲ့နေရာပဲ။ ဒုတိယတစ်ခုက ပါးစပ်ထဲမှာ ရှိတယ်။ ပုံမှန်အားဖြင့်တော့ အဝေးက တိုက်ခိုက်တဲ့ လူတွေပဲ ဦးခေါင်းနောက်က အချိတ်အဆက် နေရာကို တိုက်ခိုက် နိုင်တယ်။ ပါးစပ်အတွင်းပိုင်းကို တိုက်ခိုက်ဖို့ကတော့ လက်တည့်မှာပဲ ရမယ်။ ပြီးခဲ့တဲ့နှစ်ကတော့ သေနတ်သမား တစ်ယောက်က ဒီကောင်တွေ ပါးစပ် ဖွင့်လိုက်တိုင်း ပစ်သတ်နိုင်ခဲ့တယ်။ အဲ့ဒီ သေနတ်သမား တစ်ယောက်တည်း သတ်တာက ကျန်တဲ့လူတွေအားလုံး သတ်တာ ထက်တောင် သာသေးတယ်”

ကျိုးစွန်းက သေနတ်သမား အကြောင်းကို ပြောသောအခါ သူ့လေသံက လေးစားနေသည်။

"သေနတ်သမားက ဒီမှာ ရှိသေးလား.."

လင်းဟွမ်က မေးလိုက်သည်။

လင်းဟွမ်က တရားဝင်လိုင်စင် ရရှိအောင် တစ်ခါမှ မဖြေခဲ့သော်လည်း သေနတ်သမား တစ်ယောက် ဖြစ်နေသောကြောင့် အခြား သေနတ်သမားများကို စိတ်ဝင်စားသည်မှာ သဘာဝ ကျသည်။

"အစောကြီး ကတည်းက ထွက်သွားပြီ။ (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်မှာ (၃) ရက်ပဲ နေခဲ့တယ်။ သေနတ်သမားက ပစ္စည်းတစ်ခုခု လှည့်ပတ်ရှာပြီး

ထွက်သွားတာပဲ။ မရပ်မနားဘဲ (၃၀) မြောက် စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်သွားတယ်လို့ ငါ ကြားတယ်”

ကျိုးစွန်းက ခေါင်းခါရင်း ပြုံးလိုက်သည်။

လင်းဟွမ်သည် မမေးခင် ကတည်းက ဤအဖြေကို မျှော်လင့်ထားပြီးသားပင်။ အစွမ်းထက်သူ တစ်ယောက်က (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်တွင် အကြာကြီး မနေနိုင်ချေ။

ခဏမျှ စကားပြောပြီးနောက် ပထမဦးဆုံး လက်တံပိုးတောင်မာ အုပ်ကြီးက အကိုင်းအခက်များမှ ဆင်းသက်လာသည်။

အမဲလိုက်အဖွဲ့များသည် ပိုးတောင်မာထံ ပြေးဝင်သွားကြသည်။ ကောင်းကင်ကြီးက မှောင်စပြုလာပြီ ဖြစ်သောကြောင့် လက်တံပိုးတောင်မာများ နိုးလာပြီး ဖြည်းဖြည်းခြင်း ရွေ့လျား နေကြသည်။ ဒါသည် သတ်ဖြတ်ရန် အကောင်းဆုံး အချိန်ပင်။

"ပထမဦးဆုံး မွန်းစတားတွေက ငါတို့ကို အမှတ်တွေ အလကားပေးတာ အခုပဲ သတ်ကြစို့"

ကျိုးစွန်းက လင်းဟွမ်နှင့် စကားစမြည် ပြောဆိုနေခြင်းကို ရပ်တန့်လိုက်ပြီး ကျန်သည့်

လူများနှင့်အတူ မွန်းစတားများဘက်သို့ ပြေးသွားလိုက်သည်။

မကြာခင် လင်းဟွမ်ကလည်း နောက်မှ လိုက်ပါသွားသည်။

ပထမဦးဆုံး ကျူးကျော်လာသော မွန်းစတားအုပ်ကြီးမှာ အားနည်း ပုံရသည်။ မွန်းစတားများ၏ တိုက်ခိုက်ရေးအဆင့်သည် မြင့်မားသော်လည်း ကောင်းကောင်း မနိုးသေးသဖြင့် သတ်ဖြတ်ရန် စောင့်နေသော သိုးများကဲ့သို့ပင် ။ လူပေါင်း(၂၀၀) ကျော်ရှိပြီး (၃၀)ထက် မနည်းသော အဖွဲ့များက ထောင်နှင့်ချီသော မွန်းစတားများနှင့်

ရင်ဆိုင်တိုက်ခိုက် နေကြသည်။ အမဲလိုက်အဖွဲ့များသည် ဆိတ်များကြားက ကျားများအလား မွန်းစတားအားလုံးကို သတ်ဖြတ်နေကြသည်။

ကျိုးစွန်း၏ အဖွဲ့သည်လည်း ကောင်းမွန်စွာ လုပ်ဆောင်ခဲ့ကြသည်။ သူတို့ (၆) ယောက်လုံးသည် သူတို့ရင်ဆိုင်နေရသော လက်တံပိုးတောင်မာ အားလုံးကို တစ်ချက်တည်းနှင့် သတ်ဖြတ်ခဲ့ကြသည်။

ကျိုးစွန်းက ဓါးသမား တစ်ယောက်ဖြစ်ပြီး ဓါးတာအို နယ်ပယ်အဆင့် (၃) ကို ရောက်ရှိနေသည်။ အရှိန်အဟုန်ပြင်းစွာ တိုက်ခိုက်သည့် ပုံစံကို လေ့ကျင့်ထားပြီး သတ်ဖြတ်ခြင်းအရှိန်ကို ထိန်းသိမ်း

ထားသည်။ သူ၏ တစ်စောင်း ခုတ်ချလိုက်သော ဓါးချက်များက ပိုးကောင်နောက်ကျောနှင့် ဦးခေါင်းကြား အဆက်ကို တိကျစွာ ထိမှန်နေသည်။ အကယ်၍ သူသာ အခြား လူတစ်ယောက်နှင့် တိုက်ခိုက်ပါက အတိုက်ခံရသူသည် ဤတိုက်ခိုက်မှုကို ခုခံကာကွယ်ရန် ကြိုးစားခဲ့လျှင် ကျိန်းသေပေါက် ကျရှုံးလိမ့်မည်။ ဤကဲ့သို့ စွမ်းဆောင်နိုင်ရန် ပြင်းထန်သော ပေါက်ကွဲအား လိုအပ်သည်။

အဖွဲ့ထဲတွင် တစ်ဦးတည်းသော အမျိုးသမီးဖြစ်သည့် ကျန်းရှင်းကမူ အထူးလက်နက်ကြီး တစ်ခုကို အသုံးပြုသည်။ သူမသည် အရှည် (၃၀) စင်တီမီတာနှင့်

အနံ (၂) စင်တီမီတာကျော် ရှည်သော ဓါးတိုတစ်စုံကို အသုံးပြုသည်။ သူမ၏လှုပ်ရှားမှုနှင့် ဓါးသည် လိုက်ဖက်ပုံရပြီး တိုက်ပွဲအတွင်းတွင် အသံတိတ် ဝိညာဉ်တစ်ကောင်ကဲ့သို့ တိတ်တဆိတ် လှုပ်ရှားနေသည်။

သူမသည် ပိုးတောင်မာ၏ ဦးခေါင်းနှင့် နောက်ကျောအား ဆက်သွယ်ပေးထားသည့် နေရာကို ဓါးဖြင့် ထိုးနေသည်။ အစောပိုင်း လင်းဟွမ်နှင့် စကားပြောခဲ့စဉ်က မြင်ခဲ့ရသော သူမ၏ နူးညံ့သိမ်မွေ့မှုက ပျောက်ဆုံးနေသည်။

ကျန်သည့် အဖွဲ့ဝင်များ၏ လှုပ်ရှားမှုကလည်း ထို့အတူပင်။ သူတို့ထဲ၌ အစွမ်းထက်ဆုံးမှာ

အင်မော်တယ် အဆင့် (၃) လူထွားကြီး ဖြစ်ပြီး ပုဆိန်တစ်လက် ကိုင်ဆောင်ထားကာ ပိုးတောင်မာ၏ ဦးခေါင်းများကို တစ်စောင်း ခုတ်ဖြတ်နေသည်။

ထိုအချိန်၌ လင်းဟွမ်က မွန်းစတားများကို သတ်ဖြတ်ရန် စိတ်မဝင်စားသည့် ပုံဖြစ်နေသည်။ သူလုပ်သည်မှာ သူများနောက်က လိုက်ပြီး အခြားသူလက်မှ လွတ်ထွက်လာသော မွန်းစတားများကိုသာ သတ်ပစ်နေခြင်းပင်။ အေးအေးဆေးဆေး ဖြစ်နေ၍ ကြည့်ရသည်မှာ ခရီးသွားတစ်ယောက် ကဲ့သို့ပင် ။

ကျိုးစွန်းနှင့် ကျန်သည့်လူများသည် လင်းဟွမ် အကူအညီကြောင့် လွတ်သွားသော မွန်းစတားများအတွက် စိုးရိမ်စရာ မလိုတော့ပေ။ ထို့ကြောင့် သူတို့သည် ပုံမှန်ထက် (၂) ဆ ပိုမြန်အောင် လှုပ်ရှားနိုင်ခဲ့သည်။

လင်းဟွမ်က ကျွံထွက်လာသည့် မွန်းစတား တစ်ကောင်ကိုမျှ လက်လွတ်မခံဘဲ စိတ်ဝိညာဉ် ခါးမြှောင်နှင့် သတ်ပစ်နေခဲ့သည်။ စိတ်ဝိညာဉ်ခါးမြှောင်များက လွတ်လာသော မွန်းစတားများကိုသာ သတ်ပစ်ခဲ့သည်။ ပေါက်ခါးမြှောင်များသည် မွန်းစတားများ၏ ပါးစပ်ထဲသို့ ဝင်ပြီး နောက်စေ့မှ ဖောက်ထွက်နေကြသည်။ ထို့နောက်

မွန်းစတားများသည် ဦးခေါင်းများ ပေါက်ကွဲပြီး သေဆုံးသွားကြသည်။ လင်းဟွမ်၏ ပေါက်ခါးမြှောင်များက ပိုးတောင်မာများ ပါးစပ်ဖွင့်ထားသည် ဖြစ်စေ၊ ပိတ်ထားသည် ဖြစ်စေ သတ်ဖြတ်နေခဲ့သည်။ သူ သတ်ဖြတ်နေသည့် နည်းလမ်းက လွန်ခဲ့သောတစ်နှစ်က သေနတ်သမားထက်ပင် ပို၍ ကြမ်းတမ်းနေသည်။

မကြာခင် တစ်နာရီခွဲ ကုန်လွန်သွားသည်။ နောက်ဆုံး၌ ည (၉) ထိုးသောအခါ ပထမဦးဆုံး မွန်းစတားအုပ်ကြီးကို အဆုံးသတ် နိုင်ခဲ့ကြသည်။

"ပုံမှန်ဆိုရင်တော့ ပထမဦးဆုံး မွန်းစတားအုပ်က အလွယ်ဆုံးပဲ။ နောက်လာမယ့် အကောင်တွေက

ပိုခက်လာလိမ့်မယ်။ အများအားဖြင့်တော့ မွန်းစတားလှိုင်းတွေက တစ်ခုနဲ့တစ်ခု (၂) နာရီခွဲလောက်ခြားလေ့ရှိတယ်။ တတိယမြောက် မွန်းစတားအုပ်မကုန်ခင် ငါတို့ ပြန်ထွက်ကြတယ်”

ကျိုးစွန်းနှင့် ကျန်သည့်လူများသည် ဒုတိယမြောက်မွန်းစတားအုပ်ကြီး မရောက်လာခင် မည်သို့မည်ပုံလုပ်ဆောင်တတ်ကြောင်း လင်းဟွမ်ကို နောက်တစ်ကြိမ်ရှင်းပြ၍ စည်းရုံးနေသည်။

“တတိယမြောက် အသုတ်မှာ ဘာဖြစ်လို့တစ်ဝက်တစ်ပျက်နဲ့ ထွက်သွားရတာလဲ..”

လင်းဟွမ် နားမလည်နိုင် ဖြစ်နေသည်။

"ပထမအသုတ် လာတဲ့ မွန်းစတားတွေက ဒီနေရာက မဟုတ်ဘူး။ အခြေခံအားဖြင့် အမှတ် အလကား ရတာပဲ။ ဒုတိယမြောက် အသုတ် မွန်းစတားတွေကလည်း ဆေးမိသလိုလို ဘာလိုလိုနဲ့ မူဝေနေတာလားတော့ မသိဘူး အဲ့ဒီလိုမျိုး ဖြစ်နေတတ်တယ်။ ဒါပေမယ့် တတိယမြောက် မွန်းစတားအုပ်ကတော့ လုံးဝ အကောင်းပဲ။ နောက်ပြီးတော့ (၂၉) ခုမြောက် စစ်ဆေးရေးဂိတ်က မွန်းစတားတွေလည်း ပါလာတတ်လို့ ခက်ခဲတယ်"

ကျိုးစွန်းက ရှင်းပြသည်။

"(၂၉) ခုမြောက် စစ်ဆေးဂိတ်က မွန်းစတားတွေက အရမ်း အစွမ်းထက်လား.."

လင်းဟွမ်သည် (၂၉) ခုမြောက် စစ်ဆေးရေးဂိတ်တွင် မည်ကဲ့သို့ မွန်းစတားများ ရှိလဲဆိုသည်ကို မသိပေ။

"(၂၉) ခုမြောက် စစ်ဆေးရေးဂိတ်က မွန်းစတားတွေထဲမှာ လျှပ်တပြက် ခါးမိစ္ဆာတွေ ပါတယ်။ အင်မော်တယ် အဆင့် (၄) ဆိုပေမဲ့ အမြန်နှုန်းက အင်မော်တယ်အဆင့် (၆) နဲ့ အတူတူပဲ။ အဝေးကြီး ခုန်နိုင်ရုံတောင် မဟုတ်ဘူး ပျံလည်းပျံနိုင်တယ်။ နောက်ပြီးတော့ ဒီကောင်တွေရဲ့ ခါးလက်မောင်း (၄)

ချောင်းကလည်း အထွတ်အထိပ် ခါတ်ကြွင်းလောက် ထက်ရှတယ်..”

ကျိုးစွန်းက ရှင်းပြသည်။

“မွန်းစတား စွယ်စုံကျမ်းထဲမှာ မပါတဲ့ နောက်ထပ် မွန်းစတား တစ်ကောင်လား..”

လင်းဟွမ်သည် ရှင်းပြချက်ကို ကြားပြီးနောက် စိတ်ထဲတွင် မွန်းစတား၏ ပုံပန်းသဏ္ဌာန်ကို ပုံဖော်ကြည့်နေသည်။

“အဲ့ဒီ မွန်းစတားက သိပ်တော့ ကြောက်စရာ မကောင်းဘူး။ ဒါပေမယ့် တိုက်ပွဲထဲမှာတော့ တော်တော်လေး ဉာဏ်များပြီး ပါးနပ်တယ်။

မွန်းစတားတွေ ၊ အင်းဆက်တွေ ကြားထဲမှာ ပုန်းအောင်းနေပြီး အလစ်ချောင်း တိုက်ခိုက်ဖို့အတွက် ပြီးပြည့်စုံတဲ့ အခွင့်အရေး စောင့်နေတတ်တယ်။ ငါတို့ရဲ့ တိုက်ခိုက်ရေး ဖွဲ့စည်းပုံမှာ ဟာကွက်လေး နည်းနည်းလောက် ရှိသွားတာနဲ့ လျှပ်တစ်ပြတ် ခါးမိစ္ဆာက ချက်ချင်း လှုပ်ရှားပြီး သတ်ဖြတ်ပစ်တော့တာပဲ..”

ကျိုးစွန်းက ဤမွန်းစတား အကြောင်းကို အလေးအနက်ထားပြီး ရှင်းပြနေသည်။

သူတို့ စကားပြောနေစဉ် အပေါ်ဘက် အကိုင်းအခက်ကြားမှ ပိုးကောင်များ ထွက်ပေါ်လာသည်။

ဤကဲ့သို့ဖြင့် ဒုတိယမြောက် မွန်းစတား အလုံးအရင်း ကျူးကျော်မှု ရောက်ရှိလာသည်။

# အခန်း(၆၅၄) - ဒုတိယမြောက် မွန်းစတားအုပ်ကြီး။

အလုံးအရင်းနှင့် ကျူးကျော်လာသော ဒုတိယမြောက် မွန်းစတားအုပ်ကြီးမှာ သူတို့ တိုက်ခိုက်ခဲ့သည့် လက်တံပိုးတောင်မာများ ဖြစ်နေသေးသော်လည်း ဤတစ်ကြိမ်တွင် ကွဲပြား ခြားနား၏။

သစ်ကိုင်းပေါ်မှ ဆင်းသက်လာသည့် လက်တံပိုးတောင်မာများက ပထမတစ်ကြိမ် လှိုင်းလုံးထက် နှစ်ဆနီးပါး ပိုမြန်နေကြောင်း လင်းဟွမ် သတိထား လိုက်မိသည်။ ထို့အပြင် ယခင်ကထက် အရွယ်အစား

နှစ်ဆ ပိုကြီးပြီး ဒေါသတကြီး ဟိန်းဟောက်နေကြသည်။ ထို့အပြင် သူတို့ကျောပေါ်မှ အဖြူရောင်အကွက်များ နေရာတွင် ယခုအခါ၌ အနီရောင်အစက်များ ဖြစ်နေသည်။

"ပေါင်းစပ် စိတ်ဆိုးခြင်းလား"

လင်းဟွမ်သည် သူ မြင်နေရသည့် အရာကို နားမလည်ပေ။ မွန်းစတား စွယ်စုံကျမ်းထဲတွင် ဤကဲ့သို့ မွန်းစတားမျိုးကို တစ်ကောင်မျှ မတွေ့ဖူးသောကြောင့် အသစ်အဆန်း ဖြစ်နေခဲ့ပြီး ထိုမွန်းစတားများတွင် မည်ကဲ့သို့ စွမ်းရည်မျိုး ရှိနေလဲဆိုသည်ကို မသိပေ။

ထိုဖြစ်ရပ် တစ်ခုတည်းကြောင့် အံ့ဩသင့်နေခြင်း မဟုတ်ပေ။ သူ အံ့ဩသင့်နေသည့် အချက်မှာ ထောင်၊ သောင်းချီသော မွန်းစတားအုပ်ကြီးက တစ်ညီတစ်ညွတ်တည်း ဒေါသ ထွက်နေခြင်းပင်။ ဒါကို ပထမဦးဆုံးအကြိမ် မျက်မြင်ကိုယ်တွေ့ မြင်ဖူးခြင်းလည်း ဖြစ်သည်။

ဒေါသထွက်နေသော လက်တံ ပိုးတောင်မာများသည် ယခုအခါ၌ လုံး၀ ပေါက်ကွဲနေသဖြင့် ယခင်ကနှင့် မတူတော့ချေ။

ပိုးတောင်မာများသည် လင်းဟွမ်တို့ ရှိနေသည့် အကိုင်းနှင့် (၁၀) မီတာ ဝေးသောနေရာကို

ရောက်လာသောအခါ အောက်ရောက်သည်အထိ မစောင့်တော့ဘဲ လူများထံ ခုန်ဆင်းလာကြသည်။

နောက်ဆုံးတွင် လင်းဟွမ်သည် အမဲလိုက်အဖွဲ့များက ပင်စည်နှင့် အကိုင်းအခက်ကြားတွင် ဘာကြောင့် နေရာလွတ် တစ်ခု ချန်ထားခဲ့ရလဲဆိုသည်ကို နားလည်သွားသည်။ အကယ်၍ သူတို့သာ ထိုနေရာတွင် မတ်တပ်ရပ်နေပါက ပိုးတောင်မာ တော်တော်များများ၏ တိုက်ရိုက် တိုက်ခိုက်ခြင်းနှင့် ရင်ဆိုင်ရလိမ့်မည်။

ပထမအသုတ် လက်တံ ပိုးတောင်မာများ ခုန်ဆင်းသွားပြီးနောက် သူတို့နောက်မှ ပိုးတောင်မာများက တပြိုင်နက်တည်း ပြေးဝင် တိုက်ခိုက်ခြင်း မလုပ်ကြပေ။

ထိုအစား ပိုးတောင်မာများက သူတို့ကို အနီးကပ် တိုက်ခိုက်လာမည့် အချိန်ကိုသာ စောင့်နေကြသည်။

"ငါ့နောက်လိုက်ခဲ့။ သူတို့ ကြားထဲမဝင်နဲ့။ သူတို့ရဲ့ ခုန်ပေါက်နေတဲ့ နေရာထဲ မင်းဝင်သွားရင် သူတို့ ခုန်ပေါက်နေလို့ မင်းရဲ့မြင်ကွင်း ရှုပ်ထွေးသွားလိမ့်မယ်။ မင်းဘယ်လောက်ပဲ အစွမ်းထက်ထက် ပိုးတောင်မာ အုပ်ကြီးထဲမှာ နစ်မြုပ်သွားလိမ့်မယ်"

ကျိုးစွန်းက ရှင်းပြပြီးနောက် လင်းဟွမ်သည် အခြား အမဲလိုက်အဖွဲ့က ပိုတောင်မာများ ပတ်ပတ်လည်တွင် ကင်းလှည့်နေရသော အကြောင်းအရင်းကို နောက်ဆုံး၌ သဘောပေါက်သွားသည်။

လင်းဟွမ်က ခေါင်းငြိမ့်ပြပြီး ကျိုးစွန်းအဖွဲ့နှင့်အတူ မွန်းစတားများကို သတ်ပစ်ကြတော့သည်။

လင်းဟွမ်က ဓါးမြှောင်လေး တစ်ချောင်းနှင့် အေးအေးလူလူ ဖြစ်နေသည်။

သို့သော်လဲ ကျိုးစွန်းနှင့် ကျန်သည့် လူများမှာ ယခင်ကကဲ့သို့ တည်တည်ငြိမ်ငြိမ် မရှိကြတော့ပေ။ ဒေါသပေါက်ကွဲနေသော လက်တံ ပိုးတောင်မာများက ဖြတ်ကျော်လာရုံ သာမက ၎င်းတို့၏ အမြန်နှုန်း၊ ခွန်အားနှင့် ခုခံမှုများက နှစ်ဆ မြင့်တက်လာပြီး ယခင်နှင့်ယှဉ်ပါက သုံးဆနီးပါး တိုးတက်လာသည်ဟု ပြောရမည်။ သူတို့၏လက်တံများ ပြန်လည်

ပေါက်ဖွားသည့်နှုန်းကလည်း ယခင်ကထက် အဆ အနည်းငယ် ပိုမြန်လာသည်။ တစ်စက္ကန့်အတွင်း၌ အပြည့်အဝ ပြန်ကောင်းမွန်လုနီးပါး ဖြစ်နေသည်။

သူတို့၏ လက်တံ (၁၂) ခုလုံးက ရှေ့ဘက်သို့ တိုးထွက်လာပြီး အချို့က ဆူးကဲ့သို့ မာကျောကာ အချို့မှာ ကြိမ်လုံးများနှင့် တူနေသည်။ သူတို့အတွက် ရောက်လာသည့် လူသားများကို နည်းပေါင်းစုံနှင့် တိုက်ခိုက်နေကြသည်။

ကျိုးစွန်းနှင့် ကျန်သည့်လူများသည် အစောပိုင်းက လက်တံပိုးတောင်မာများကို တစ်ချက်တည်းနှင့် သတ်ဖြတ်နိုင်ခဲ့သော်လည်း ယခုအခါ ဖိအားများ

နေကြသည်။ ယခုအခါ၌ ကျိုးစွန်းသည် ပိုးတောင်မာ တစ်ကောင်ကို သတ်ဖြတ်ရန် အနည်းဆုံး (၃) ချက် ခုတ်ရသည်။ သူ၏လှုပ်ရှားမှု အမြန်နှုန်းက သာမန်မျှသာ ဖြစ်သဖြင့် လက်တံများက ဖေ့ဝိုက်၍ ရှောင်ရှား သောအခါ သူ့အတွက် ခက်ခဲလာသည်။

ကျန်းရှင်းက အရိပ်တစ်ခုကဲ့သို့ လှုပ်ရှား နေသော်လည်း သူမ၏ စွမ်းဆောင်ရည်မှာ အလွန်အမင်း ကျဆင်းသွားသည်။ ပိုးတောင်မာများ၏ ခုခံအားက ပိုမို အားကောင်းလာသဖြင့် ပိုးတောင်မာ ဦးခေါင်းနှင့် နောက်ကျော အဆက် ကြားကို တစ်ချက်တည်း မခုတ်ဖြတ် နိုင်တော့ချေ။ သူမသည် ပိုးတောင်မာ

တစ်ကောင်ကို သတ်ဖြတ်ရန် နှစ်ကြိမ်မှ သုံးကြိမ်အထိ လိုအပ်လာသည်။

ရောမပုဆိန်ကြီးနှင့် အစွမ်းထက်ဆုံး ဖြစ်ခဲ့သည့် ကိုလူထွားကြီး၏ စွမ်းဆောင်ရည်လည်း ကျဆင်းသွားသည်ကို မြင်နေရသည်။ သူသည် ပိုးတောင်မာများကို ထိုးနှက် ဖျက်ဆီးနေဆဲ ဖြစ်သော်လည်း သူ၏ အားနည်းသော လှုပ်ရှားမှုကြောင့် ပိုးတောင်မာများ၏ ဝိုင်းရံ တိုက်ခိုက်မှုအောက်တွင် ကျိုးစွန်းထက်ပင် ပို၍ ဖရိုဖရဲ ဖြစ်နေသည်။

လင်းဟွမ်က ကျိုးစွန်းနှင့် ကျန်သည့်လူများကို ကြည့်ပြီးနောက် ခပ်လှမ်းလှမ်းမှ အခြားအဖွဲ့ကို

လှမ်းကြည့်လိုက်သည်။ ထိုလူများလည်း သူတို့ကဲ့သို့ ကြုံတွေ့နေရသည်။ ပထမဦးဆုံး အသုတ်မှ မွန်းစတားများသည် အလွတ်ကြီး ပြေးဝင်လာသော စစ်သည်တော်နှင့် တူသည်။ သူတို့က တောက်ပစွာ ရဲရင့်ကြသော်လည်း ယခုအခါ၌ လေးနက်ပြီး တင်းမာနေပုံရသည်။ ပိုးတောင်မာများ လှုပ်ရှားလိုက်သည့် အခါတိုင်း သက်ရှိများကို တတ်နိုင်သမျှ ရှောင်ရှားကြသည်။ ယခင်က ပိုင်ဆိုင်ခဲ့သည့် သတ္တိများ ဆုံးရှုံးသွားသည်မှာ အထင်အရှားပင်။

ဤတိုက်ပွဲတွင် လင်းဟွမ်က အတည်ငြိမ်ဆုံးလူ ဖြစ်လာခဲ့သည်။ အေးအေးဆေးဆေး နေနိုင်သောလူမှာ သူတစ်ယောက်တည်းသာ......

သူ၏ ပေါက်ခါးမြှောင်က လေဟုန်စီးနေသော သက်ရှိတစ်ကောင်ကဲ့သို့ လေထဲ ဝဲပျံနေပြီး သူ့အနီးကို ချဉ်းကပ်ရန် ကြိုးစားလာသည့် ပိုးတောင်မာ အားလုံးထံ ထိုးဖောက် ဝင်ရောက်သွား၏။

လင်းဟွမ်၏ တိုက်ခိုက်ရေး နည်းဗျူဟာမှာ ပိုးတောင်မာ၏ ပါးစပ်ကို ထိုးဖောက်ပြီး ပေါက်ကွဲအား ပြင်းထန်စွာ ဦးခေါင်းနောက်မှ ပြန်ထွက်လာသော

နည်းလမ်းပင် ။ လင်းဟွမ် အနား (၁၀) မီတာ ပတ်လည် တစ်ဝိုက်တွင် ရှင်းလင်းနေသည်။

လင်းဟွမ်သည် ကျိုးစွန်း၊ ကျန်သည့်လူများနှင့် သိပ် မဝေးချေ။

သူတို့ကို ပိုးတောင်မာများ၏ လက်တံများ ဝိုင်းလာတိုင်း လင်းဟွမ်က ထိုမွန်းစတားများကို သတ်ဖြတ်ပေးလိုက်သည်။ သို့သော်လည်း လင်းဟွမ်သည် မွန်းစတားများနှင့် သူတို့ကြားက တိုက်ပွဲကို အနှောက်အယှက် လုံးဝ မပေးခဲ့ပေ။

လင်းပွှမ်းသာ သူတို့နှင့်အပြိုင် မွန်းစတားများကို တိုက်ခိုက်ခဲ့မည် ဆိုပါက သူတို့ထဲတွင် မည်သူကမျှ မွန်းစတား တစ်ကောင်မှ ရတော့မည် မဟုတ်ချေ။

မကြာခင် (၂) နာရီကျော် ကုန်ဆုံးသွားခဲ့ပြီ။

ည (၁၂) နာရီကျော်သောအခါ ဒုတိယမြောက် မွန်းစတားအုပ်ကြီး ကုန်ဆုံးသွားသည်။ အမဲလိုက် အဖွဲ့များသည် မွန်းစတားအုပ်ကြီး ရပ်ဆိုင်းသွားသည်နှင့် ချက်ချင်း နောက်ပြန်ဆုတ်ကြသည်။

"ဒါဆို အခု ငါတို့ လက်လျှော့လိုက်ပြီလား"

လင်းဟွမ်သည် ကျိုးစွန်းနှင့် ကျန်သည့်လူများ ပြန်ဆုတ်လာသဖြင့် နောက်မှလိုက်လာရင်း မေးခွန်းထုတ်လိုက်သည်။

"ဆုတ်ခွာတာက ပိုကောင်းတဲ့ အဖြေပဲ"

ကျိုးစွန်းက ထပ်ပြီး မရှင်းပြချင်တော့ပေ။

မကြာခင် အမဲလိုက်အဖွဲ့ (၂၈) ဖွဲ့သည် သစ်ကိုင်းပေါ်က လမ်းဆုံလမ်းခွသို့ ရောက်ရှိလာပြီး ညာဘက်အကိုင်း အတိုင်း ဆက်သွားကြသည်။

နောက်ဆုံးတွင် ကျိုးစွန်းက ရှင်းပြလာသည်။

"မွန်းစတားအများစုက လူသားတွေကို ရှာဖွေဖို့ ပင်မအကိုင်းနဲ့ ပင်စည်ကို သွားလိမ့်မယ်။ ဒါကြောင့် ငါတို့ဆီ ရောက်လာတဲ့ မွန်းစတား အရေအတွက်ကို လျော့ချနိုင်ဖို့ ဒီကိုလာရတာပဲ။ ဒီနေရာမှာ တိုက်ခိုက်ရတာက ပင်မအကိုင်းပေါ်မှာ တိုက်ခိုက်ရတာထက် ပိုဖိအားနည်းတယ်။"

လင်းဟွမ်သည် ပင်မအကိုင်းနှင့် သေးငယ်သော အကိုင်းများတွင် သေးငယ်သော အကိုင်းက ပင်မအကိုင်းထဲတွင် ဝှက်ထားသော ရေပိုက်တစ်ခုနှင့် တူနေကြောင်း နောက်ဆုံး၌ နားလည်သွားသည်။ မွန်းစတားအုပ်ကြီးက ပင်မပိုက်နှင့်တူသော ပင်မ

ပင်စည်ပေါ်တွင် အလုံးအရင်းနှင့် ဆင်းသက်လာပြီး သေးငယ်သော ပိုက်များကဲ့သို့ ဖြစ်နေသည့် အကိုင်းအခက်များတွင် ပုန်းအောင်းခြင်းက မွန်းစတား အနည်းငယ်သာ ရောက်လာနိုင်သည်ဟု ဆိုလိုခြင်းပင်။

"တကယ် ပြောင်မြောက်တဲ့ အတွေးအခေါ်ပဲ"

လင်းဟွမ်သည် လူတိုင်း၏ စိတ်ဖိစီးမှုများ လျော့ကျသွားစေရန် စိတ်ကူးကောင်းသည်ဟု ဝန်ခံ လိုက်သည်။

"အဖွဲ့ခွဲ (၆) ရဲ့ စီနီယာတစ်ယောက်က လွန်ခဲ့တဲ့ နှစ်(၂၀) လောက်က ဒီအကြံကို အကောင်အထည် ဖော်ခဲ့တာ။ မွန်းစတား အရေအတွက်ကြောင့်

လူတော်တော်များများက ဒုတိယအုပ်ပြီးတာနဲ့ ဆက်လုပ်နိုင်မယ့် အရည်အချင်း မရှိတော့ဘူးလို့ ပြောကြတယ်။ ဒုတိယအုပ် ပြီးတာနဲ့ လက်လျှော့ဖို့ ဆုံးဖြတ်ကြတော့တာပဲ။ ဒုတိယမြောက် မွန်းစတားအုပ်ကြီးနဲ့ တိုက်ခိုက်ပြီးရင် ပုံရိပ်ယောင် လောကထဲက ထွက်သွားကြတယ်”

ကျိုးစွန်းက သူနှင့် နေရာတစ်ခုတည်းမှ လာသည့် စီနီယာအကြောင်းကို ပြန်တွေးပြီး ဂုဏ်ယူနေသည်။

“အဲ့ဒီ စီနီယာက (၆၃) မြောက် စစ်ဆေးရေးဂိတ် အထိ ရောက်သွားပြီး ပါရမီရှင်သမ္မဂ္ဂကနေ အငြိမ်းစား မယူခင် အသက် (၄၀) အထိ အဲ့ဒီမှာပဲ နေခဲ့တာ”

လင်းဟွမ်သည် ကျိုးစွန်း၏စကားကို နာထောင်ရင်း အဖွဲ့ခွဲ (၇) အကြောင်းကို မစဉ်းစားဘဲ မနေနိုင်တော့ချေ။ လင်းရှင်၊ လျန်ယုရှင်း၊ ရီရီယွီ ကဲ့သို့ သူ၏မိတ်ဆွေ၊ သူငယ်ချင်းများကို ပြန်သတိရသွားသည်။

“ငါလဲ တစ်နေ့ကျရင် (၆၃) ခုမြောက် စစ်ဆေးရေးဂိတ်ကို ရောက်အောင် လုပ်ရမယ်။ အဲ့ဒါဆိုရင် အဖွဲ့ခွဲ (၆) က လာတဲ့ လူသစ်တွေအားလုံးက ငါ့နာမည်ကို မှတ်မိနေမှာ သေချာတယ်”

ကျိုးစွန်းက ပြောလိုက်သည်။

“မင်းနာမည်က ကျိုးစွန်းပဲ မဟုတ်လား။ ဒီလောက် နာမည် တိုတိုလေးကို မှတ်မိဖို့ ဘယ်လောက် ခက်လို့လဲ”

ပုဆိန်ကိုင်ထားသော လူထွားကြီးက စနောက်လိုက်သည်။

"တောက်စ်....။ ငါ့နာမည်က ကျိုးရှန်းကွ"

မကြာခင် မနီးမဝေး၌ ကျယ်လောင်သော အသံကြီး ပေါ်လာကာ တစ်ယောက်ပြီးတစ်ယောက် အော်ဟစ်နေကြသည်။

"တိုက်ခိုက်ဖို့ ပြင်ကြ၊ တတိယမြောက် မွန်းစတားအုပ်ကြီး လာနေပြီ"

## အခန်း(၆၅) - လျှပ်တပြက် ဓါးမိစ္ဆာ။

အမဲလိုက်အဖွဲ့ (၂၈) ဖွဲ့သည် ကြယ်လမ်းစဉ်သစ်ပင်၏ (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်၏ ပင်မအကိုင်းနှင့် မျက်နှာချင်းဆိုင် အကိုင်းတွင် စိတ်ရှည်စွာ စောင့်ဆိုင်း နေကြသည်။

တတိယမြောက် မွန်းစတားအုပ်ကြီးသည် ဒုတိယမြောက်အုပ်ကြီးထက် ကိုင်တွယ်ရသည်မှာ ပို၍ခက်ခဲသည်။ ဒေါသထွက်နေသော လက်တံပိုးတောင်မာများအပြင် (၂၉) ခုမြောက်

စစ်ဆေးရေးဂိတ်မှ လျှပ်တပြက် ဓါးမိစ္ဆာများလည်း ပါသေးသည်။

လျှပ်တပြက် ဓါးမိစ္ဆာများသည် အင်မော်တယ်အဆင့် (၆) မွန်းစတားများကဲ့သို့ ကြောက်စရာကောင်းသော အမြန်နှုန်းကို ပိုင်ဆိုင်ထားသည့် အင်မော်တယ်အဆင့် (၄) မွန်းစတားများပင် ။ အင်အား (၂၀၀) ခန့်ရှိသော ရှိသော လူအုပ်ကြီး၏ ထက်ဝက်ခန့်သည် လျှပ်တပြက် ဓါးမိစ္ဆာကို သူတို့ဘာသာသူတို့ တစ်ယောက်တည်း မတိုက်ခိုက်နိုင်ကြပေ။

လျှပ်တပြက် ဓါးမိစ္ဆာက မွန်းစတားများကြားတွင် အမြဲတမ်း ပုန်းအောင်းနေတတ်ပြီး ခိုးကြောင်ခိုးဝက်

တိုက်ခိုက်တတ်သဖြင့် ပို၍ ရှုပ်ထွေးသည်။ ထို့ကြောင့် အမဲလိုက် အဖွဲ့ဝင်အားလုံးသည် ဤနေရာတွင် မသေချင်သောကြောင့် အမူအရာက လေးနက်နေကြသည်။ အကယ်၍ သူတို့သာ အသတ်ခံရပါက သူတို့သည် ကြယ်လမ်းစဉ်သစ်ပင်၏ ပထမဦးဆုံး စစ်ဆေးရေးဂိတ်ကို ပြန်လည်ရောက်ရှိရုံ သာမက အမှတ်၏ (၅၀) ရာခိုင်နှုန်းကိုလည်း နှုတ်ယူခြင်း ခံရလိမ့်မည်။

မကြာခင် မွန်းစတားအုပ်ကြီး ရောက်ရှိလာသည်။ မရေမတွက်နိုင်သော အနက်ရောင် ပိုးတောင်မာများက မွန်းစတားအုပ်ကြီးကို ဦးဆောင်လာသည်။

လင်းဟွမ်သည် အဝေးမှ လှမ်းကြည့်သော်လည်း ကျိုးစွန်း ပြောထားသည့် လျှပ်တပြက် ဓါးမိစ္ဆာကို မတွေ့ရပေ။

အမဲလိုက် အဖွဲ့များကလည်း မလှုပ်ရှားကြပေ။

ပိုးတောင်မာများ သူတို့အနား ရောက်လာသည့် အချိန်မှ စတင်တိုက်ခိုက်ကြသည်။ သို့သော်လည်း အဖွဲ့များသည် သူတို့ဘာသာ သူတို့ တစ်ယောက်တည်း တိုက်ခိုက်ရန် မဖြစ်နိုင်တော့ချေ။ ထိုအစား နှစ်ယောက်တစ်ဖွဲ့၊ သုံးယောက်တစ်ဖွဲ့ အဖွဲ့ ခွဲ၍ တိုက်ခိုက်ကြသည်။ ကျိုးစွန်းတို့၏ အဖွဲ့လည်း ထို့အတူပင်။

သူတို့ (၆) ယောက်သည် အုပ်စုသုံးစု ခွဲခဲ့ကြသည်။ လင်းဟွမ်ကိုမူ လုံးဝ လျစ်လျူရှုထားကြသည်။ လင်းဟွမ်က ဒေါသကြီးသော လက်တံ ပိုးတောင်မာများကို တစ်စက္ကန့်အတွင်း သတ်ဖြတ်နိုင်စွမ်း ရှိနေသောကြောင့် သူတို့ထက် များစွာ အစွမ်းထက်ကြောင်း သက်သေပြခဲ့သည်။

စိတ်ဝိညာဉ် တိုက်ခိုက်ရေးသမား တစ်ယောက်အနေနှင့် လင်းဟွမ်က အနည်းဆုံး ရာနှင်ချီသည့် စိတ်ဝိညာဉ် လက်နက်များကို သူ တစ်ယောက်တည်း ထိန်းချုပ်နိုင်သည်မှာ သေချာသည်။ သို့သော်လည်း ယခုအချိန်ထိ သူက စိတ်ဝိညာဉ်

ဓါးမြှောင်တစ်ခုတည်းသာ အသုံးပြုနေခဲ့သည်။ မည်မျှ အစွမ်းထက်ကြောင်း မပြသခဲ့ပေ။ ထို့ကြောင့် လူတိုင်းသည် လင်းဟွမ်ထက် သူတို့ အလုပ်အပေါ်မှာသာ အာရုံစိုက်ချင်ကြသည်။

လင်းဟွမ်ကမူ ယခင်ကဲ့သို့ပင်။ ကျိုးစွန်းတို့ အဖွဲ့ရှေ့တွင် ခရီးသွားတစ်ယောက်ကဲ့သို့ အေးအေးလူလူ လမ်းလျှောက်နေသည်။ သူသည် ပိုးမွှားများနှင့် အသည်းအသန် တိုက်ခိုက်နေသော လူသားများ ကြားထဲတွင် အေးအေးလူလူ လမ်းလျှောက်နေသည့် ထူးဆန်းသော မျိုးစိတ်အသစ် တစ်ခုနှင့် တူလှ၏။

သူ့ထံ ပြေးဝင်လာသော လက်တံပိုးတောင်မာ အားလုံးသည် ငွေရောင်အလင်း ဖြတ်ခနဲ လက်သွားသည်နှင့် သေဆုံးသွားကြသည်။ သူ့ အနီးတစ်ဝိုက် (၁၀) မီတာပတ်လည် အတွင်းတွင် မွန်းစတား အလောင်းများမှလွဲ၍ ဘာမှမရှိချေ။

လင်းဟွမ်သည် ကျိုးစွန်းတို့အဖွဲ့ကို ချန်ထားခဲ့ပြီး မွန်းစတားအုပ်ထဲ လမ်းလျှောက်သွားသော်လည်း လျှပ်တပြက် ခါးမိစ္ဆာကို မတွေ့ရသေးကြောင်း သဘောပေါက်သွားသည်။

“ဒီမွန်းစတားတွေက ပုန်းအောင်းတဲ့နေရာမှာ တအား တော်တာပဲ။ ရှာတောင် မတွေ့ဘူး”

လင်းဟွမ်သည် မွန်းစတား စွယ်စုံကျမ်းထဲတွင် တစ်ခါမှ မမြင်ဖူးသေးသောကြောင့် မသိရသေးသည့် ထိုမွန်းစတားကို စိတ်ဝင် စားနေသည်။ အခြားတစ်ဖက်တွင်မူ မွန်းစတား၏ တိုက်ခိုက်ရေး နည်းစနစ်မှာ ခါးစွမ်းရည်ပင် ။

လင်းဟွမ် တွေးနေစဉ် မွန်းစတားအုပ်ကြီးထဲမှ အနက်ရောင် ပုံရိပ်နှစ်ခု ထွက်လာသည်။ သူတို့သည် အနက်ရောင် လျှပ်စီးအလား လျင်မြန်စွာ ရွေ့လျားနေသည်။

လင်းဟွမ်သည် အနက်ရောင်အရိပ်များ ပေါ်လာသည်နှင့် သတိထားလိုက်မိသည်။ ဒါသည်

လက်တံ ပိုးတောင်မာများ မဟုတ်ကြောင်း သိနေသည်။ သွက်လက် လွန်းလှ၏။

“အော် နောက်ဆုံးတော့ ရောက်လာပြီပဲ”

လင်းဟွမ်က ခနဲ့တဲ့တဲ့ ပြုံးလိုက်ပြီး သူ့ရှေ့တွင် ခါးမြှောင် နှစ်ချောင်း ပေါ်လာသည်။ ငွေရောင်အလင်းတန်း နှစ်ခုက သူ့ထံဝင်လာသော အနက်ရောင် အရိပ်နှစ်ခုကို ပစ်မှတ်ထားလိုက်သည်။ နောက်ထပ် တစ်စက္ကန့်အကြာ ငွေရောင်အလင်း ဖြတ်ခနဲ လက် သွားပြီး အမှောင်ရိပ်များထဲမှ အင့်ခနဲ အော်လိုက်သံ ကြားလိုက်ရသည်။ လက်တံ ပိုးတောင်မာများ အသတ်ခံရသည့် အချိန်တွင် ထိုကဲ့သို့

အသံမျိုး မကြားရချေ။ ဒါသည် ရက်စက်ကြမ်းတမ်းသော သားရဲတစ်ကောင်၏ အော်သံနှင့် ပိုတူနေသည်။

ထူးခြားသော အော်ဟစ်သံ ပေါ်လာသဖြင့် လူသားတော်တော်များများက လင်းဟွမ်ဘက်ကို လှည့်ကြည့်ကြသည်။ ကျိုးစွန်းနှင့် သူ့အဖွဲ့ဝင်များပင် လှည့်ကြည့်ကြသည်။

ထိုစဉ် အနက်ရောင် အရိပ်နှစ်ခုသည် ကျိုးစွန်းကို လျစ်လျူရှုပြီး ကျန်သည့်လူများထံ တိုးဝင်လာသည်။

ကျန်သည့်လူများသည် နောက်ဆုံးစက္ကန့်ကို ရောက်မှ သူတို့ထံ တိုးဝင်လာသော အရိပ်ကို သတိထားမိပြီး လုပ်ဆောင်ရန် နောက်ကျသွားခဲ့သည်။

လင်းဟွမ်ရှေ့မှ ငွေရောင်အလင်းတန်း သုံးခုသည် ယခင်ကထက် ပိုမို လျင်မြန်စွာ လှုပ်ရှားသွားသည်။ အနက်ရောင် အရိပ်များက ကျိုးစွန်းတို့ အဖွဲ့ထံ မရောက်ခင် ငွေရောင် အလင်းတန်း သုံးခုက အနက်ရောင်အရိပ်များကို ဖြတ်ကျော်သွားသည်။ ကျန်သည့်လူများက တုန်လှုပ် ခြောက်ခြားစွာ အော်ဟစ်ကြသည်။

နှစ်စက္ကန့် မပြည့်ခင် အချိန်လေးမှာပင် လင်းဟွမ်က လျှပ်တပြတ် ဓါးမိစ္ဆာ (၆) ကောင်ကို သတ်ဖြတ်နိုင်ခဲ့သည်။ ဘေးနားက လူအားလုံးပင် ပါးစပ်အဟောင်းသား ငေးကြည့်နေကြသည်။ လင်းဟွမ်ကို

လူသစ် တစ်ယောက်အနေနှင့် သတိမထားမိခဲ့သည့် လူအချို့ပင် ယခုအခါ၌ လင်းဟွမ်က မည်မျှ အစွမ်းထက်ကြောင်း သတိထားမိပြီး ဆွံ့အ မှင်တက်နေကြ၏။

ကျိုးစွန်းနှင့် ကျန်သည့်လူများက လင်းဟွမ်၏ တကယ့်စွမ်းရည်ကို အမြင်သစ် တစ်ခုနှင့် မြင်လာကြသည်။

သို့သော်လည်း လင်းဟွမ်ကမူ ပျောက်ကွယ်သွားသော လျှပ်တပြက် ဓါးမိစ္ဆာ အလောင်းကို စိုက်ကြည့်နေပြီး အခြားသူများက သူ့အကြောင်းအား မည်ကဲ့သို့

တွေးနေလဲ ဆိုသည်ကို ဂရုမစိုက်ပေ။ နောက်ဆုံးတွင် မွန်းစတား၏ ပုံသဏ္ဍာန်ကို သဲသဲကွဲကွဲ မြင်လိုက်ရသည်။

ထိုမွန်းစတားတွင် တတိယ မျက်လုံးရှိပြီး မျက်နှာတစ်ဝက်ခန့်ကို သိမ်းပိုက် ထားသည်။ လူနှင့်တူသော ပါးစပ်ရှိပြီး ခန္ဓာကိုယ်တွင် ချွန်ထက်သော ခါးနှင့်တူသည့် လက် (၄) ဖက်ပါရှိပြီး အနက်ရောင် တောင်ပံတစ်စုံက မာကျောသော ချပ်ဝတ်တန်ဆာကဲ့သို့ ဖုံးအုပ်ထားသည်။ ၎င်း၏ ခန္ဓာကိုယ်အောက်ပိုင်းတွင် ခါးခုတ်ကောင် ခြေထောက်ကဲ့သို့ ရှည်လျားသော ခြေထောက်များ ရှိပြီး အမြင့်ခုန် နိုင်သည်မှာ သေချာသည်။ ထိုမွန်းစတားသည် ခြေထောက်

နှစ်ချောင်းနှင့် လမ်းလျှောက် သွားသော်လည်း ခန္ဓာကိုယ်ဖွဲ့စည်းပုံက အင်းစက်နှင့်တူသည်။

ကျိုးစွန်း၏ စကားကို အခြေခံ၍ စိတ်ကူးပုံဖော်ထားသော လင်းဟွမ်၏ စိတ်ကူးနှင့် လုံးဝကွဲပြား ခြားနားနေသည်။

"ငါကတော့ လူသားပုံစံရှိတဲ့ မွန်းစတားလို့ တွေးနေတာ။ ကြည့်ရတာတော့ အင်းစက်တစ်ကောင်ပါပဲ"

လင်းဟွမ်က စိတ်ပျက်စွာ ခေါင်းခါလိုက်သည်။

လျှပ်တပြတ် ခါးမိစ္ဆာသည် ပတ်ဝန်းကျင်က အရာများနှင့် တူညီအောင် အသွင်ယူနိုင်သောကြောင့်

သတိမထားမိနိုင်ဘဲ ၎င်းတို့၏ တည်ရှိမှုကို သတိမပြုမိကြောင်း ယခုမှ နားလည်သွားသည်။

“ဒါက လျှင်မြန်တဲ့ အရှိန်အဟုန်နဲ့ အံ့သြစရာကောင်းတဲ့ အတုယူမှုပဲ။ ခြုံငုံပြီး ပြောရရင် ဒီလိုမွန်းစတားက လုပ်ကြံသတ်ဖြတ်တဲ့နေရာမှာ ပါရမီပါတယ်”

လင်းဟွမ်က လျှပ်တပြတ် ခါးမိစ္ဆာများကို သတ်ဖြတ်ပြီးနောက် ကိုယ့်ကိုကိုယ် တိုးတိုးလေး ပြန်ပြောလိုက်သည်။

“တိုက်ခိုက်ရေးအစွမ်းကတော့ မဆိုးဘူး။ ဒါပေမယ့် ခုခံမှုအပိုင်းက အားနည်းတယ်။ အလုံးစုံ စွမ်းရည်ဆို

သာမန်ပဲ။ သတ်ချင်တဲ့ ရည်ရွယ်ချက် ထုတ်ဖော်ပြီး အနားမှာ ပေါ်လာတာနဲ့ အနီးကပ် တိုက်ခိုက်ရေး ကျွမ်းကျင်တဲ့လူတွေက အလွယ်တကူ သတ်ပစ်နိုင်တယ်”

သို့သော်လည်း (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်မှ အမဲလိုက်အဖွဲ့များသည် ဤကဲ့သို့ စွမ်းရည်မျိုးရှိသည့် မွန်းစတားများကို ကြောက်ကြသည်။

လင်းဟွမ်သည် လျှပ်တပြတ် ခါးမိစ္ဆာ (၆) ကောင်ကို သတ်လိုက်သည်နှင့် တစ်ပြိုင်နက် မွန်းစတားများက သူ့ကို ပစ်မှတ် မထားတော့ကြောင်း သိလိုက်ရသည်။ မွန်းစတားများက အခြားလူများ အပေါ်တွင်သာ ဒေါသ ဖောက်ခွဲနေကြသည်။ အဖွဲ့ တော်တော်များများကို

လျှပ်တပြက် ဓါးမိစ္ဆာက တိုက်ခိုက်ခဲ့ပြီး အချို့က အသတ်ခံလိုက်ရသည်။ ကံဆိုးသည်မှာ လင်းဟွမ်ကလည်း သူတို့ကို မကယ်တင်နိုင်ခဲ့ပေ။

ကျရှုံးသူများ ပိုမိုများလာသောကြောင့် ကျိုးစွန်းနှင့် ကျန်သည့်လူများသည် နောက်ပြန်ဆုတ်ရန် ကြိုးစား လာကြသည်။

လင်းဟွမ်က သူ့အရည်အချင်း အစစ်အမှန်ကို ထုတ်ဖော် ပြသလျှင် ကောင်းမလားဟု တွေးလိုက်သည်။

“လန်စန်လော့ ထွက်လာခဲ့”

လင်းဟွမ်က လက် ဝှေ့ယမ်းပြီး ကြမ်းတမ်း ဓါးလွှမ်းမိုးသူ လန်စန်လော့ကို ဆင့်ခေါ်လိုက်သည်။

ယခုအခါ၌ လန်စန်လေ့သည် အပြာရောင် ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားပြီး (၂) မီတာနီးပါး အရပ်မြင့်ကာ အန္တရာယ်ရှိသော အော်ရာများ စိမ့်ထွက်နေ၏။

လူများထဲမှ အပြောင်းအလဲ အကဲဆတ်သော လူအချို့က လင်းဟွမ်ထံမှ ထူးခြားသော အရာတစ်ခု ထွက်ပေါ်လာကြောင်း သတိထားမိပြီး လန်စန်လေ့ကို လှမ်းကြည့်ကြသည်။

"အတုခိုးနိုင်တဲ့ စွမ်းရည်ရှိတဲ့ မွန်းစတားတွေကို သတ်နိုင်သမျှ မြန်မြန်သတ်။ ကျန်တဲ့ကောင်တွေကို

သတ်ချင်လဲသတ် ဒါမှမဟုတ် တစ်ခြားသူတွေအတွက် ထားလိုက်”

လင်းဟွမ်က ညွှန်ကြားလိုက်သည်။

လန်စန်လေ့က ခေါင်းငြိမ်ပြီး မွန်းစတားများကို စိုက်ကြည့်လိုက်သည်။ ထို့နောက် ဓါးကိုမြှောက်ကာ ပါးပြင်ပေါ်ကပ်ပြီး တိုးတိုးလေး ရေရွတ်လိုက်သည်။ မကြာခင် သူ့ရှေ့တွင် ဓါးကျေးကျွန် (၉) ယောက် ပေါ်လာပြီး မျဉ်းတစ်ကြောင်းကဲ့သို့ တစ်ဖြောင့်တည်း တန်းစီ၍ ထိုင်နေကြသည်။

“သူတို့ကို သတ်”

လန်စန်လေ့၏ မျက်လုံးထဲမှ အပြာရောင် လင်းလက်လာပြီး ဓါးကျေးကျွန်များကို ညွှန်ပြလိုက်သည်။ ထို့နောက် ဓါးကျေးကျွန် (၉) ယောက်က မတ်တပ်ထရပ်ကာ မွန်းစတားအုပ်ထဲ ပြေးဝင်သွားကြသည်။ လန်စန်လေ့လည်း သူတို့ နောက်မှ လိုက်ပါသွားခဲ့သည်။

## အခန်း(၆၅၆) - ပိုးကောင် အားလုံးကို သတ်.....

လန်စန်လေ့သည် အင်မော်တယ်အဆင့် (၂) သာ ရှိသော်လည်း သန္ဓေသုံးကြိမ်ပြောင်း နတ်ဘုရား သွေးမျိုးဆက်ပါသည့် မွန်းစတားတစ်ကောင်ပင် ။ သူသည် ဆိတ်အုပ်ထဲ ပြေးဝင်သွားသည့် ရက်စက်ကြမ်းကြုတ်သော ကျားရဲတစ်ကောင်နှင့် တူနေပြီး ဓါးတစ်ချက် ခုတ်လိုက်တိုင်း သူ့အနီးအနားရှိ မွန်းစတားများစွာ သေဆုံးကုန်၏။

သူ၏ ဓါးကျေးကျွန် ကိုးယောက်သည် အင်မော်တယ်အဆင့် (၂) သာ ရှိသေးသော်လည်း

အတူတကွ လက်တွဲ၍ တိုက်ခိုက်ရာတွင် လန်စန်လော့ ထက် နေးကွေးခြင်း မရှိကြချေ....

တစ်မိနစ် မပြည့်ခင် အချိန်လေးအတွင်းတွင် လန်စန်လော့နှင့် ခါးကျေးကျွန် ကိုးယောက်တို့သည် မွန်းစတားအုပ်ကြီးထဲကို နက်ရှိုင်းစွာ ထိုးဖောက် ဝင်ရောက်သွားကြပြီး လင်းဟွမ်က နယ်မြေပိုင်နက် အသိနှင့်သာ အာရုံခံနိုင်တော့သည်။

လန်စန်လော့တွင် အမှောင်ထုကြေးမုံ ရှိသည့်အတွက် မွန်းစတားများက သူ၏ ခံစစ်စည်းကို မချိုးဖြတ်နိုင်သောကြောင့် လင်းဟွမ်က စိတ်မပူပေ။

လင်းဟွမ်သည် လန်းစန်လေ့ကို ဆင့်ခေါ်ပြီးနောက် အခြား အမဲလိုက်အဖွဲ့များကို ဖိအားပေးနေသည့် လျှပ်တပြက် ဓါးမိစ္ဆာများကို သူကိုယ်တိုင် ကိုယ်တွယ်ရန် စီစဉ်နေသဖြင့် အလုပ်ရှုပ်နေသည်။ ကျိုးစွန်းကို နှုတ်ဆက်ပြီးနောက် အနီးအနားတွင် ပုန်းအောင်းနေသော လျှပ်တပြက် မိစ္ဆာများကို လှည့်ပတ်ရှာ ဖွေပြီး သတ်ဖြတ်နေခဲ့သည်။ ထိုနေရာတွင် လျှပ်တပြက် ဓါးမိစ္ဆာများ ရှင်းလင်းသွားသောအခါ နောက်တစ်ဖွဲ့ကို သွားရောက် ကူညီခဲ့ကြသည်။

လျှပ်တပြက် ဓါးမိစ္ဆာများ၏ အတုယူခြင်း စွမ်းရည်မှာ အစွမ်းထက်သော်လည်း လင်းဟွမ်၏ မျက်လုံး

စွမ်းရည်အောက်တွင် မည်သည့် ခါးမိစ္ဆာမှ မလွတ်မြောက်နိုင်ခဲ့သည်မှာ ကြောက်စရာ ကောင်းလှ၏။

အမဲလိုက်အဖွဲ့ နောက်တစ်ဖွဲ့နှင့် ကျိုးစွန်းတို့အဖွဲ့သည် မီတာ (၃၀၀) ပင် မဝေးသော နေရာတွင်ရှိနေပြီး လျှပ်တပြတ် ခါးမိစ္ဆာသုံးကောင်နှင့် တိုက်ခိုက်နေသည်။

ခါးမိစ္ဆာများက သူတို့ကို တစ်ချက်ကောင်း ဝင်ရောက်တိုက်ခိုက် ပြီးသည်နှင့် နောက်ပြန်ဆုတ်သွားတတ်သည်။ အကယ်၍ သူတို့၏ တိုက်ခိုက်မှု လွဲချော်သွားပါက လျှပ်တပြတ် ခါးမိစ္ဆာများသည်

မွန်းစတားများကြားတွင် ပုန်းကွယ်ပြီး နောက်တစ်ကြိမ် တိုက်ခိုက်ရန် အခွင့်အရေးကို ရှာဖွေနေကြသည်။

အမဲလိုက် အဖွဲ့ဝင် ရှစ်ယောက်သည် လက်တံ ပိုးတောင်မာများကို သတ်ပစ်ရင်း လျှပ်တပြက် ဓါးမိစ္ဆာ သုံးကောင်ကို ခုခံကာကွယ် နေရသဖြင့် ပျာယာခတ် နေကြသည်။

လင်းဟွမ်သည် သူတို့အနား ရောက်သည်နှင့် မွန်စတားအုပ်ထဲတွင် ပုန်းကွယ်နေသော လျှပ်တပြက် ဓါးမိစ္ဆာများထံ ဦးတည်သွားလိုက်သည်။ သူ၏ မျက်လုံး စွမ်းရည်ကြောင့် ပုန်းကွယ်နေသော ဓားမိစ္ဆာများကို

အမှောင်ထဲတွင် ဖယောင်းတိုင်မီးများ ထွန်းထားကဲ့သို့ ရှင်းရှင်းလင်းလင်း မြင်နေရသည်။

လင်းဟွမ်၏ စိတ်ဝိညာဉ် ဓါးမြှောင်သုံးလက်သည် ငွေရောင် အလင်းတန်းသုံးခုအလား ပျံသန်းသွားသည်။

လျှပ်တပြက် ဓါးမိစ္ဆာများက သူတို့ကို မမြင်နိုင်ဘူးဟု တွက်ဆထားသဖြင့် ဓါးမြှောင်များနှင့် တိုက်ခိုက်လာလိမ့်မည်ဟု မထင်ထားခဲ့ချေ။ ထို့ကြောင့် အန္တရာယ်ကို သတိပြုမိသောအခါ အချိန် နှောင်းသွားခဲ့ပြီ။ ငွေရောင် အလင်းတန်းက သူတို့၏ ခေါင်းများကို ထိုးဖောက်သွားသည်။ ထို့နောက် သူတို့၏

အလောင်းများက အပိုင်းပိုင်း ပြိုကွဲကာ ပျောက်ကွယ်သွားသည်။

အမဲလိုက်အဖွဲ့မှ အဖွဲ့ဝင် ရှစ်ယောက်သည် လျှပ်တပြက် ခါးမိစ္ဆာသုံးကောင်ကို ထပ် မမြင်ရတော့ပေ။ ဖြတ်ခနဲ လက်သွားသော ငွေရောင် အလင်းတန်းကို မြင်လိုက်ရပြီးနောက် လျှပ်တပြက် ခါးမိစ္ဆာများ ပျောက်ကွယ်သွားကြောင်း တွေ့လိုက်ရသည်။ လင်းဟွမ်က သူတို့ကို ကူညီပေးခဲ့ကြောင်း သိလိုက်ကြသည်။

"ညီအစ်ကို ကျေးဇူးပဲ"

လူတစ်ယောက်က လင်းဟွမ်ကို လှမ်းအော် ပြောလိုက်ပြီး ကျန်သည့် လူများကလည်း ကျေးဇူးတင်သည့် မျက်လုံးများနှင့် လှမ်းကြည့် နေကြသည်။

လင်းဟွမ်က သူတို့ကို ခေါင်းညိတ်ပြလိုက်ပြီး ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်လိုက်သည်။ ထို့နောက် နောက်ထပ် လျှပ်တပြက် ဓါးမိစ္ဆာ နှစ်ကောင်ကို သတ်ပစ်ခဲ့ပြီး တတိယမြောက် အမဲလိုက်အဖွဲ့ထံ ထွက်သွားသည်။

တစ်မိနစ် မပြည့်ခင် အချိန်လေးအတွင်းမှာပင် လင်းဟွမ်သည် စတုတ္ထနှင့် ပဥ္စမမြောက်

အမဲလိုက်အဖွဲ့များထံ ရောက်သွားခဲ့ပြီး သူတို့ပတ်ဝန်းကျင်ရှိ ဓါးမိစ္ဆာများကို သတ်ဖြတ်ပြီး အမဲလိုက်အဖွဲ့အား ကူညီပေးခဲ့သည်။

အမဲလိုက်အဖွဲ့ (၂၈) ဖွဲ့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အလှမ်းဝေးနေသောကြောင့် ပုန်းအောင်း နေသော ဓါးမိစ္ဆာ အားလုံးကို သတ်ပစ်ရန် နာရီဝက်ခန့် အချိန်ယူခဲ့ရသည်။

အဖွဲ့အများစုသည် လင်းဟွမ်၏ အကူအညီအတွက် ကျေးဇူးတင်နေကြပြီး အကယ်၍ လင်းဟွမ်၏ အကူအညီကိုသာ မရပါက အချိန်အကြာကြီး တောင့်ခံနိုင်တော့မည် မဟုတ်ပေ။

လျှပ်တပြက် ခါးမိစ္ဆာများ မရှိသောအခါ သူတို့၏ သတ်ဖြတ်ခြင်း စွမ်းဆောင်ရည်က နောက်တစ်ကြိမ် ပြန်တိုးတက်လာသည်။

လန်စန်လော့နှင့် ခါးကျေးကျွန်များကလည်း ကောင်းမွန်စွာ လုပ်ဆောင်နေကြသည်။

နောက်ထပ် တစ်နာရီ ကြာသောအခါ အမဲလိုက်အဖွဲ့ (၂၈) ဖွဲ့သည် ထိုအကိုင်းပေါ်တွင် ရှိနေသော မွန်းစတားအားလုံးကို ရှင်းပစ်ခဲ့ကြသည်။

အများအားဖြင့်ဆိုလျှင် နာရီဝက်ခန့် ကြာပြီးနောက် ပုံရိပ်ယောင် လောကထဲမှ ထွက်သွားခြင်း သို့မဟုတ် အရွက်များကြားမှ သီးခြား အလွှာတွင်

ပုန်းအောင်းနေခြင်း စသည့် အရာများကိုသာ လုပ်ဆောင်လေ့ ရှိကြပြီး သစ်ကိုင်းပေါ်ရှိ မွန်းစတားအားလုံးကို သတ်ပစ်နိုင်ခြင်းမှာ ဒါသည် ပထမဦးဆုံး အကြိမ်ပင်။

အကိုင်းကို ရှင်းလင်းပြီးနောက် ပင်မ အကိုင်းပေါ်တွင် မွန်းစတားများစွာ မကျန်ရစ်ခဲ့ပေ။ အမဲလိုက်အဖွဲ့ (၂၈)ဖွဲ့သည် လက်ကျန် မွန်းစတားအုပ်ထဲ ပြေးဝင်သွားကြပြီး တတိယမြောက် မွန်းစတားအုပ်ကြီးကို မိနစ်(၂၀) အတွင်း လက်စ သတ်လိုက်ကြသည်။

ထိုညမှာ (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်တွင် မွန်းစတားများ အသေအပျောက်အများဆုံး ညတစ်ည ဖြစ်ခဲ့သည်။

ကျိုးစွန်းနှင့်အဖွဲ့သည် ယခင်က ဤမျှ များပြားသော အမှတ်များကို မရရှိဖူးသောကြောင့် စိတ်လှုပ်ရှား နေကြသည်။

ထို့နောက် လန်စန်လော့သည် သူ့ ခါးကျေးကျွန်များကို ပြန်သိမ်းပြီး လင်းဟွမ်ထံ လျှောက်လာသည်။

အနီရင့်ရောင် ချပ်ဝတ်တန်ဆာ ဝတ်ထားသော ချောမောလှပသည့် လူသားပုံစံ ဆင့်ခေါ်မွန်းစတားကို ကြည့်ပြီး လူအများက မနာလို အားကျနေကြသည်။

လင်းဟွမ်က လန်စန်လေ့ကို မချီးကျူးပေ။ ထိုအစား ဟင်းသီး ဟင်းရွက်ခြောက်ထုပ် ပစ်ပေးလိုက်သည်။

လန်စန်လေ့က ဟင်းသီး ဟင်းရွက်ခြောက်ထုပ်ကို ပျော်ရွှင်စွာ ဖမ်းယူပြီး ရောက်နေသည့် နေရာမှာပင် ချက်ချင်း အထုတ်ဖောက်ပြီး စတင် စားသောက်တော့သည်။

အမဲသားခြောက်အစား ဈေးပေါသော ဟင်းသီး ဟင်းရွက်ခြောက်သာ ဆုချသည့် သခင်နောက်ကို

လိုက်နေရရှာသော လန်စန်လေ့ကို ကြည့်ပြီး လူအများက သနားနေကြသည်။

"အမ်... အဲဒါက ဟင်းသီး ဟင်းရွက်ခြောက်ထုပ်လား"

စောင့်ကြည့်နေသော ကျိုးစွန်းက မနေနိုင်ဘဲ မေးလိုက်သည်။ ဟင်းသီး ဟင်းရွက်ခြောက်နှင့် ဆင်တူသည့် အခြား အစားအစာ တစ်မျိုးမျိုးဟု ကြားရရန် မျှော်လင့်နေခဲ့သည်။

"ဟုတ်တယ်။"

လင်းဟွမ်သည် ခေါင်းညိတ်ပြလိုက်သည်။ သို့သော်လည်း လူအများက သူ့ကို အမှားလုပ်ခဲ့သော

လူတစ်ယောက်ကဲ့သို့ ဝိုင်းကြည့်ကြကြောင်း သတိထားလိုက်မိသည်။

“ဒါက သူ့အကြိုက်...”

လင်းဟွမ်က ရှင်းပြလိုက်သည်။

"အော် ဟုတ်လား....."

လင်းဟွမ်စကားကို ကြားသောအခါ လူများက အင်တင်တင်နှင့် ခေါင်းညိတ်လိုက်ကြသည်။

လင်းဟွမ်က သူတို့၏ သံသယရှိနေသော မျက်နှာ အမူအရာများကို သတိထားမိသော်လည်း ရှင်းပြရန်

စိတ်မဝင်စားပေ။ ထို့ကြောင့် စကား လမ်းကြောင်း ပြောင်းလိုက်သည်။

"စတုတ္ထမြောက် မွန်းစတားက ဘာကောင်တွေလဲ။"

"မသိဘူး၊ ဘယ်သူမှ မသိဘူး။"

ကျိုးစွန်းက ကူကယ်ရာမဲ့စွာ ခေါင်းခါလိုက်သည်။

"ကြယ်လမ်းစဉ် သစ်ပင် တည်ရှိကတည်းက (၂၁)ခုမြောက် စစ်ဆေးရဂိတ်မှာ စတုတ္ထမြောက် မွန်းစတား အလုံးအရင်းကျူးကျော်မှုကို ဘယ်သူမှ မမြင်ခဲ့ဖူးဘူး။ ဒီအကိုင်းဘဲ မဟုတ်ဘူး။ တခြား အကိုင်းငါးကိုင်းမှာလည်း အတူတူပဲ။ တတိယမြောက် မွန်းစတားအုပ်ကြီးကို အပြတ် မရှင်းနိုင်သရွေ့

စတုတ္ထမြောက် မွန်းစတားအုပ် ထွက်လာမှာ မဟုတ်ဘူး၊ ဒါကြောင့် အရွက်ထဲမှာ ပုန်းနေတဲ့ လူတွေတောင် စတုတ္ထမြောက် မွန်းစတားအုပ်က ဘယ်လိုမျိုးလဲဆိုတာ မသိကြဘူး။ ဒီတစ်ကြိမ်တော့ တစ်ခုခုသိရမှာ သေချာတယ်။"

"ဒါဆို ငါတို့ စောင့်နေမယ်။ ဆယ်မိနစ်အတွင်း ဘာမှမထူးခြားရင် ငါ ပြန်အိပ်တော့မယ်။"

လင်းဟွမ်သည် နာရီ ကြည့်လိုက်ရာ မနက် (၁၂) နာရီခွဲ ရှိနေပြီ။

အိပ်ရေး ဝအောင် အိပ်ပြီး မနက်ဖြန်မနက်တွင် သစ်ပင်ပေါ် ဆက်တက်ရန် စိတ်ကူးထားသည်။

အခြား အမဲလိုက်အဖွဲ့ အားလုံးလည်း အပြင် မထွက်ကြပေ။ သူတို့သည် နောက်ထပ်လာမည့် မွန်းစတားအုပ်ကြီးကို အနိုင်ယူနိုင်မည်ဟု ယုံကြည်သောကြောင့် မဟုတ်ပေ။ စတုတ္ထမြောက် မွန်းစတားအုပ်ကြီးက ဘယ်လို ပုံစံလဲ ဆိုသည်ကို မျက်မြင်ကိုယ်တွေ့ မြင်ချင်ကြသောကြောင့်ပင် ။ အမှန်တကယ် ဆိုလျှင် ယခင်ကလည်း ဒါကို မည်သူမျှ မမြင်ခဲ့ဖူးပေ။ ဤနေရာတွင် ဆက်နေခြင်းက သမိုင်း သက်သေ ဖြစ်လာနိုင်သည်။

(၂) မိနစ် (၃) မိနစ်ခန့် စောင့်ပြီးနောက် မွန်းစတားများ၏ ဟိန်းဟောက်သံများကို ကြားလိုက်

ရသည်။ အဝေးသို့ လှမ်းကြည့်ရာ စတုတ္ထမြောက် မွန်းစတားအုပ်ကြီး၏ ပုံပန်းသဏ္ဍာန်ကို မြင်လိုက်ရသည်။

လင်းဟွမ်သည် သူ၏ မျက်လုံးစွမ်းရည်ကို မြှင့်တင်လိုက်ပြီး မကြာခင် စတုတ္ထမြောက် မွန်းစတားအုပ်ကြီး ဟုခေါ်သောအရာကို မြင်လိုက်ရသည်။ အံ့သြစရာကောင်းသည်မှာ ရောက်လာမည့် မွန်းစတားများသည် လက်တံ ပိုးတောင်မာနှင့် လျှပ်တပြက် ခါးမိစ္ဆာများ ဖြစ်နေဆဲပင်။ သို့သော်လည်း ယခုတစ်ကြိမ်တွင် လျှပ်တပြက် ခါးမိစ္ဆာများစွာ ပါလာသည်။ တတိယမြောက် မွန်းစတားအုပ်အတွင်းတွင်

တစ်ကောင်စ၊ နှစ်ကောင်စသာ ပါဝင်ခဲ့သော်လည်း ယခုတစ်ခေါက် မွန်းစတားအုပ်ကြီးထဲတွင် ထက်ဝက်ခန့် ပါလာခဲ့သည်။

လျှပ်တပြတ် ခါးမိစ္ဆာများသည် မွန်းစတားများကြားတွင် ပုန်းအောင်း မနေတော့ချေ။ ထိုအစား တပ်ဖွဲ့ပုံစံ ဖွဲ့စည်းထားသည်။ သူတို့၏ အနက်ရောင် မျက်လုံးများက ရဲရဲတောက်နေပြီး သူတို့၏ခါး လက် လေးချောင်းမှာ သွေးများ စီးကျနေသလို ဖြစ်နေသည်။

"လျှပ်တပြတ် ခါးမိစ္ဆာတွေ ဒေါသထွက်နေပြီ..."

လင်းဟွမ်က လေးလေးနက်နက် ပြောလိုက်သည်။ နဂိုကတည်းက လျှပ်တပြတ် ခေးမိစ္ဆာများသည် လျင်မြန်နေခဲ့ပြီ ၊ ယခုမူ ဒေါသူပုန်ထနေသောကြောင့် ၎င်းတို့၏အရှိန်မှာ ပို၍ မြန်ဆန်လာလိမ့်မည်။ အဖွဲ့များထဲမှ လူအများစုသည် အကြာကြီး ထိန်းထားနိုင်လိမ့်မည် မဟုတ်ချေ။

"ပြန်ဆုတ် ကြရအောင်။ ဒီတစ်ကြိမ်မှာ နိုင်စရာ အကြောင်း မရှိဘူး”

လင်းဟွမ်က ကျိုးစွန်းကို ပြောလိုက်သည်။

ကျိုးစွန်းနှင့် ကျန်သည့်လူများသည် ခပ်လှမ်းလှမ်းမှနေ၍ လျှပ်တပြတ် ခေးမိစ္ဆာများ ဒေါသထွက်နေကြောင်း

သတိထားမိကြသည်။ ထို့ကြောင့် အခြားအဖွဲ့များနှင့်အတူ နောက်ဆုတ်ရန် ကြိုးစားလိုက်သည်။

"နောက်ဆုတ်"

ကျိုးစွန်းက ခေါင်းညိတ်ပြီး ဆုံးဖြတ်ချက်ချလိုက်သည်။

ထို့နောက် ပုံရိပ်ယောင် လောကထဲမှ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြသည်။

"ငါလည်း ထွက်သွားတော့မယ်။ မနက်ဖြန် မနက်မှပြန်တွေ့မယ်"

ကျိုးစွန်းက လင်းဟွမ်ကို နှုတ်ဆက်ပြီးသည်နှင့် ထွက်ခွာသွားသည်။

အခြား အမဲလိုက်အဖွဲ့များကလည်း အဖွဲ့များစွာ ဆုတ်ခွာသွားသည်ကို သတိထားမိကြပြီး သူတို့ ဆက်နေလျှပင် အမိပ္ပါယ်များစွာ မရှိသောကြောင့် အပြင် ထွက်သွားကြသည်။

မကြာခင် သစ်ကိုင်းပေါ်တွင် လင်းဟွမ် တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည်။

လင်းဟွမ်က ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်ပြီးနောက် စပ်ဖြဲဖြဲ ပြုံးလိုက်သည်။

"ဒီတစ်ခါတော့ အမှတ်တွေ အကုန် ငါ ရပြီ"

သူ၏ ဆင့်ခေါ်မွန်းစတားများသည် သူ့ရှေ့တွင် တစ်ကောင်ပြီးတစ်ကောင် ပေါ်လာကြသည်။

ပိုင်၊ ချောကလက်လေး၊ သွေးရဲရဲလေး၊ အာဏာရှင်၊ ကိုင်လီ၊ လူရှင်တော်...

"ဒီနေ့ ငါတို့ရဲ့တာဝန်က ပိုးကောင်တွေအားလုံးကို သတ်ပစ်ဖို့ပဲ"

## အခန်း(၆၅၇) - လင်းရှို လှည့်စား နေတာလား။

လင်းဟွမ်သည် လာနေသည့် မွန်းစတားအုပ်ကြီးကို လှမ်းကြည့်ပြီး ပိုင်၊ ချောကလက်လေးနှင့် ကျန်သည့် မွန်းစတားများကို ဆင့်ခေါ်ကာ သူ၏ အဆုံးစွန်သော လှုပ်ရှားမှုကို အသုံးပြုခဲ့သည်။ စုစုပေါင်း ဆယ်ကောင်တိတိ ဆင့်ခေါ်ခဲ့ခြင်းပင်။ ဒါသည် သူ့သမိုင်းတွင် ပထမဦးဆုံး အကြိမ်အဖြစ် ဆင့်ခေါ်နိုင်သည့် အကောင် အရေအတွက် အများဆုံးကို ဆင့်ခေါ်လိုက်ခြင်းသာ.....

ယခုအခါ အာဏာရှင်သည် သူ၏ မူလပုံစံအတိုင်း ရောမ အကောင်းကြီး ဖြစ်နေပြီး အလွန်ကြီးမားသော တင့်ကားကြီး တစ်စင်းကဲ့သို့ မွန်းစတားများထံ ပြေးဝင်သွားသည်။ သူသည် အင်မော်တယ်အဆင့် (၂) သာ ရှိသေးသော်လည်း သူ ဖြတ်တိုက်သွားသော အင်မော်တယ် အဆင့် (၃) ၊ အဆင့် (၄) ပိုးကောင်များသည် ခုခံနိုင်ခြင်း မရှိခဲ့ကြပေ။ သူလုပ်သည်မှာ လက်ကိုဝှေ့ယမ်း၍ ပိုးကောင်များကို သတ်ပစ်နေခြင်းပင်။

အာဏာရှင်နှင့် ခပ်လှမ်းလှမ်းတွင် ရှိနေသောပိုင်က သူ့နောက်ကျောရှိ သွေးတောင်ပံ (၁၂) ခုလုံးကို

ခေါ်သွားများအဖြစ် ပြောင်းလဲသလို တခါတရံ ချွန်ထက်သော ဆူးများအဖြစ် ပြောင်းလဲ၍ တိုက်ခိုက်နေသည်။

ပိုင် ဖြတ်သွားရာ တစ်လျှောက်တွင် မွန်စတားများက ခါးမှ ပြတ်ကျခြင်း သို့မဟုတ် ဦးခေါင်းများ ပြတ်ကျခြင်းများ ဖြစ်ပေါ်နေသည်။ မည်သည့် မွန်းစတားမှ မလွတ်မြောက် နိုင်ခဲ့ကြပေ။

အခြားတစ်ဖက်တွင်မူ ရာနှင့်ချီသော ခရမ်းရောင် တိမ်တိုက်ကလေးများ ဖြစ်ပေါ်နေပြီး ထိုခရမ်းရောင် တိမ်တိုက်ကလေးများက မွန်းစတားများကို ဝန်းရံ နေကြသည်။ သွေးရဲရဲလေး၏ အမျှင်များက

မွန်းစတားများ ခန္ဓာကိုယ်ထဲကို ထိုးဖောက်နေပြီး တစ်ချိန်တည်းမှာပင် ကပ်ပါးကောင်များကို ထည့်သွင်းနေသည်။ အကယ်၍ သွေးရဲရဲလေးကို အင်မော်တယ်အဆင့် (၂) သို့မဟုတ် သူ့ထက် အဆင့်နိမ့်သော မွန်းစတားများ အပေါ်တွင်သာ ကပ်ပါးကောင်များကို ကူစက်နိုင်ရန် ကန့်သတ်ထားခြင်း မရှိပါက ဤနေရာတွင် ရှိနေသော မွန်းစတားအရေအတွက်က သွေးရဲရဲလေးအား စိတ်ကျေနပ်စေနိုင်မည် မဟုတ်ချေ။

ထိုအချိန်တွင် ချောကလက်လေးက ၎င်း၏ မီတာထောင်ပေါင်းများစွာ ရှည်သော ကိုယ်ထည်ကြီးကို

ပြန်လည် အသွင်ပြောင်းလိုက်သည်။ ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် ပျံသန်းခြင်းကို တားမြစ်ထားသောကြောင့် ၎င်းစွမ်းရည်၏ အစိတ်အပိုင်းတစ်ခုမှာ ကန့်သတ်ခြင်း ခံထားရသော်လည်း ၎င်း၏ နဂါးမီးလျှံမှာ ယခင်ကထက် ပိုမို အားကောင်းနေခဲ့သည်။

အနက်ရောင် နဂါးမီးလျှံက မွန်းစတားများကို ပြာဖြစ်အောင် လောင်ကျွမ်း စေသည်။ ချောကလက်လေး၏ စွမ်းဆောင်ရည်မှာ တင့်ကားလိုမျိုး သတ်ဖြတ်နေသော အာဏာရှင်ကဲ့သို့ ပြင်းထန်လှ၏။

အနက်ရောင် ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသော ကိုင်လီသည် သူ့မနောက်ကျောမှ အနက်ရောင်

အတောင်ပံများကို တဖျတ်ဖျတ် ခတ်ရင်း အနက်ရောင် လျှပ်စီးကြောင်း တစ်ခုကဲ့သို့ ပျံသန်းနေသည်။ သူမတွင် ငွေရောင် ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသော တပ်သားပေါင်း (၃၀၀) ရှိပြီး သူမနှင့် တိုက်ခိုက်ရေး အဆင့် တူညီကြသည်။

သူတို့ ပြေးလွှားနေသော နေရာတစ်လျှောက်တွင် ငွေရောင်မိုးကြိုးများ တလက်လက် တောက်ပနေသည်။ ကိုင်လီနှင့် သူမ၏စစ်တပ်မှာ ကန့်သတ်ခြင်း ခံထားရပြီး သူတို့က ပျံသန်းနေပုံရသော်လည်း အမှန်တကယ် လက်တွေ့တွင်မူ လျှပ်စီးကဲ့သို့ အမြန်နှုန်းဖြင့် လှုပ်ရှားနေခြင်းသာ။ မွန်းစတား အုပ်များကြား

ဖြတ်သွားရာ တစ်လျှောက်တွင် မြင်မြင်သမျှ မွန်းစတားများကို သတ်ပစ်ခဲ့ကြပြီး အပေါက်များ ဖြစ်ကုန်၏။

အနီရောင် ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသော လန်စန်လေ့သည် သူ၏ခါးကျေးကျွန် ကိုးဦးကို ဦးဆောင်၍ မွန်းစတားအုပ်ထဲ ပြေးဝင်သွားသည်။ သတ်ဖြတ်နိုင်စွမ်းကို မြှင့်တင်ရန် သူ၏ ကံကြမ္မာစွမ်းအားများကို ရာနှင့်ချီသော ခါးရှည်များ ဖန်တီးကာ ခါးလွှမ်းမိုးခြင်း ခါးအသချော်ကို အသုံးပြုနေသည်။ ကံကြမ္မာစွမ်းအားနှင့် ဖွဲ့စည်းထားသော

ခါးရှည်များက မွန်းစတားများ၏ ခန္ဓာကိုယ်ထဲသို့ အဆက်မပြတ် ထိုးဖောက် ဝင်ရောက်နေ၏။

လူ့ရှင်တော်ကမူ မွန်းစတားများကြားတွင် သီချင်းဆိုပြီး ပျော်ရွှင်စွာ ခုန်ပေါက်ရင်း ကပြနေကာ အလွတ်လပ်ဆုံး ဖြစ်နေသည်။ အနီးအနားရှိ မွန်းစတားများ အားလုံးသည် ရှူးသွပ်လာကြပြီး အချင်းချင်း စတင် သတ်ဖြတ်ကြတော့သည်။ မည်သည့် မွန်းစတားမှ လှည့်စားခြင်း မှော်စွမ်းအင်လက်အောက်မှ လွတ်မြောက်နိုင်ခြင်း မရှိကြပေ။

တစ်ခါတစ်လေ၌ လူ့ရှင်တော်က သူ့လက်ထဲတွင် အရုပ်များ ဖန်တီးပြီး ကလေးတစ်ယောက်ကဲ့သို့

ထိန်းချုပ်ကာ ကစားနေသေးသည်။ မွန်းစတားများသည် သူ၏ ကစားစရာကဲ့သို့ ဖြစ်နေပြီး တိုက်ပွဲကွင်းပြင်မှာ သူ၏ ကစားကွင်းအဖြစ် ပြောင်းလဲသွားသည်။

မျှော်လင့်ချက် အရှင်သခင်နှင့် မိစ္ဆာနှစ်ယောက် ကလည်း တိုက်ပွဲထဲတွင် ပါဝင်ကြပြီး ကောင်းမွန်စွာ အစွမ်းပြနေကြသည်။ တမန်တော်မိစ္ဆာ၏ ကာကွယ်ရေး စွမ်းရည်မှာ အာဏာရှင်ထက် အနည်းငယ် အားနည်း၏။

မျှော်လင့်ချက် အရှင်သခင်သည် မွန်းစတားများ၏ ကံကြမ္မာစွမ်းအားများကို ဖိနှိပ်ခြင်း ချိန်းကြိုးနှင့် ဖိနှိပ်ပြီး ပြာဖြစ်အောင် လောင်ကျွမ်း ပြာချနေချိန်တွင် ယုတ်ညံ့မှင်စာက ဥက္ကာခဲ တစ်လုံးပြီး တစ်လုံး

ဆင့်ခေါ်ကာ မွန်းစတားများ ကြားထဲသို့ ပစ်ပေါက်နေသည်။

ဆင့်ခေါ် မွန်းစတားဆယ်ကောင် ပေါ်လာသည်နှင့် တပြိုင်နက် လင်းဟွမ်သည် တိုက်ပွဲထဲတွင် အောင်ပွဲခံနေသည်။

ကျူးကျော်လာသော မွန်းစတား အားလုံးသည် ယခင်ကထက် ဒေါသ ပိုကြီးပြီး ပို အစွမ်းထက်သော်လည်း လင်းဟွမ်၏ သွေးမျိုးဆက် မြင့်မားသော သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားများ၏ တိုက်ခိုက်မှုအောက်တွင် မရှုနိုင်မကယ်နိုင် ဖြစ်နေကြသည်။

တိုက်ပွဲသည် သုံးနာရီကျော် ကြာမြင့်ခဲ့ပြီး မနက် (၄) နာရီ ထိုးခါနီး အချိန်၌ သစ်ကိုင်းပေါ်ရှိ မွန်းစတားအားလုံး သေဆုံးပြီး ပျောက်ကွယ် သွားသည်။

လင်းဟွမ် စတုတ္ထမြောက် မွန်းစတားအုပ်ကြီးကို သုတ်သင် ရှင်းလင်းပြီးနောက် ဆင့်ခေါ်ထားသော မွန်းစတား (၁၀) ကောင်လုံးကို ပြန်သိမ်း လိုက်သည်။ ထို့နောက် ပဥ္စမမြောက် မွန်းစတားအုပ်ကြီး ရှိခြင်း၊ မရှိခြင်း ဂရုမစိုက်တော့သလို တိုက်ခိုက်ရန်လည်း စိတ်မပါတော့ချေ။ ကောင်းကင်ကြီးလည်း တောက်ပလာပြီ ဖြစ်သဖြင့် သူသာ တိုက်ခိုက်ပါက ဝင်လာသည့် လူများ မြင်သွားနိုင်သည်။

ထို့နောက် စုဆောင်းထားသော အမှတ်များကို ကြည့်လိုက်သည်။ ဤသတ်ဖြတ်မှုကြီးက သူ့ကို အမှတ်ပေါင်း ရှစ်သန်းကျော် ရရှိ စေခဲ့သည်။ လင်းဟွမ်းအား အံ့အောမှင်တက်၍ ဆွံ့အသွား စေသည့်အရာမှာ ယခုအခါ၌ သူသည် ဦးဆောင်သူ စာရင်းတွင် နံပါတ် (၂) နေရာ ရောက်ရှိနေခြင်းပင်။

"နံပါတ် (၂) - လင်းရှီ"

"အဖွဲ့အစည်း - ဖယ်ရှားခြင်း မဟာမိတ်"

"အမှတ် - (၈,၂၁၁,၅၈၆) မှတ်"

"လက်ရှိ စစ်ဆေးရေး ဂိတ် - (၂၁)"

"သောက်ကျိုးနည်း၊ အခု ငါက ပုံရိပ်မြင့်တဲ့ လူတစ်ယောက် ဖြစ်လာပြန်ပြီ…"

လင်းဟွမ်သည် ဤကဲ့သို့ အသိအမှတ် ပြုခံရလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။ အနီးအနားတွင် မည်သူမျှ မရှိသောကြောင့် အရင်းအမြစ်များကို ထုတ်ယူနိုင်ရန် အမှတ်များ စုဆောင်းချင်ခဲ့သော်လည်း ဦးဆောင်သူ စာရင်းတွင် နံပါတ် (၂) နေရာ ရောက်သွားလိမ့်မည်ဟု မထင်ထားခဲ့ချေ။ နံပါတ် (၁) နေရာထက် အမှတ် (၃၀၀,၀၀၀) ကျော်နည်းပြီး နံပါတ်(၃) နေရာထက် အမှတ်တစ်သန်းကျော် သာလွန် နေသည်။

ရလဒ်ကြောင့် အံ့အား သင့်ခဲ့ရသော်လည်း ထိုအပေါ်တွင် သာယာနေခြင်း မရှိပေ။ လင်းဟွမ်သည် မနက်ဖြန်တွင် အပေါ် ဆက်တက်နိုင်အောင် အနားယူရန် ပုံရိပ်ယောင် လောကမှ ထွက်လာခဲ့သည်။ အပြင်ရောက်သောအခါ ရေချိုးပြီးနောက် မနက် (၄) နာရီခွဲတွင် အိပ်ပျော်သွားခဲ့သည်။

(၂) နာရီကျော် ကြာသွားခဲ့ပြီး အင်ပါယာ နှလုံးသားလက်စွပ် တုန်ခါမှုကြောင့် မနက် (၇) နာရီ မထိုးခင် ပြန်နိုးလာခဲ့သည်။ အိပ်ချင်မူးတူး မျက်လုံးများနှင့် ကြည့်လိုက်ရာ ယောင်လန်းထံမှ

ဖြစ်နေသည်။ အရေးပေါ် အခြေအနေ ဖြစ်နိုင်သည်ဟု တွေးကာ ဖုန်းခေါ်ဆိုမှုကို လက်ခံလိုက်သည်။

"ဟေး... လင်းရှီ၊ မနေ့က မင်း ခိုးခဲ့တာလား။"

ယောင်လန်းက တိုက်ရိုက် မေးလိုက်သည်။

"ဘာကို ခိုးရမှာလဲ"

လင်းဟွမ် အူကြောင်ကြောင် ဖြစ်သွားပြီး ပြန်မေးလိုက်သည်။ သူမ၏စွပ်စွဲချက်က ရယ်စရာကောင်းသည်ဟု တွေးလိုက်မိသည်။

"မင်းရဲ့အမှတ်တွေ... ၊ မင်းသာ မလှည့်စားရင် အမှတ်ရှစ်သန်းကျော် ဘယ်လိုလုပ် ရမှာလဲ။"

ယောင်လန်းသည် သူမ မေးခွန်း မေးခြင်းက မမှားသလို ပြောလိုက်သည်။

" အမှတ် ဘောလုံးရသွားတာပဲ ဖြစ်မယ်။ အခု မင်းက နံပါတ် (၂) ရောက်နေပြီ။ မနက်တည်းက ပါရမီရှင်သမဂ္ဂတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်နေတာ။ လော့ဂ်အင်ဝင်တဲ့လူတွေ အားလုံး အထူးသဖြင့် အဖွဲ့ခွဲ (၁) နဲ့ အဖွဲ့ခွဲ (၂) က လူတွေအားလုံး မင်းအကြောင်း ပြောနေကြတာ ငါ ကြားတယ်။ လူတော်တော်များများကလည်း မင်းကို တိုင်နေကြတယ်။ ဒီနေ့မှာပဲ ပါရမီရှင်သမဂ္ဂက မင်းကို ဖြုတ်ချတော့မယ်လို့ ငါ ထင်တယ်။"

"ကျွတ်....ကျွတ်... မင်းကို ကြည့်စမ်း။ လှည့်စားမယ်ဆိုလည်း ဘာဖြစ်လို့ ပုံရိပ်မနိမ့်ချရတာလဲ။ မင်းသာ အမှတ်တစ်သိန်း ၊နှစ်သိန်းလောက် ခိုးရင် ဘယ်သူမှ သတိထားမိမှာ မဟုတ်ဘူး။ ဒါပေမဲ့ မင်းကတော့ ဦးဆောင်သူစာရင်းမှာ နံပါတ် (၂)နေရာ ကိုတောင် ခပ်တည်တည် ယူလိုက်သေးတယ်။ အဲ့ဒါက အခုတော့ မင်းအတွက် ကံကြမ္မာဆိုး ဖန်လာပြီ"

ထို့နောက် ယောင်လန်းက လေသံကို လျှော့ချလိုက်ပြီး....

"ဘာပဲဖြစ်ဖြစ် မင်း အဖွဲ့အစည်းကနေ မကြာခင် အထုတ်ခံရတော့မှာပဲ။ ငါ့ကို ဦးဆောင်သူစာရင်းမှာ

နေရာကောင်းကောင်း လေးရအောင် အမှတ်ခိုးတဲ့ နည်းလေး ပြောပြလို့ ရမလား။"

"ငါက ခိုးတယ်လို့ ဘယ်သူပြောလဲ"

လင်းဟွမ်က မျက်ခုံးပင့်လိုက်သည်။

"ဘယ်သူမှ မပြောဘူး၊ ဒါကို ပါရမီရှင်သမဂ္ဂမှာရှိတဲ့ လူတိုင်း သိတယ်။ တစ်ညတည်းနဲ့ အမှတ် ရှစ်သန်း ရတယ်လို့ပြောရင် အရူးတောင် မယုံဘူး"

ယောင်လန်းက မျက်လုံးပြူးပြီး ပြန်ပြောသည်။

"မနေ့ညက မွန်းစတားတွေကို သတ်ခဲ့တယ်။ ဒါကြောင့် အဲဒီအမှတ်တွေ ငါရခဲ့တာ"

လင်းဟွမ်က အမှန်အတိုင်း ပြောလိုက်သည်။

"မင်း အရမ်း များသွားပြီ။ အမှတ် ရှစ်သန်း ရဖို့အတွက်ဆို (၂၁) ခုမြောက် စစ်ဆင်းရေးဂိတ်မှာ အမှတ်(၈၀) တန်တဲ့ အင်မော်တယ် အဆင့် (၄) မွန်းစတားတစ်သိန်း သတ်ပစ်ရမယ်။ အမှတ် (၁၆၀) သာ တန်ဖိုးရှိတဲ့ အကောင်တွေဆိုရင် အကောင် (၅၀,၀၀၀) ကျော် သတ်ပစ်ရမယ်။ မင်းက အပြာရောင်မီးလျှံအဆင့်ပဲ ရှိသေးတယ်။ မင်းက အင်မော်တယ် အဆင့် (၄) မွန်းစတား တစ်ကောင်၊ နှစ်ကောင်လောက် သတ်ခဲ့တယ်လို့ ပြောရင် ငါ ယုံလိုက်အုံးမယ်။

ထောင်ပေါင်းများစွာ သတ်ခဲ့တယ်လို့ ပြောရင်တော့ ငါ မယုံဘူး။ ဟဟပဲ ရမယ်"

"ယုံတာ၊ မယုံတာ မင်း ပြဿနာပဲ။ ငါ ပြောခဲ့တာ အမှန်တရားပဲ"

လင်းဟွမ်က ဆက်ရှင်းပြရန် စိတ်မပါတော့ချေ။

"ကောင်းပြီ ငါ ပြန်အိပ်တော့မယ်။ နေ့လည်စာ စားပြီးရင် သစ်ပင်ပေါ် တက်ရအုံးမှာ"

လင်းဟွမ်သည် ဖုန်းချပြီးနောက် စောင်ခြုံကာ ပြန် အိပ်ပျော်သွားခဲ့သည်။

## အခန်း(၆၅၈) - (၂၁) ခုမြောက်
## စစ်ဆေးရေးဂိတ်မှ ထွက်ခွာခြင်း။

ပါရမီရှင်သမဂ္ဂ ဦးဆောင်သူ စာရင်းတွင် မရင်းနှီးသော နာမည်စိမ်းတစ်ခု ပေါ်လာသဖြင့် မနက်ပိုင်းမှ စ၍ ပါရမီရှင် သမ္မဂ္ဂတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်နေသည်။

ဦးဆောင်သူစာရင်းပေါ်ရှိ အဆင့်သတ်မှတ်ချက်များ ပြောင်းလဲခြင်းမှာ ပုံမှန်ဖြစ်ပြီး တစ်ခါတစ်လေ မြင်းနက်တစ်ကောင် ပေါ်လာခြင်းက အံ့သြစရာ မဟုတ်ပေ။ သို့သော်လည်း လူတိုင်း တစ်ခါမှ

မကြားဖူးသည့် (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်တွင် ပိတ်မိနေသောလူက ဦးဆောင်သူစာရင်း နံပါတ် (၂) နေရာကို ရောက်နေသည်။

စစ်ဆေးရေးဂိတ် (၂၁) မဆိုထားနှင့် စစ်ဆေးရေးဂိတ် အမှတ် (၅၀) မှ (၆၀) အတွင်း ပိတ်မိနေသော လူတိုင်းသည် အားနည်းသူများ ဖြစ်ကြသည်။ ထိုကဲ့သို့ လူတစ်ယောက်က နေ့ချင်းညချင်း အမှတ် (ရှစ်သန်း) ကျော်ရရှိပြီး ဦးဆောင်သူ စာရင်းတွင် နံပါတ် (၂) နေရာ ရောက်နေခြင်းမှာ ရယ်စရာ ကောင်းလှ၏။

"စောက်ရှက် မရှိဘူး။ ဘာလို့ နံပါတ် (၁) နေရာ မယူလိုက်တာလဲ"

"တစ်ညတည်း အမှတ် ရှစ်သန်းလား။ သစ်ပင်ပေါ်မှာသာ တစ်နှစ်လောက် နေလိုက်ရင် သူ့ကို နတ်ဘုရားတောင် ယှဉ်နိုင်တော့မှာ မဟုတ်ဘူး။"

"ဒီကောင် အရမ်းလွန်သွားပြီ။ ငါက စစ်ဆေးရေး ဂိတ်အ (၅၉) မှာ တစ်ညလုံးနေပြီး မွန်းစတားတွေကို သတ်ရင်တောင် အမှတ် ရှစ်သောင်း မရဘူး။ ဒီခွေးသားက ဘယ်လိုလုပ်ပြီး အမှတ် ရှစ်သန်း ရသွားတာလဲ"

"ငါတော့ ဘာမှ မပြောတော့ဘူး။ ဒီကောင့်ကို တိုင်လိုက်ပြီ"

"အဲဒါဆို နောက်တစ်စောင် ထပ်ပေါင်းလိုက်။ ဒီခွေးသား ဆိုင်းငံ့ဖို့ စောင့်နေတော့...."

...

ထိုနေ့ တစ်နေ့လုံး ပါရမီရှင်သမဂ္ဂရှိ လူတိုင်း၏ ပါးစပ်ဖျားတွင် ရေပန်းစားနေသည့် တစ်ခုတည်းသော အကြောင်းအရာမှာ လင်းဟွမ် အကြောင်းပင် ။ လင်းဟွမ်က အမှတ်များ စုဆောင်းရန် လှည့်စားခဲ့သည့်အကြောင်းကို လူတိုင်း ပြောဆို နေကြသည်။ ပုံရိပ်ယောင် လောကထဲတွင်လည်း အလားတူ ဖြစ်ပျက်နေသည်။ လင်းဟွမ်ကို

ဆိုင်းငံ့ထားရန် ပါရမီရှင်သမဂ္ဂမှ လူပေါင်း သောင်းနှင့်ချီပြီး တိုင်ကြားခဲ့ကြသည်။

အဖွဲ့ခွဲ (၁) နှင့် အဖွဲ့ခွဲ (၂) မှ ပါရမီရှင်အချို့သည် အဖွဲ့ခွဲ(၃) နှင့် ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့အစည်း တစ်ခုလုံးကို အရှက်ခွဲသည့် လင်းဟွမ်ကဲ့သို့ လူမျိုးသည် လင်းဟွမ်အပြင် နောက်ထပ်လူလိမ်များ ရှိလိမ့်မည်ဟု ပြောဆိုနေကြသည်။

အဓိကဇုန် အပြင်ဘက်ရှိ ဘေးကင်းဇုန်များက လူများသည် ထိုပြပွဲကို ပျော်ရွှင်စွာ စောင့်ကြည့်နေကြပြီး အဖွဲ့ခွဲ (၂) နှင့် (၃) ကြားတွင် ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။

လင်းဟွမ် ပြန် နိုးလာသောအခါ မွန်းတည့်ချိန် ကျော်သွားခဲ့ပြီ။

ယောင်လန်းနှင့် ဖုန်းပြောပြီးနောက် ဖုန်းခေါ်ဆိုမှုကို အသံတိတ်ပုံစံ ပြောင်းလဲထားခဲ့သည်။ ဆက်သွယ်ရေး မျက်နှာပြင်ကို စစ်ဆေးကြည့်သောအခါ လွတ်သွားသော ဖုန်းခေါ်ဆိုမှု ငါးကြိမ်ရှိကြောင်း တွေ့လိုက်ရသည်။ သုံးကြိမ်မှာ ယောင်လန်းထံမှ ဖြစ်ပြီး တစ်ကြိမ်မှာ ဟန်ဖူဖိန်ဖြစ်ပြီး ကျန်တစ်ကြိမ်မှာ အမည်မသိ နံပါတ်တစ်ခုပင် ။

လင်းဟွမ်သည် ယောင်လန်းနှင့် ဟန်ဖူဖိန်တို့ကို သိနေပြီး အမည်မသိ ဖုန်းနံပါတ်မှာ ပါရမီရှင်သမဂ္ဂမှ

ဖြစ်လိမ့်မည်ကို သိသော်လည်း ဖုန်းခေါ်ဆိုမှု အားလုံးကို လျစ်လျူရှုခဲ့သည်။

ရေချိုးပြီးနောက် အေးအေးဆေးဆေး နေ့လယ်စာ စားလိုက်သည်။ ထို့နောက် သူ့အခန်းသို့ ပြန်ဝင်ကာ ပုံရိပ်ယောင်လောကထဲ ဝင်ရောက်ခဲ့သည်။

လင်းဟွမ်သည် ကြယ်လမ်းစဉ် သစ်ပင်ပေါ်ရှိ (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်တွင် ပေါ်လာသောအခါ လူအများက သူ့ကို လှောင်ပြောင်နေကြောင်း သတိထားလိုက်မိသည်။ ဦးဆောင်သူ စာရင်းပေါ်က သူ၏အဆင့် သတ်မှတ်ချက်နှင့် သက်ဆိုင်လိမ့်မည်ဟု တွေးလိုက်သည်။ မည်သို့ပင် ဆိုစေကာမူ သူက နံပါတ်

(၂) နေရာတွင် ရှိနေသဖြင့် လူများက သူ့ကို စိုက်ကြည့်နေကြသည်မှာ သဘာဝပင်။

မနေ့ညက မွန်းစတား အလုံးအရင်း ကျူးကျော်မှုထဲတွင် လင်းဟွမ်က လူတော်တော်များများကို ကူညီခဲ့ပြီး ပထမမှ တတိယမြောက် အုပ်စုအထိ မွန်းစတားများကို သတ်ပစ်နိုင်ရန် အမဲလိုက်အဖွဲ့များအား ကူညီပေးခဲ့သည်ကို မြင်တွေ့ခဲ့ရသော်လည်း အများစုမှာ လင်းဟွမ်က ညတွင်းချင်း အမှတ်ရှစ်သန်းကျော် ရရှိရန် လုည့်စားခဲ့သည်ဟု ထင်နေကြဆဲပင် ။

လင်းဟွမ်က လူအများ၏အတွေးကို ဂရုမစိုက်ပေ။ အမှန်တရားက အမှန်တရားပင်။ ကောလဟာလများက တောမီးကဲ့သို့ မည်မျှပင် ပျံ့နှံ့စေကာမူ အချိန်တန်ပါက အမှန်တရား ပေါ်ထွက်လာလိမ့်မည်။

သူ ဝင်လာပြီးနောက် (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်တွင် ဆက်နေရန် အစီအစဉ် မရှိပေ။ ကျိုးစွန်းတို့ အဖွဲ့ရှိရာကို လျှောက်သွားပြီး သူတို့ကို နှုတ်ဆက်ရန် စီစဉ်လိုက်သည်။ စုဝေးရာနေရာသို့ ရောက်သောအခါ အမဲလိုက်အဖွဲ့ထဲမှ အဖွဲ့ဝင် ခြောက်ယောက်လုံးကို မြင်လိုက်ရသည်။

သူတို့သည် လင်းဟွမ်ကို မြင်သောအခါ လင်းဟွမ်ထံ လျှောက်လာကြပြီး

"သူများတွေ ဘာတွေပဲ ပြောနေပါစေ။ ငါ ကျိုးစွန်းက မင်း ဘယ်တော့မှ လှည့်စားမှာ မဟုတ်ဘူးလို့ ယုံကြည်တယ်"

ကျိုးစွန်းက တိုက်ရိုက် ကြေငြာလိုက်သည်။

"မင်း ဘယ်လိုလုပ်ခဲ့တာလဲ ငါမသိပေမယ့် မင်း မလိမ်ဘူးဆိုတာတော့ ငါ သိတယ်"

ကျန်းရှင်းက သူမ၏ လှပသောမျက်လုံးများနှင့် လင်းဟွမ်ကို အလေးအနက်ထား စိုက်ကြည့်ကာ ပြောလိုက်သည်။

"မင်းကို သံသယဝင်နေတဲ့လူတွေ တစ်နေ့ကျရင် သူတို့မှားတယ်ဆိုတာ သိလာလိမ့်မယ်။"

လင်းဟွမ်က လိမ်လည်လှည့်ဖြားခြင်း မဟုတ်ကြောင်း အသင်းဖော် အားလုံးက ယုံကြည်ကြ၏။

လင်းဟွမ်သည် ကျိုးစွန်းနှင့် အခြားလူအားလုံးက သူနှင့် မရင်းနှီးသောကြောင့် ဤကဲ့သို့ တုံ့ပြန်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ သူတို့ထဲမှ နာမည်အချို့ကိုပင် မသိချေ။ ကျိုးစွန်း ခေါ်သည့် နာမည်ပြောင်များကိုသာ သိသည်။ သို့သော် သူနှင့် တစ်ညတာ အတူတူ ဖြစ်သန်းခဲ့ကြသော ဤလူများသည်

ကောလဟာလများ ထွက်နေချိန်၌ သူ့ကို ယုံကြည်ရန် ရွေးချယ်ခဲ့ကြသည်။

"ကျေးဇူးတင်ပါတယ်။"

လင်းဟွမ် နှလုံးသားတစ်ခုလုံး နွေးထွေးသွားသည်။ သူတို့ကို ကျေးဇူးတင်ကြောင်း ပြောပြီးသည်နှင့် အခြား မည်သည့်စကားမျှ ထပ် မပြောတော့ချေ။

"ငါ စစ်ဆေးရေးဂိတ် (၂၁) က ထွက်သွားတော့မယ်"

"ကိုယ့်ကိုယ်ကို လူသိအောင် လုပ်။ ဦးဆောင်သူ စာရင်းမှာ နံပါတ် (၂) နေရာနဲ့ ထိုက်တန်ကြောင်း သက်သေပြလိုက်”

ကျိုးစွန်းက လင်းဟွမ်ပခုံးကို ပုတ်ရင်း ပြောလိုက်သည်။

"ငါ လိုချင်တာ နံပါတ် (၂) မဟုတ်ဘူး"

လင်းဟွမ်က မျက်ခုံးပင့်ပြီး ပြောလိုက်သည်။

ကျိုးစွန်းသည် လင်းဟွမ် စကားကိုကြားလိုက်လျှင် ကြောင်သွားပြီးနောက် လက်မ ထောင်ပြလိုက်သည်။

"မင်းက အကောင်းဆုံးပဲ။ မင်း လုပ်နိုင်မယ်လို့ ငါ ယုံကြည်တယ်"

ကျန်းရှင်းကမူ လင်းဟွမ်၏ အမာခံ ပရိသတ်တစ်ဦး ဖြစ်နေသည်။

လင်းဟွမ်သည် သူတို့ကို နှုတ်ဆက်ပြီးနောက် ကြယ်လမ်းစဉ် သစ်ပင်၏ ပင်မအကိုင်းသို့ ပြန်သွားလိုက်သည်။

စစ်ဆေးရေးဂိတ် (၂၁) မှ (၂၉) အထိ ဖြတ်ကျော်ရန် မခက်ခဲခဲ့ပေ။

လင်းဟွမ်သည် ညနေ (၆) နာရီ မတိုင်ခင် စစ်ဆေးရေးဂိတ် ကိုးခုကို ဖြတ်ကျော်ခဲ့ပြီး ပါရမီရှင်များစွာ ပိတ်မိနေသည့် စစ်ဆေးရေးဂိတ် (၃၀) ကို ရောက်ရှိလာခဲ့သည်။

လင်းဟွမ်သည် စစ်ဆေးရေးဂိတ် (၂၁) တွင် ရှိစဉ်က ဤစစ်ဆေးရေးဂိတ် အကြောင်းနှင့် ပက်သက်၍ ဘာမှ မကြားခဲ့ရပေ။

ဆန်းကြယ်မျောက်ဝံ၏ ပခုံးပေါ်တွင် မတ်တပ်ရပ်နေသော လင်းဟွမ်သည် စစ်ဆေးရေးဂိတ် အမှတ် ၃၀သို့ ရောက်သောအခါ ရှေ့ကို လှမ်းမျှော်ကြည့်လိုက်သည်။ ဒုတိယမြောက် စစ်ဆေးရေးဂိတ်နှင့် တူပြီး သူ့အထက်တွင် တိမ်မည်းများ ရှိနေသည်။

"နောက်ထပ် နှင်းမုန်တိုင်း တစ်ခုများ ဖြစ်နေမလား"

လင်းဟွမ်သည် ဒုတိယမြောက် စစ်ဆေးရေးဂိတ်က အေးစိမ့်သော ရာသီဥတုကို မှတ်မိနေသေးသည်။

ဆန်းကြယ်မျှောက်ဝံ တက်လာသောအခါ မိုးများ ရွာစပြုလာသည်။ အပေါ် ရောက်လာသည်နှင့်အမျှ မိုးရေအားက ကောင်းလာသည်။

"မိုးရွာနေရုံနဲ့တော့ ဘယ်သူမှ ဒီမှာ အကြာကြီး ပိတ်မိနေမှာ မဟုတ်ဘူး။ တခြားအကြောင်း တစ်ခုခုတော့ ရှိနိုင်တယ်"

ဤစစ်ဆေးရေးဂိတ်သည် သာမန်သာ ဖြစ်ပါက ထောင်သောင်းချီသော လူများ ပိတ်မိနေမည် မဟုတ်ကြောင်း လင်းဟွမ် သိနေသည်။

မကြာခင် လင်းဟွမ်သည် ဤစစ်ဆေးရေးဂိတ်နှင့် ပတ်သက်ပြီး မည့်သည့်အရာက ဆန်းကြယ်လဲ ဆိုသည်ကို သိလာသည်။

ဆန်းကြယ်မျောက်ဝံ အပေါ်တက်လာရာ မီတာ တစ်ထောင် မပြည့်ခင် မိုးရေများသည် ရေတံခွန်ကဲ့သို့ တဝေါဝေါ ကျလာသည်။ မြင့်တက်လာသည်နှင့်အမျှ ရေစီးအားက ပိုမို အားကောင်းလာသည်။ ရေများ အဆက်မပြတ် စီးကျနေသောကြောင့် အခေါက်များ ကြားရှိ အက်ကွဲကြောင်းများက ချောလာကာ ဆန်းကြယ်မျောက်ဝံသည် ရံဖန်ရံခါ ချော်ကျနေသည်။ ရေများက ဆူနာမီ လှိုင်းကဲ့သို့ စီးကျလာသောအချိန်၌

ဆန်းကြွယ်မျောက်ဝံက အခေါက်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားရသည်။

ထိုအချိန်တွင် လင်းဟွမ်သည် ဆန်းကြွယ်မျောက်ဝံ ပုခုံးပေါ်မှ ပြုတ်မကျစေရန် မြဲမြဲ ဖက်တွယ်ထားရပြီး သူ့လက်ထဲတွင် အမှောင်ထုကြေးမုံကို ကိုင်ထားသည်။

"ငါတို့တွေ ဒီလမ်းကို မဖြတ်နိုင်တော့ဘူး ထင်တယ်"

လင်းဟွမ်သည် ဆန်းကြွယ်မျောက်ဝံက အကောင်းဆုံး ကြိုးစား၍ လုပ်ဆောင်နေခဲ့ပြီ ဖြစ်ကြောင်း သိနေခဲ့ပြီး ဆက် မလုပ်နိုင်လောက်တော့ဘူးဟု တွေးလိုက်မိ၍

အမှောင်ထု ကြေးမုံကို ကြီးမားသော ထီးတစ်လက်အဖြစ် ပြောင်းလဲကာ ဆန်းကြွယ်

မျောက်ဝံ၏ ဦးခေါင်းထိပ်တွင် မိုးပေးလိုက်သည်။ စီးကျနေသော မိုးရေများသည် ရေလမ်းကြောင်းလွဲ၍ ဖြာထွက်သွားကာ (၁) ရာခိုင်နှုန်းထက် နည်းသော ရေများကသာ ဖိအား ဖြစ်စေတော့သည်။

လင်းဟွမ်သည် ဤစစ်ဆေးရေးဂိတ်တွင် အခြားသူများ ပိတ်မိစေခဲ့သော ပြဿနာကို အမှောင်ထု ကြေးမုံ၏ အကူအညီဖြင့် အလွယ်တကူ ဖြေရှင်းနိုင်ခဲ့သည်။ ဆန်းကြယ်မျောက်ဝံသည် ငါးမိနစ် မပြည့်ခင် တိမ်တိုက်များကို ဖြတ်ကျော်ကာ စစ်ဆေးရေးဂိတ် (၃၁) ကို ရောက်ရှိသွားခဲ့သည်။

## အခန်း(၆၅၉) - ဒုတိယအကြိမ်မြောက် တိုင်ကြား ခံရခြင်း။

”အမ် လင်းရှီက နေ့လည်ခင်း တုန်းက စစ်ဆေးရေးဂိတ် (၂၁) မှာပဲ ရှိနေတာ မဟုတ်ဘူးလား။ အခုက ဘယ်လိုဖြစ်ပြီးတော့ စစ်ဆေးရေးဂိတ် (၃၁) ကို ရောက်သွားတာလဲ။ တစ်ခုခုတော့ မှားနေပြီ”

လူတစ်ယောက်သည် ဦးဆောင်သူ စာရင်းပေါ်တွင် ရှိသော လင်းဟွမ် နာမည်ဘေးမှ စစ်ဆေးရေးဂိတ် အမှတ်စဉ် ပြောင်းလဲသွားသည်ကို မြင်လိုက်လျှင် ကိုယ့်ကိုကိုယ် ပြန်ပြောလိုက်သည်။

ထိုအပြောင်းအလဲကို သတိထားမိသောလူမှာ သူတစ်ယောက်တည်း မဟုတ်ပေ။ ကောလဟာလများ ပျံ့နှံ့သွားပြီး မကြာခင် လူတိုင်းက လင်းဟွမ်ကို အာရုံစိုက်လာကြပြန်သည်။ နေ့ခင်းဘက် ကတည်းက လင်းဟွမ် ပြောင်းလဲသွားသော စစ်ဆေးရေး ဂိတ်များကို သတိပြုမိခဲ့ကြသည်။ လင်းဟွမ်က နာရီဝက်တိုင်းတွင် စစ်ဆေးရေးဂိတ် တစ်ခုပြီးတစ်ခု ဖြတ်ကျော်သွားသည်ကို မြင်ခဲ့ရသည်။

အစပိုင်းက လူများသည် လင်းဟွမ်က စစ်ဆေးရေးဂိတ်(၃၀) တွင် ပိတ်မိနေလိမ့်မည်ဟု ထင်ခဲ့ကြသော်လည်း ယခင်က ဖြတ်ကျော်ခဲ့သည့်

စစ်ဆေးရေးဂိတ်များထက် အချိန်အနည်းငယ်သာ ပိုယူခဲ့ရပြီး မိနစ် (၂၀) အတွင်း ဖြတ်ကျော် သွားနိုင်လိမ့်မည်ဟု မမျှော်လင့် ထားခဲ့ကြပေ။ ထိုအကြောင်းကို သတိထားမိသည့်လူများက လင်းဟွမ်က လှည့်စားနေပြီဟု ထပ်မံ စွပ်စွဲကြပြန်သည်။

လင်းဟွမ်က ပထမအမှုမပြီးခင် ဒုတိယအမှုကို ဆက်လက် လုပ်ဆောင်နေပြန်ပြီ။

လင်းဟွမ်ကမူ စစ်ဆေးရေးဂိတ် (၃၁) သို့ ရောက်သောအခါ ကောင်းကင်ကြီး မှောင်စပြုလာပြီ ဖြစ်သဖြင့် ပုံရိပ်ယောင် လောကထဲမှ ထွက်ခွာလာခဲ့သည်။

သို့သော်လည်း ကြယ်လမ်းစဉ် သစ်ပင်ပေါ်ရှိ လူများစွာက အကြောင်းအရာ တစ်ခုတည်းကိုသာ ဆွေးနွေးနေကြဆဲပင်....။

"တစ်မွန်းတည့်နဲ့ (၆) နာရီတောင် မပြည့်ဘူး ဒီကောင်က စစ်ဆေးရေးဂိတ် (၂၁) ကနေ စစ်ဆေးရေးဂိတ် (၃၁) အထိ တက်လာတာလား။ နောက်ပြီးတော့ စစ်ဆေးရေးဂိတ် (၃၀) ကို ဖြတ်ကျော်ခဲ့တာ မိနစ် (၂၀) တောင် မပြည့်ဘူး။ ဒီကောင် ထပ်လိမ်နေတာပဲ ဖြစ်ရမယ်"

"တစ်မွန်းတည့်တည်းနဲ့ စစ်ဆေးရေးဂိတ် (၁၀) ခု ဖြတ်ကျော်ခဲ့တယ်။ ဒါက တစ်ရက်ကို စစ်ဆေးရေးဂိတ်

(၂၀) နှုန်းရှိတယ်။ ဒီနှုန်းနဲ့ဆိုရင် (၄) ရက်တည်းနဲ့ စစ်ဆေးရေးဂိတ် (၈၀) အထိ ရောက်သွားမှာ မဟုတ်ဘူးလား"

"ဒီကောင်က အမှတ်ရဖို့ လှည့်စားရုံတင် မကတော့ဘူး အခုတော့ စစ်ဆေးရေးဂိတ်တွေကို ဖြတ်ကျော်ဖို့ပါ လှည့်စားနေပြီ။ ဒီကောင် စောက်ရှက် မရှိဘူး"

"ဒီကောင့်ကို နောက်တစ်ကြိမ် တိုင်ကွာ"

"ငါတော့ ဒီကောင့်ကို နောက်တစ်ကြိမ် တိုင်လိုက်ပြီ"

"ထပ်ပေါင်းလိုက် ငါလဲတိုင်မယ်"

အမှန်တကယ်ဆို စစ်ဆေးရေးဂိတ် (၅၀) မှ (၆၀) ကြားရှိ လူများသည် တစ်နေ့ခင်း တည်းနှင့် စစ်ဆေးရေးဂိတ် (၁၀) ခုကို ဖြတ်ကျော်ရန် အလွန်လွယ်ကူသည်။ အကြောင်းမူ သူတို့သည် အင်မော်တယ်အဆင့် (၈) သို့မဟုတ် အဆင့် (၉) တွင် ရှိနေကြသောကြောင့် ဖြစ်ပြီး သူတို့ထဲမှ အချို့ဆိုလျှင် အင်ပါယာအဆင့် စွမ်းရည်များကိုပင် ပိုင်ဆိုင်ထားကာ အမှတ်စဉ် (၅၀) အောက်မှ စစ်ဆေးရေးဂိတ်များသည် သူတို့အတွက် ဘာမှ မဟုတ်ချေ။

အခြားတစ်ဖက်တွင်မူ သူတို့ အားလုံးသည် ဗျူဟာများကို သိရှိထားကြသည်။ ထို့ကြောင့်

ကြယ်လမ်းစဉ် သစ်ပင်ပေါ်ကို တက်ရောက်ရန် လွယ်ကူကြသည်။ တစ်နေ့တည်းနှင့် ပထမဦးဆုံး စစ်ဆေးရေးဂိတ်မှ စစ်ဆေးရေးဂိတ် (၄၀) အထိ ရောက်အောင် တက်နိုင်ခဲ့ကြသည်။

လူတိုင်းကို ရှုးသွပ်၍ ဒေါသပေါက်ကွဲ သွားစေသည့် အချက်မှာ လင်းရှီ ဆိုသည့်အကောင်မှာ မည်သည့် နေရာမှ ထွက်ပေါ်လာမှန်း မသိကြခြင်းပင် ။

အစပိုင်းကတည်း သူ့ကို လှည့်စားနေသည်ဟု လူတိုင်းက အခိုင်အမာ ယုံကြည်နေကြသဖြင့် တစ်နေ့ခင်းတည်းနှင့် စစ်ဆေးရေးဂိတ် (၁၀) ခုကို

ဖြတ်ကျော်လိုက်သောအခါ နောက်တစ်ကြိမ် လှည့်စားပြန်ပြီဟု ယုံကြည် နေကြတော့သည်။

“ဒီကောင်က ကြောက်စရာကောင်းတဲ့ ပထမ အမှုတောင် မပြီးသေးဘူး။ နောက်တစ်ခါက် ထုပ်လုပ်ပြန်ပြီ။ ဘာပဲဖြစ်ဖြစ် နောက်ပိုင်းကျရင် တရားစီရင် ခံရမှာပဲ”

လင်းရှီ၏ လိမ်လည် လှည့်စားခြင်း ဖြစ်ရပ် အကြောင်းကို လူတော်တော်များများ ကြားသိကြသည်။

“လင်းရှီက ဘယ်လောက်ပဲ အောင်မြင် အောင်မြင်။ နောက်ပိုင်းကျရင်တော့ ဒီကောင် စွပ်စွဲခံရမှာပဲ”

သို့သော်လည်း စစ်ဆေးရေးဂိတ် (၆၁) တွင် ရှိနေသော အဖွဲ့ခွဲ (၃) မှ လူတစ်ယောက်သည် ဒုတိယမြောက် စွပ်စွဲ ပြောဆိုမှုကို ပြန်လည် ချေပခဲ့သည်။

"အင်မော်တယ် အဆင့် (၈) ဒါမှမဟုတ် အဆင့် (၉) က တစ်နေ့ခင်းတည်းနဲ့ စစ်ဆေးရေးဂိတ် (၁ ကနေ ၃၁) အထိ ရောက်ဖို့ ဘာမှမခက်ဘူး။ နည်းပညာတောင် မလိုဘူး။ အောင်မြင်အောင် လုပ်နိုင်တယ်"

အဖွဲ့ (၃) မှ လူအချို့ကလည်း ထိုပုဂ္ဂိုလ်၏ ပြောကြားချက်ကို ထောက်ခံကြသည်။

မကြာခင် စစ်ဆေးရေးဂိတ် (၂၁) တွင် ရှိနေသော လူတစ်အုပ်က လင်းရှီ၏အဆင့်မှာ အပြာရောင်မီးလျှံ အဆင့်သာရှိကြောင်း ထုတ်ဖော် ပြောဆိုခဲ့ကြသည်။ နောက်ပိုင်း၌ စစ်ဆေးရေးဂိတ် (၂၁) တွင် ရှိနေသည့် လူများက လင်းဟွမ်၏ ပုံပန်းသဏ္ဍာန်၊ ထိန်းချုပ်သူ ဖြစ်ကြောင်းနှင့် စိတ်ဝိညာဉ် တိုက်ခိုက်ရေးသမား ဖြစ်ကြောင်း အပါအဝင် လင်းရှီ၏ အကြောင်းအရာများကို ပိုမို ထုတ်ဖော် ပြောဆိုလာကြသည်။

ထိုအခါ လင်းရှီအတွက် ပြောပေးခဲ့သော အဖွဲ့ခွဲ (၃) မှလူများ အားလုံး နှုတ်ဆိတ်သွားကြသည်။

"ငါက အပြာရောင် မီးလျှံအဆင့်မှာပဲ ရှိတဲ့ အချိန်တုန်းက လူတစ်ယောက်က ဒုတိယမြောက် စစ်ဆေးရေး ဂိတ်တောင် မဖြတ်ကျော်နိုင်ခဲ့ဘူး။ ရွှေရောင်မီးလျှံအဆင့်ကို ရောက်မှ (၁၀) ခုမြောက် စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်နိုင်ခဲ့တယ်။ သူက အထွတ်အထိပ် ပါရမီရှင်တစ်ယောက် ဖြစ်နေရင်တောင် အပြာရောင် မီးလျှံအဆင့်နဲ့ စစ်ဆေးရေးဂိတ် (၃၁) ကို ဖြတ်ကျော်ဖို့ဆိုတာ လုံး ဝ မဖြစ်နိုင်ဘူး"

"အခုလက်ရှိ အခြေအနေကို ကြည့်ရတာတော့ ဒီကောင် စစ်ဆေးရေးဂိတ် (၂၁) ကနေ (၃၁) အထိ ရောက်ဖို့အတွက် တစ်လျှောက်လုံး လိမ်ခဲ့တာပဲ

ဖြစ်လိမ့်မယ်။ ငါကတော့ စစ်ဆေးရေးဂိတ် (၂၁) အထိ ရောက်လာတဲ့ လမ်းကိုတောင် ဒီကောင်လိမ်ခဲ့တယ်လို့ ထင်တာပဲ”

ကျိုးစွန်းနှင့် ကျန်သည့်လူများက လင်းဟွမ်ကိုယ်စား အမှန်တရားကို ထုတ်ဖော်ပြောဆိုရန် ကြိုးစားခဲ့ကြသော်လည်း ငြင်းဆန်ခြင်း ခံခဲ့ရသည်။ အခြားသူများ၏ အမုန်းပွားခြင်း၊ ရန်လိုခြင်းကို ခံရကာ သူတို့၏ မှတ်ချက်များကလည်း အဆဲခံရခြင်းများ ကြားထဲတွင် နှစ်မြုပ်သွားခဲ့သည်။

“ဒီလင်းရှီက အကြာကြီး ရှိနေမှာ မဟုတ်တော့ဘူး။ အင်ပါယာနလုံးသားက (၂၄) နာရီအတွင်း

တိုင်းကြားချက်ကို အရေးယူလိမ့်မယ်။ လူတွေက သူ့ကို မနက် (၆) နာရီကတည်းက တိုင်ထားတာဆိုတော့ မနက်ဖြန်မနက်ဆို သူ့ အကောင့်ကို ဆိုင်းငံ့ထားလိမ့်မယ်"

"ငါလဲ အဲ့ဒါပဲ ပြောတာ"

"ငါတော့ ဒီကောင် ဆိုင်းငံ့ မခံရမချင်း ဆက်တိုင်နေမှာပဲ"

လင်းဟွမ်သည် သူက စစ်ဆေးရေးဂိတ် (၃၁) ကို ရောက်လာသည့်အတွက် အုန်းအုန်းကျွက်ကျွက် နောက်ထပ်တစ်ကြိမ် ထပ်မံ ဖြစ်ပွားခဲ့ကြောင်း

မသိခဲ့ပေ။ ပုံရိပ်ယောင် လောကမှ ထွက်လာပြီးနောက် ညစာ စားလိုက်သည်။

ထိုအချိန်၌ ကောင်းကင်ကြီး မှောင်လာသည်။ ယောင်လန်းထံမှ နောက်တစ်ကြိမ် ဖုန်းထပ်ခေါ်သောအခါ တစ်ချက် တုံ့ဆိုင်းသွားပြီးနောက် ဖုန်းကိုင်လိုက်သည်။

"မင်း ဘာဖြစ်နေတာလဲ။ ငါ ဖုန်းဆက်နေတာ ဘာဖြစ်လို့ မကိုင်တာလဲ။ ဝေဖန်ခံရမှာ ကြောက်လို့လား"

ယောင်လန်းက လှောင်ပြောင်သော အပြုံးကြီးကြီးပြုံးပြီး ပြောလိုက်သည်။

"ကြောက်ရမယ်.....။ မင်းဖင်ကို ကြောက်ရမှာလား။ ငါ့ရဲ့ ဆက်သွယ်ရေးစာမျက်နှာကို မနက် ကတည်းက အသံတိတ်ပုံစံ လုပ်ထားတာ။ နောက်ပြီးတော့ တစ်မနက်ခင်းလုံးလည်း ငါက ကြယ်လမ်းစဉ် သစ်ပင်ပေါ်တက်နေတော့ အလှူပ်ရှုပ် နေလို့ မင်းဖုန်း မကိုင်တာ။ ကဲ မင်းငါ့ဆီက ဘာလိုချင်တာလဲ"

"မင်း ဒီဗျူဟာတွေ ဘယ်ကရတာလဲ ငါ သိချင်တယ်"

"ဘာ....ဗျူဟာတွေလဲ"

လင်းဟွမ် မျက်ခုံးပင့်လိုက်သည်။

"ကြယ်လမ်းစဉ် သစ်ပင်ပေါ် တက်မယ့် နည်းဗျူဟာတွေလေ။ ငါတို့ဆီမှာ စစ်ဆေးရေးဂိတ်

(၂၁)ကနေ (၃၀) အထိ တက်ဖို့ နည်းဗျူဟာတွေ ရှိတယ်။ ဒါပေမယ့် တစ်နေ့ခင်းတည်းနဲ့တော့ မလုပ်နိုင်ဘူး။ မင်းရဲ့ နည်းဗျူဟာတွေက ထိပ်တန်းအဖွဲ့အစည်း တွေဆီက လာတာပဲ ဖြစ်ရမယ်။ မင်းဆီကနေ မိတ္တူဝယ်လို့ ရမလား။ စစ်ဆေးရေးဂိတ် (၄၀) နောက်ပိုင်းက ဟာတွေ ငါလိုချင်တယ်”

ယောင်လန်းက သူမ၏ ရည်ရွယ်ချက်ကို ထုတ်ဖော် ပြောဆိုလိုက်သည်။

“နည်းဗျူဟာ မရှိဘူး”

လင်းဟွမ်က ခေါင်းခါလိုက်သည်။

"စစ်ဆေးရေးဂိတ်မှာ ဘာတွေ ဖြစ်လာမလဲ ဆိုတာတောင် မသိတာ။ ဘယ်လိုလုပ်ပြီး နည်းဗျူဟာ ရှိရမှာတုန်း"

"မင်း တစ်ကိုယ်ကောင်း ဆန်တာလား။ မနက်ဖြန် မနက်ဆိုရင် မင်းရဲ့အကောင့်က ဆိုင်းငံ့ခံရတော့မယ်။ ဘာဖြစ်လို့ မင်း တစ်ယောက်တည်းအတွက် ထိန်းသိမ်းထားမှာလဲ"

ယောင်လန်းက ဒေါသတကြီး အော်ဟစ်လိုက်သည်။

"စိတ်မပူနဲ့ ငါ ဆိုင်းငံ့ခံရမှာ မဟုတ်ဘူး"

လင်းဟွမ်သည် အင်ပါယာနှလုံးသား၏ ဆိုင်းငံ့ခြင်းဆိုင်ရာ စံနှုန်းများကို ဖတ်ရှုထားသောကြောင့် သေချာ ရေရာ နေခဲ့သည်။

“တိုင်ကြားခံရရုံနဲ့ တစ်ခါတည်း ရပ်စဲမှာမဟုတ်ဘူး။ ဒါပေမယ့် အဲ့ဒီအစား စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်လိမ့်မယ်။ တကယ်လို့ အဲ့ဒီအကောင့်က လိမ်နေတာတွေ့ရင် ဆိုင်းငံ့တာ ခံရလိမ့်မယ်။ ဒါပေမယ့် မွန်းစတားတွေ ခေါ်ယူပြီး အမှတ်စုဆောင်းတာကို လှည့်စားတယ်လို့ မယူဆဘူး။ အဲ့ဒီစီရင်ချက် ချတာတွေကို အများသူ႑ာရှေ့ ထုတ်ဖော်ပြီး

မဆုံးဖြတ်ခင် ဆိုင်းငံ့ ခံရဖို့အတွက် စိုးရိမ်စရာ မလိုဘူး”

ယောင်လန်းသည် လင်းဟွမ်က သူ၏ နည်းဗျူဟာများကို မမျှဝေချင်သည့် အချက်အပေါ်တွင် လိုက်၍ တွက်ကပ်မနေချေ။

“အော်.... အို ဟုတ်ပြီ။ မင်းကို အကြောင်းကြားစရာ တစ်ခု ရှိသေးတယ်။ ဟန်ဖူလင်းက ဖယ်ရှားခြင်းမြို့ကို ပြန်လာခဲ့မယ်လို့ ပြောတယ်။ အဲ့ဒီမှာ မင်းနဲ့ တွေ့ချင်နေတယ်”

“သူမကိုတွေ့ဖို့ အချိန် ခဏပေးမယ်”

လင်းဟွမ်က ချက်ချင်း သဘောတူလိုက်သည်။

သူမသည် အင်မော်တယ်အဆင့် (၇) သာ ရှိသေးသော်လည်း အင်ပါယာအဆင့်ကို သတ်နိုင်သောကြောင့် ဖယ်ရှားခြင်း မဟာမိတ် အဖွဲ့ထဲတွင် ဩဇာအကြီးဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေပြီး ထိုကဲ့သို့ ပုဂ္ဂိုလ်လဲဆိုသည်ကို လင်းဟွမ်က မြင်ချင်နေသည်။

# အခန်း(၆၆၀) - ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့။

နောက်တစ်နေ့ မနက်တွင် ......

လင်းဟွမ် နိုးလာသောအခါ မက်ဆေ့ချ်တစ်ခု လက်ခံရရှိလိုက်သည်။ ထိုမက်ဆေ့ချ်ကို ပါရမီရှင်သမ္မဂ္ဂမှ ပေးပို့ခဲ့ခြင်းဖြစ်ပြီး လင်းဟွမ်က သိချင်စိတ်ဖြင့် ဖတ်ကြည့်လိုက်ရာ လူတိုင်းထံ ပေးပို့သောစာဖြစ်ပြီး သူနှင့် သက်ဆိုင်သောအရာ ဖြစ်နေသည်။

"ချစ်လှစွာသော အဖွဲ့ဝင်များ မကြာသေးခင်က ကြယ်စင်လမ်းစဉ် သစ်ပင်ပေါ်မှာ လိမ်လည်ခဲ့တယ်ဆိုတဲ့

စွပ်စွဲချက်နဲ့ ပက်သက်ပြီး အဲ့ဒီအဖွဲ့ဝင်ကို စုံစမ်းစစ်ဆေး၍ ပြန်လဲ သုံးသပ်ပြီးပါပြီ။ အဖွဲ့ဝင် လင်းရှီက စစ်ဆေးရေး ဂိတ်များကို ဖြတ်ကျော်သွားတဲ့ အခြေအနေက မှန်ကန်တဲ့ နည်းလမ်းကို အသုံးပြုပြီး အမှတ်များ ရရှိခဲ့တယ်လို့ ကောက်ချက်ချခဲ့တဲ့ အကြောင်းကို နိဂုံးချုပ်အနေနဲ့ အသိပေးအပ်ပါတယ်”

လင်းဟွမ်သည် စာကို ဖတ်ပြီးနောက် ခေါင်းခါရင်း ပြုံးလိုက်မိသည်။ ဤကဲ့သို့ ဆုံးဖြတ်ချက် ချမည်ကို သူ သိပြီးသားပင် ။

လင်းဟွမ်အပြင် ပါရမီရှင်သမ္မဂ္ဂမှ အဖွဲ့ဝင်အားလုံးသည် တစ်ချိန်တည်းမှာပင် တူညီသောမက်ဆေ့ချ်ကို လက်ခံ ရရှိခဲ့ကြသည်။

"သူ လိမ်တာ မဟုတ်ဘူးလား။ ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"

"အပြာရောင် မီးလျှံအဆင့်က မလှည့်စားဘဲနဲ့ တစ်ညတည်း ဘယ်လိုလုပ်ပြီး အမှတ် (၈) သန်းကျော် ရမှာလဲ"

"အပြာရောင် မီးလျှံအဆင့် ရှိတဲ့လူက နည်းဗျူဟာတွေ ရှိရင်တောင် တစ်နေ့ခင်းတည်းနဲ့ စစ်ဆေးရေးဂိတ် (၂၁) ကနေ (၃၀) အထိ ရောက်ဖို့

ခက်ပါတယ်ကွာ။ ငါ နားမလည်တာက တစ်ညတည်းနဲ့ အမှတ် (၈) သန်းကျော်ရအောင် ဘယ်လို လုပ်ခဲ့လဲဆိုတာ နားမလည်နိုင်ဘူး”

“အင်ပါယာနှလုံး မှားနေပြီလို့ ငါတော့ထင်တာပဲ။ ဒီကောင် လင်းရှီက တကယ့်ကို တစ်ခုခုတော့ တစ်ခုခုပဲ”

“အင်ပါယာနှလုံးက ငါတို့ကို ပါးဖြတ် ရိုက်လိုက်တာပဲ။ အသည်း နာတယ်ကွာ ငါ့ကို တစ်ယောက်ယောက်လောက် နှစ်သိမ်းပေးပါဦး”

“လာ.လာ... ငါ နှစ်သိမ့်ပေးမယ်။ မင်း ဖင်ထဲကို (၂၂)စင်တီမီတာ ရှိတဲ့ စတီးတုတ်ချောင်း ထိုးတည့်လိုက်”

"အော် မဟုတ်ဘူး။ ကျေးဇူးပြုပြီး ငါ့ လက်ကိုင်ထား ပေးကြပါကွာ"

"ငါ ကလေးထိန်း မဟုတ်ဘူး။ ဒီကောင့်ကို ခေါ်သွားစမ်းပါ"

...

စစ်ဆေးရေးဂိတ် (၃၆)၊ အဖွဲ့ခွဲ (၁) အခြေကုပ်စခန်း၊ ကောင်းကင် မဟာမိတ်အဖွဲ့....

အင်မော်တယ် အဆင့် (၉) သုံးယောက်သည် မနက်ပိုင်းတွင် တွေ့ဆုံမည်ဟု ကတိပြုထားသည်။ သူတို့သုံးယောက် တွေ့ဆုံ၍ စကား စပြောသည့် အချိန်မှာပင် အင်ပါယာနှလုံးသား လက်စွပ်များ

တုန်ခါလာကာ မက်ဆေ့ချ်ကို ရရှိလိုက်ကြသည်။ ပါရမီရှင်သမ္မဂ္ဂမှ ပေးပို့သော မက်ဆေ့ချ်ဖြစ်ကြောင်း သိသည်နှင့် ချက်ချင်း ဖတ်လိုက်ကြသည်။ မက်ဆေ့ချ်ကို ဖတ်ပြီးနောက် သုံးယောက်လုံး မျက်မှောင် ကြုတ်သွားကြသည်။

လင်းဟွမ်နှင့် ပတ်သက်သော စွပ်စွဲချက်များသည် လွန်ခဲ့သော ရက်ပိုင်းအတွင်း အကျော်ကြားဆုံးနှင့် ရေပန်းအစားဆုံး အကြောင်းအရာများ ဖြစ်နေခဲ့သည်။ ဤကိစ္စကို တကူးတက မစုံစမ်းသော သူတို့ပင် သိကြသည်။

စစ်ဆေးရေးဂိတ် (၆၃) တွင် ရှိနေကြသော လူတိုင်းသည် စစ်ဆေးရေးဂိတ်များအား ဖြတ်ကျော်နိုင်မည့် နည်းလမ်းများကို သိရှိထားသောကြောင့် စစ်ဆေးရေးဂိတ် (၆၀) အောက်က အဖြစ်အပျက်များကို အမှန်တကယ် စိတ် မဝင်စားကြပေ။

သူတို့သုံးယောက်သည် မနေ့တွင် လင်းဟွမ်က ညတွင်းချင်း အမှတ် (၈) သန်းကျော်ရအောင် မည်ကဲ့သို့ လုပ်ဆောင်ခဲ့သနည်း ဆိုသည်နှင့် ပတ်သက်၍ အကျဉ်းချုံး ဆွေးနွေးခဲ့ကြပြီး လှည့်စားခြင်းသာ ဖြစ်လိမ့်မည်ဟု ကောက်ချက်ချ ယုံကြည်ခဲ့ကြသည်။ လှည့်စားခြင်း မှလွဲ၍ အခြား ရှင်းပြချက် မရှိချေ။

ယခုမူ မက်ဆေ့ချ်ကို ဖတ်ပြီးနောက် မမျှော်လင့်ထားသခြင့် အံ့သြသင့်သွားကြသည်။

"အပြာရောင် မီးလျှံအဆင့်က တစ်ညတည်းနဲ့ အမှတ်(၈) သန်းကျော် ရခဲ့တယ်။ ဒါပေမယ့် အင်ပါယာနှလုံးသားက လှည့်စားတာ မရှိဘူးလို့ ပြောနေတယ်။ အင်ပါယာနှလုံးသား ပျက်သွားတာပဲ ဖြစ်ရမယ်"

အင်္ကျီလက်ရှည် ဝတ်ထားသော အမျိုးသား တစ်ယောက်က ပြောလိုက်သည်။

“နှစ်ပေါင်း (၈၀၀) သမိုင်းကြောင်း တစ်လျှောက်လုံးမှာ အင်ပါယာနှလုံးသား ပျက်သွားတဲ့ အကြောင်း မင်း ကြားဖူးလား”

ရှပ်အင်္ကျီဖြူ ဝတ်ထားသော အမျိုးသားတစ်ယောက်က မျက်ခုံးပင့်ပြီး ပြန်မေးလိုက်သည်။

“ဒါဆိုရင် လင်းရှီက သူ့ ကိုယ်ပိုင် အရည်အချင်းနဲ့ အောင်မြင်ခဲ့တယ်လို့ မင်းက ထင်နေတာလား”

ကုတ်အင်္ကျီ ဝတ်ထားသော လူက အလေးအနက်ထားပြီး မေးလိုက်သည်။

“မင်းနဲ့ငါက အပြာရောင် မီးလျှံအဆင့်မှာ ရှိနေရင် အင်မော်တယ် အဆင့် (၄) မွန်းစတားတွေကို ခွေးတွေ၊

ဝက်တွေ သတ်သလို သတ်နိုင်တယ်။ ဒါပေမယ့် သောင်းနဲ့ချီတဲ့ မွန်းစတားတွေကို သတ်ပြီး ညတွင်းချင်း အမှတ် (၈) သန်း ရအောင်လုပ်ဖို့လား။ ဒါတော့ မဖြစ်နိုင်ဘူး။ ငါတို့မှာရှိတဲ့ ကံကြမ္မာစွမ်းအား အကုန်လုံးကို တစ်ခါတည်းသုံးပြီး ရာနဲ့ချီတဲ့ မွန်းစတားတွေကို တစ်ပြိုင်နက် သတ်ပစ်နိုင်တယ်။ နောက်ပြီးတော့ ငါတို့မှာ ကံကြမ္မာစက်ဝိုင်း အပိုတွေပါတဲ့ အထူးသီးသန့် ကံကြမ္မာ စွမ်းအားတိုင်တွေလည်း ရှိတယ်။ ဒါက သာမန်လူ တစ်ယောက်အတွက်ဆို တော်တော်လေး အထင်ကြီးဖို့ ကောင်းပေမယ့် ညတွင်းချင်း မွန်းစတား (၁၀၀) ကျော် သတ်ဖို့ ဆိုတာကတော့......”

ရုပ်အင်္ကျီ ဝတ်ထားသော အမျိုးသားက သဘောမတူပေ။

"ငါတို့ မလုပ်နိုင်တာနဲ့ အခြားသူ မလုပ်နိုင်ဘူးလို့ ပြောလို့မရဘူး။ သူက ဒဏ္ဍာရီထဲကလို အကန့်အသတ်မရှိတဲ့ ကံကြမ္မာစွမ်းအားတွေ ပိုင်ထားရင် ဘာပြောမလဲ။ ဒီလိုမှမဟုတ် သူ့မှာ ကိုယ်ပွားမွေးနိုင်တဲ့ စွမ်းရည်တွေ ရှိနေရင်ရော။ အဲ့ဒါလည်း မဟုတ်သေးဘူး ထားလိုက်ကွာ သူ့မှာ ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်နိုင်တဲ့ နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း ရှိနေရင်ကော ဘယ်လိုလဲ"

ရှပ်အင်္ကျီအဖြူဝတ် အမျိုးသားက ဖြစ်နိုင်သည့် ဖြစ်နိုင်ချေများကို ထုတ်ဖော် ပြောဆိုလိုက်သဖြင့် ကျန်သည့်လူများ ဆွံ့အ သွားကြသည်။

"ဒါတော့လည်း ဒါပေါ့။ အင်ပါယာနှလုံးရဲ့ စုံစမ်းစစ်ဆေးမှု အောက်ကနေ လွတ်မြောက်အောင် လုည့်စားဖို့ ကိုယ်ပိုင်နည်းလမ်း ရှိတာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်"

ရှပ်အင်္ကျီဖြူဝတ်ဆင်ထားသော အမျိုးသားက အင်ပါယာနှလုံး၏ ကြေငြာချက်နှင့် ပတ်သက်၍ အပြည့်အဝ မယုံကြည်ပေ။

"ဒါဆိုရင် မင်းလည်း သူလှည့်စားလား၊ မလှည့်စားဘူးလား ဆိုတာ မသေချာဘူးပေါ့"

တီရှပ်အကျႌ ဝတ်ထားသော အမျိုးသားက ရယ်မောပြီး ပြောလိုက်သည်။

"အေး... သူ လှည့်စားခဲ့ရင်တောင် နတ်ဘုရား ခါတ်ကြွင်းဖြစ်တဲ့ အင်ပါယာနှလုံးရဲ့ စုံစမ်းစစ်ဆေးမှု အောက်ကနေ လွတ်မြောက်အောင် လုပ်နိုင်တယ်ဆိုတော့ တကယ်ကို တစ်ခုခုတော့ တစ်ခုခုပဲလို့ မင်းတို့ မထင်ဘူးလား"

ရှပ်အကျႌအဖြူ ဝတ်ထားသော အမျိုးသားက ရယ်မောပြီး ပြန်မေးလိုက်သည်။

"တကယ်လို့ သူသာ မလိမ်ခဲ့ဘူးဆိုရင် ဘယ်လောက်တောင် အစွမ်းထက်နေလဲ ဆိုတာ သက်သေပြနေတာပဲ"

"မင်းက သူ့ကို စုဆောင်းချင်လို့လား"

ကုတ်အင်္ကျီဝတ်ထားသော အမျိုးသားက ရုပ်အင်္ကျီဖြူဝတ်ထားသော အမျိုးသားကို လေးနက်စွာကြည့်ပြီး မေးလိုက်သည်။

"ဘယ်သူ့ကိုမှ မခေါ်ခဲ့တာ နှစ်နှစ်ရှိပြီ။ ဒီကောင်လေးရဲ့ တိုက်ခိုက်ရေးအဆင့်က အရမ်းနိမ့်လွန်းတယ်။ နောက်ပြီးတော့ ငါတို့လို အဖွဲ့ခွဲ (၁) က မဟုတ်ဘူး ဆိုတာလည်း မမေ့နဲ့"

တီရှပ်ဝတ်ထားသော အမျိုးသားက ဖြည့်စွက်ပြီး ထပ် ပြောလိုက်သည်။

"တိုက်ခိုက်ရေးအဆင့် နိမ့်တယ်ဆိုတာ ယာယီ သတ်မှတ်ချက် ပါကွာ။ အဲ့ဒီလို လူတစ်ယောက်က အင်မော်တယ်အဆင့် မရောက်မှာ မင်း စိုးရိမ် နေတာလား"

ရှပ်အင်္ကျီဖြူဝတ်ထားသော လူက လင်းဟွမ်ကို ထောက်ခံလိုက်သည်။

"သူက အဖွဲ့ခွဲ (၁) က မဟုတ်တာနဲ့ ပြဿနာ မဖြစ်သင့်ဘူး။ အဲ့ဒီလိုဆို ငါတို့မှာ အဖွဲ့ခွဲ (၂) နဲ့ အဖွဲ့ခွဲ (၃)က အဖွဲ့ဝင်တွေ တစ်ယောက်မှ မရှိခဲ့လို့လား"

“ဒါက အကြံပြုချက် တစ်ခုပါ။ ငါ့ရဲ့အကြံပြုချက်က အတည်ဖြစ်လား၊ မဖြစ်ဘူးလားဆိုတာ မင်းတို့ အပေါ်မှာလည်း မူတည်တယ်။ ခေါ်ယူမှုကတော့ ငါတို့ရဲ့ထုံးစံအတိုင်းပဲ အမှတ်ပေးစနစ်နဲ့ သွားမယ်။ လူတိုင်း လိုင်းပေါ်မှာ တွေ့ကြမယ်”

ရှပ်အကျႌဖြူ ဝတ်ထားသော အမျိုးသားက ဆုံးဖြတ်ချက် ချလိုက်သည်။

“အေး အဲ့ဒါဆိုလည်း မဲခွဲပြီးတဲ့ အထိ စောင့်ကြတာပေါ့”

...

နံပါတ် (၁) ပါရမီရှင် အဖွဲ့အစည်း ဖြစ်သော ကောင်ကင်ဘုံ မဟာမိတ်အဖွဲ့က လင်းဟွမ်အား ရွေးချယ်နေသည့် အကြောင်းကို လင်းဟွမ် မသိခဲ့ပေ။ မနက်စာ စားပြီးသောအခါ ယောင်လန်းထံမှ ဖုန်းထပ်ခေါ်လာသည်။ ဖုန်းချလျှင်ပင် နောက်တစ်ကြိမ် ထပ်ခေါ်လာမည်ကို သိနေသောကြောင့် ကူကယ်ရာမဲ့စွာ ဖုန်းကိုင်လိုက်သည်။

"မင်း ဘာဖြစ်နေတာလဲ"

ဖုန်းကိုင်ကိုင်ခြင်း ယောင်လန်းက အော်ဟစ်လိုက်သည်။

"မနက်စာ စားနေတာ"

လင်းဟွမ်က ပါးစပ်ထဲ ပုဇွန်တစ်လုပ် ပစ်ထည့်ရင်း ပြောလိုက်သည်။

"ဂုဏ်ပြုပါတယ် မင်းက လှည့်စားတယ်ဆိုပြီး သံသယ မရှိတော့ဘူး"

ယောင်လန်းက သဘာဝ ကျကျလေး ပြုံးနေသည်။ လင်းဟွမ် ဆိုင်းငံ့ခံရတော့မည်ဟု သေချာနေသည့် အချိန်တွင် ဖုန်းဆက်ဖို့ပင် အရှက်မရှိခဲ့ချေ။

"ငါ လိမ်တာ မဟုတ်ဘူးလို့ မင်းကို ပြောပြီးပြီ။ မယုံတာက မင်း သမိုင်းပဲ"

"မင်း နောက်နေတာလား။ ငါမင်းကို အမြဲတမ်း ယုံတယ်"

ယောင်လန်းက ထိုစကား ပြောသည့်အချိန်တွင် အရုက်မရှိဘဲ မျက်နှာပြောင်တိုက်လှ၏။

“ကျေးဇူးတင်တယ်။ နောက်ဆုံးတော့ စောက်ရှက်မဲ့တယ်ဆိုတဲ့ အဓိပ္ပါယ် ငါ နားလည်သွားပြီ”

လင်းဟွမ်က ပါးစပ်ကို တစ်ရှူးနှင့်သုတ်ရင်း ပြောလိုက်သည်။

“မင်းကမှ အရှက်မရှိတဲ့လူ”

သူတို့နှစ်ယောက် အော်ဟာစ်နေစဉ် မက်ဆေ့ချ်တစ်ခု ဝင်လာသည်။

လင်းဟွမ်က ယောင်လန်းကို လျစ်လျူရှုလိုက်ပြီး မက်ဆေ့ချ်ကို ဖတ်လိုက်သည်။

'မင်္ဂလာပါ မစ္စတာလင်းရှီ။ ငါက ချန်းသွမ်။ ငါတို့အဖွဲ့က ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ပါ။ ဒီသတင်းကြားပြီး (၃) ရက်အတွင်း ပြန် ဆက်သွယ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်'

မက်ဆေ့ချ်နှင့်အတူ သိမ်မွေ့သည့် ဖိတ်ကြားချက်တစ်စောင် ပါရှိလာသည်။

လင်းဟွမ်က သူ့နာမည်ကို ရေးထိုးပြီး လက်ဗွေနှိပ်လိုက်ရုံဖြင့် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ တရားဝင်အဖွဲ့ဝင် ဖြစ်လာလိမ့်မည်။

"ဟော့... ဘာလို့ စကား မပြောတာလဲ။ မင်းဆီကို ဘယ်သူ မက်ဆေ့ချ်ပို့တာလဲ။ မင်းပုံစံ ကြည့်ရတာ အလေးအနက် ထားနေတဲ့ ပုံပဲ"

ယောင်လန်းက နောက်တစ်ကြိမ် စကား ပြောလိုက်သည်။

"ဘာမှ မဟုတ်ပါဘူး"

လင်းဟွမ်က မက်ဆေ့ချ်ကို ပိတ်လိုက်သည်။

"အို ဟုတ်ပြီ။ ဟန်ဖူလင်းက ဖယ်ရှားခြင်းမြို့မှာ ရှိနေမယ်လို့ မင်းကိုဖုန်းဆက်ပြီး ပြောခိုင်းတယ်။ အဲ့ဒါ မနက်ဖြန် ညစာစားရင်း ဆုံရအောင်"

"ရတယ်လေ"

လင်းဟွမ်က ချက်ချင်း သဘောတူလိုက်သည်။

## အခန်း(၆၆၁) - ဟန်ဖူလင်း။

လင်းဟွမ်သည် ဖုန်းချပြီးနောက် ဟိုတယ်အခန်းထဲ ပြန်ဝင်သွားကာ ပါရမီရှင်သမဂ္ဂထဲသို့ နောက်တစ်ကြိမ် ပြန်ဝင်လိုက်သည်။

ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် အင်ပါယာနှလုံးသား၏ ကြေငြာချက်က လူထု၏ အာရုံစိုက်ရာ ဖြစ်လာပြီး အများစုက အင်ပါယာနှလုံးသား၏ စုံစမ်း ကောက်ချက်ချမှုက မမှားယွင်း ခဲ့ဖူးသောကြောင့် ယုံကြည် လက်ခံလိုက်ကြသည်။ ထို့ကြောင့် လင်းဟွမ်သည်

လူလိမ်လင်းရှီ အဖြစ်မှ တစ်နေ့တည်းနှင့် အမှတ် (၈) သန်း စုဆောင်းနိုင်သော လင်းရှီအဖြစ် ပြောင်းလဲသွား၏။

လင်းဟွမ်က ထိုအချက်ကို သိပ်အာရုံမထားပေ။ ကြယ်လမ်းစဉ် သစ်ပင်ပေါ် ပြန်ရောက်သည်နှင့် ဆန်းကြယ်မျောက်ဝံကို နောက်တစ်ကြိမ် ဆင့်ခေါ်ကာ ကြယ်လမ်းစဉ် သစ်ပင်ပေါ် နောက်တစ်ကြိမ် ထပ်တက်လိုက်သည်။

အင်မော်တယ်အဆင့် (၅) သန်ကောင် မွန်းစတားများ၏ တိုက်ခိုက်ခြင်းကို ခံရသောကြောင့် စစ်ဆေးရေးဂိတ် (၃၁) မှ စစ်ဆေးရေးဂိတ် (၄၀) သို့

သွားရန် သူ့အတွက် များစွာ ခက်ခဲခဲ့သည်။ လင်းဟွမ်သည် စစ်ဆေးရေးဂိတ် တစ်ခုချင်းစီကို ဖြတ်ကျော်နိုင်ရန် မိနစ် (၅၀) ခန့် အချိန်ယူခဲ့ရသည်။ စစ်ဆေးရေးဂိတ် (၄၀) ကိုလည်း တစ်နာရီခွဲအထိ အချိန်ယူခဲ့ရသည်။

စစ်ဆေးရေးဂိတ် (၄၁) သို့ ရောက်သောအခါ ညနေ (၆)နာရီ ထိုးသွားခဲ့ပြီ။ ထို့ကြောင့် လင်းဟွမ်သည် ဆက်လက် မလုပ်ဆောင်တော့ဘဲ ပုံရိပ်ယောင် လောကထဲမှ ပြန်ထွက်လာခဲ့သည်။

"အခက်အခဲတွေ ပိုမြင့်လာပြီ။ ဆန်းကြယ် မျောက်ဝံက စစ်ဆေးရေးဂိတ် (၃၆) အထိ အထိအခိုက်

မရှိသေးဘူး။ ကံကောင်းတာက ငါ့မှာ အာဏာရှင် ကျန်သေးတယ်။ ဒီကောင်တော့ ကိုင်တွယ် နိုင်ကောင်းပါရဲ့..”

ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် ပြင်းထန်သော အခြေအနေ အမျိုးမျိုးကို တွေ့ကြုံခဲ့ရသည်။ အဆင့်တိုင်းသည် သူ့အတွက် ခက်ခဲသည်ဟု ခံစားခဲ့ရပြီး ခက်ခဲမှုအဆင့်မှာ မစွတာဖူး လေ့ကျင့်ပေးသော ခက်ခဲမှုနှင့်ပင် နှိုင်းယှဉ်နိုင်သည်။

“စစ်ဆေးရေးဂိတ် (၃၁) ကနေ စစ်ဆေးရေးဂိတ် (၃၉)အထိ ခက်ခဲမှုအဆင့်က အင်မော်တယ်အဆင့် (၆)အတွက် ဒီဇိုင်း ထုတ်ထားတာဆိုတော့

စစ်ဆေးရေးဂိတ် အမှတ် (၄၀) က စပြီးတော့ အင်မော်တယ်အဆင့် (၇) စွမ်းရည်တွေ ပိုင်ဆိုင်ဖို့ လိုအပ်နေပြီ။ ဒီလို ပိုများလာတဲ့ အခက်အခဲတွေနဲ့ ဆိုရင် စစ်ဆေးရေးဂိတ် (၅၀) ကိုရောက်ဖို့ ငါ့အတွက် ခက်ခဲလိမ့်မယ်”

လင်းဟွမ်သည် ကိုယ့်အကြောင်းကိုယ် ကောင်းကောင်း သိသည်။ သူ့တွင် စွယ်စုံ အရည်အချင်းများ ရှိသော်လည်း သူ့ခန္ဓာကိုယ် ဖွဲ့စည်းပုံမှာ အင်မော်တယ်အဆင့် (၇) သို့မဟုတ် အဆင့် (၈) ရှိသောသူများနှင့် နှိုင်းယှဉ်ပါက များစွာ အားနည်းနေသေးသည်။

ကြယ်လမ်းစဉ် သစ်ပင်သည် တစ်ဦးတစ်ယောက်၏ အရည်အချင်းကို အကဲဖြတ်ရုံသာမက လူတစ်ယောက်၏ ရှုထောင့်ပေါင်းစုံနှင့် ကဏ္ဍပေါင်းစုံကိုပါ ထည့်သွင်း စဉ်းစား၍ အကဲဖြတ်ခြင်း ဖြစ်သည်။

ကံကြမ္မာစွမ်းအား အသုံးပြုခြင်းကို တားမြစ်ထားသောကြောင့် လူအများစုက စစ်ဆေးရေးဂိတ် (၆၃)တွင် ပိတ်မိ နေတတ်ကြသည်။ ဒါသည် ကာယကံရှင်၏ ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းကို စစ်ဆေးခြင်းဖြစ်ပြီး လိမ်လည်လှည့်စားရန် မဖြစ်နိုင်ပေ။

ထုံးစံအတိုင်း ဤအချက်အလက်ကို ကျိုးစွန်းထံမှ ရရှိခဲ့ခြင်းပင် ။ အချက်အလက် အတိအကျကို

မသိခဲ့ရသော်လည်း ကံကြမ္မာစွမ်းအားကို ထိန်းချုပ်ထားပါက ဖြတ်ကျော်ရန် မဖြစ်နိုင်ကြောင်း သူသိသည်။

ညစာ စားပြီးသောအခါ လင်းဟွမ်သည် လက်မလျှော့ခဲ့ပေ။ ထိုအစား ည (၁၁) နာရီကျော်သည်အထိ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို ဆက်လက်လေ့ကျင့်နေခဲ့ပြီးမှ အိပ်ယာဝင်ခဲ့သည်။

နောက်တစ်နေ့ မနက်တွင် ပါရမီရှင်သမဂ္ဂထဲဝင်ပြီး ကြယ်လမ်းစဉ် သစ်ပင်ပေါ် ဆက်တက်ခဲ့ပြန်သည်။ စစ်ဆေးရေးဂိတ် (၄၁)မှ စတင်၍ အခက်အခဲများက အရှိန်အဟုန်နှင့် တိုးမြင့်လာခဲ့သည်။

လင်းဟွမ်သည် စစ်ဆေးရေးဂိတ် (၄၁) ကို ဖြတ်ကျော်နိုင်ရန် တစ်နာရီနှင့် မိနစ် (၅၀) ကြာမြင့်ခဲ့သည်။ (၄၂) မှ (၄၄) စစ်ဆေးရေးဂိတ်များ အထိ ဂိတ်တစ်ခုချင်းစီကို နှစ်နာရီခန့် အချိန်ယူခဲ့ရပြီး (၂)နာရီကျော် အချိန်ပေးပြီးမှ စစ်ဆေးရေးဂိတ် (၄၅) ကို ဖြတ်ကျော်နိုင်ခဲ့သည်။

ကြယ်လမ်းစဉ် သစ်ပင်၏ (၄၆) ခုမြောက် စစ်ဆေးရေးဂိတ်သည် အကိုင်းခွဲတစ်ခုပင် ။ ဒါသည် စစ်ဆေးရေးဂိတ် (၂၁) နှင့် (၃၂) ပြီးနောက် တတိယမြောက်လူများ စုဝေးရာနေရာလည်း ဖြစ်သည်။

လင်းဟွမ်သည် စစ်ဆေးရေးဂိတ် (၄၅) ကို ဖြတ်ကျော်ပြီးနောက် ဆက်လက် မလုပ်ဆောင်တော့ချေ။ မူလက စစ်ဆေးရေးဂိတ် (၄၆) အထိ ရောက်အောင် တက်ရန် စီစဉ်ထားခဲ့သည်။ သို့သော်လည်း ယောင်လန်းက ဟန်ဖူလင်း ဖယ်ရှားခြင်းမြို့ကို ရောက်နေပြီဖြစ်ကြောင်း အကြောင်း ကြားသဖြင့် ကြယ်လမ်းစဉ် သစ်ပင်အခေါက်ရှိ အက်ကွဲကြောင်း တစ်ခုမှ တစ်ဆင့် ပုံရိပ်ယောင်လောကထဲမှ ပြန်ထွက်လာခဲ့သည်။

အင်ပါယာနန်းလုံးသားက လင်းဟွမ်၏ အမှုကိစ္စအတွက် ဖြေရှင်းပြီးကြောင်း ကြေငြာပြီးနောက် အခြားသူများက

သူ့အပေါ် အာရုံစိုက်မှု နည်းပါးသွားခဲ့သည်။ သို့သော်လည်း လင်းဟွမ်၏ အခြေအနေကို နေ့စဉ်နေ့တိုင်း စောင့်ကြည့်နေသော လူများက ရှိနေဆဲပင်။

လင်းဟွမ် စစ်ဆေးရေးဂိတ် (၄၆) ကို ရောက်နေသည့် သတင်းက လူများ စုဝေးရာနေရာကို ပျံ့နှံ့သွား၏။ လူတော်တော်များများက သူ့ကို စိန်ခေါ်ချင်နေကြသည်။ ယခုလက်ရှိတွင် သူ့ကို သတ်နိုင်ပါက အမှတ် လေးသန်းကျော် ရရှိမည်ဖြစ်သောကြောင့် လူကြိုက် များနေခဲ့သည်။

စစ်ဆေးရေးဂိတ် အမှတ်စဉ် (၃၃) တွင် ရှိစဉ်ကတည်းက လူတော်တော်များများက ထိုအတိုင်း တွေးကြသည်။ သို့သော်လည်း လင်းဟွမ်သည် စစ်ဆေးရေးဂိတ် (၄၁) ကိုပင် ရောက်နေပြီ ဖြစ်သောကြောင့် မနေ့ညက စစ်ဆေးရေးဂိတ် (၃၃) တွင် မနေခဲ့ချေ။ ယခုအချိန်၌ စစ်ဆေးရေးဂိတ် (၄၆) တွင် အနားယူနေခဲ့ပြီး ဒါသည် အခြားလူများအတွက် လုယက်ရန် အခွင့်ကောင်းပင်။

လင်းဟွမ်ကမူ ပုံရိပ်ယောင် လောကထဲမှ စောစောစီးစီး ထွက်ခွာလာခဲ့သောကြောင့် လူအများ၏

အာရုံကို ဖမ်းစားနိုင်ခဲ့ကြောင်း မသိခဲ့ပေ။ အဝတ်အစား လဲပြီးနောက် လျှာကျွမ်းထိုးဆိုင်ကို တန်း ထွက်သွားသည်။

အခန်း အမှတ် (၃၀၁) တွင် သုံးမိနစ်ခန့် ထိုင်စောင့်ပြီးနောက် ယောင်လန်း၊ ဟန်ဖူဖိန်နှင့် ဘောင်းဘီအနက်၊ အင်္ကျီအဖြူ ဝတ်ဆင်ထားသော အရပ်ရှည်ရှည် အမျိုးသမီးတစ်ဦး ဝင်လာကြသည်။

ထိုအမျိုးသမီးသည် ခါးထိရှည်သော အနက်ရောင် ဆံပင်များရှိပြီး အလွန် အထာကျကာ ကြည့်ကောင်း၏။ သူမ၏အော်ရာကို ကောင်းမွန်စွာ ထိန်းသိမ်း ထားသော်လည်း လင်းဟွမ်က သူမ၏ ခြိမ်းခြောက်နိုင်စွမ်းကို ယောင်ဝါးဝါး ခံစားမိနေသည်။

လင်းဟွမ်သည် သူမက ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့၏ အကြီးအကဲ ဟန်ဖူလင်း ဖြစ်ကြောင်း သိလိုက်သည်။

လင်းဟွမ်က သူမကို အကဲခတ်နေသလို သူမကလည်း လင်းဟွမ်ကို အကဲခတ်နေသည်။

"မစ္စလင်း.. သူက လင်းရှီ.."

ယောင်လန်းက အပြုံးကလေးနှင့် မိတ်ဆက်ပေးသည်။

"လင်းရှီ။ ဒီမှာ မတ်တပ်ရပ်နေတဲ့ မိန်းမချောလေးက ငါတို့ ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့ရဲ့ အကြီးအကဲပဲ.."

"မင်္ဂလာပါ.. တွေ့ရတာ ဝမ်းသာပါတယ်.."

လင်းဟွမ်က မတ်တပ်ထရပ်ပြီး သူမနှင့် လက်ဆွဲနှုတ်ဆက်လိုက်သည်။ နှုတ်ဆက်ပြီးနောက် သုံးယောက်လုံး ထိုင်ကြကာ ထုံးစံအတိုင်း ယောင်လန်းက ဟင်းပွဲများ မှာယူသူပင် ။

ဟန်ဖူဖိန်သည် သူ့ညီမနှင့် တွေ့သောအခါ နှုတ်ဆိတ်နေပြီး ခပ်တည်တည် ဖြစ်နေသည်။

လင်းဟွမ်က ဟန်ဖူလင်းနှင့် မရင်းနှီးသောကြောင့် တိတ်ဆိတ်စွာ နေခဲ့သည်။ ထိုအစား ဟန်ဖူလင်းက လင်းဟွမ်ကို စကား စပြောလာသည်။

"ပြီးခဲ့တဲ့ နှစ်ရက်က မင်းနဲ့ စကားပြောချင်ပေမယ့် မင်းက ငါ့ဖုန်းကို မကိုင်ခဲ့ဘူး.."

"ပြီးခဲ့တဲ့ နှစ်ရက်က ဟုတ်လား"

လင်းဟွမ် ကြောင်သွားပြီး အမည်မသိ ဖုန်းနံပါတ်ကို ပြန်သတိရသွားသည်။

"အဲ့ဒါ မင်း ဖုန်းနံပါတ်လား။ တစ်ယောက်ယောက်က ဖုန်းမှားခေါ်တယ်ထင်လို့ ပြန် မဆက်ခဲ့တာ.."

"ရပါတယ်။ တစ်ခါတလေ မျက်နှာချင်းဆိုင် စကားပြောရတာလည်း ပိုကောင်းပါတယ်"

ဟန်ဖူလင်းက ခေါင်းညိတ်လိုက်ပြီး ..

"ကြယ်လမ်းစဉ် သစ်ပင်ရဲ့ နည်းဗျူဟာတွေကို မင်း မတောင်းဆိုခဲ့ဘူးလို့ ရှောင်လန်းဆီက ငါ ကြားခဲ့တယ်.."

"ဟုတ်တယ်.."

လင်းဟွမ်က ခေါင်းညိတ်လိုက်ပြီး

"စစ်ဆေးရေးဂိတ် တစ်ခုစီတိုင်းကို ကိုယ်တိုင်ဖြတ်သန်းရတာ ပိုစိတ်ဝင်စားဖို့ ကောင်းတယ်.."

"အခုလက်ရှိ မင်းက စစ်ဆေးရေးဂိတ် (၄၆) အထိ ရောက်နေပေမယ့် မင်း ဖြတ်သွားတဲ့ စစ်ဆေးရေးဂိတ်တိုင်း အကြောင်း ဘာမှမသိခဲ့ဘူးလို့ ပြောချင်တာလား.."

ဟန်ဖူလင်းက မေးလိုက်သည်။

"ငါ စစ်ဆေးရေးဂိတ် (၂၁) ကို ရောက်တဲ့အချိန်မှာ လူတော်တော်များများဆီက နည်းဗျူဟာတွေ ကြားခဲ့တယ်။ ဒါပေမယ့် ငါ စစ်ဆေးရေးဂိတ်တွေနဲ့ ပတ်သက်တဲ့ အဓိက ဖော်ပြချက်တွေကို မမေးခဲ့ဘူး.."

လင်းဟွမ်က ခေါင်းညိတ်ပြီး ဝန်ခံလိုက်သည်။

"ဘာဖြစ်လို့ ဒီလို လုပ်ချင်တာလဲ.. ဂိတ်တစ်ခုချင်းစီ အကြောင်း သိရင် ပိုပြီး မလွယ်ဘူးလား"

ဟန်ဖူလင်း မျက်မှောင်ကြုတ်သွားသည်။

"ကြယ်လမ်းစဉ် သစ်ပင်ပေါ် တက်တာက ငါ့အတွက်တော့ လေ့ကျင့်ရေး တစ်မျိုးပဲ။ ငါ ဘယ်လောက် ကောင်းကောင်း လေ့ကျင့်ထားတဲ့

အပေါ်မှာပဲ မူတည်တယ်။ ငါ ဘယ်လောက် ဝေးဝေးသွားနိုင်မလဲဆိုတာ ဆုံးဖြတ်ပေးလိမ့်မယ်။ ငါ့ရဲ့ပန်းတိုင်က ဂိတ်တစ်ခုချင်းစီကို အောင်မြင်အောင် လုပ်ဖို့..၊ ငါ့အရည်အချင်းထက် ကျော်လွန်နေတဲ့ ဂိတ်တွေကို အောင်မြင်အောင် ဖြတ်ကျော်နိုင်ဖို့ပဲ..”

လင်းဟွမ်က ရှင်းပြလိုက်သည်။

လင်းဟွမ်၏ စကားကို နားထောင်ပြီးနောက် ဟန်ဖူလင်း၊ ဟန်ဖူဖိန်နှင့် ယောင်လန်းတို့ နှုတ်ဆိတ်သွားကြသည်။

“မင်း မလိမ်ဘူးဆိုတာ ငါ ယုံတယ်..”

ဟန်ဖူလင်းက လင်းဟွမ်ကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"ဒီလိုပြောတဲ့ လူတွေက အမှတ်များများရဖို့ လှည့်စားမှာ မဟုတ်ဘူး.."

"ကျေးဇူးတင်ပါတယ်.."

လင်းဟွမ်က သူမ၏ ချီးကျူးစကားအတွက် ကျေးဇူးမတင်ခြင်း မဟုတ်ပေ။ ထိုအစား သူမက သူ့ကို နားလည်နိုင်သောကြောင့်ပင် ...

" ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့ကို ဘယ်လို မြင်လဲ.."

ဟန်ဖူလင်း၏ အမေးစကားက ယောင်လန်းနှင့် ဟန်ဖူဖိန်တို့၏ အာရုံကို ဖမ်းစားသွားပြီး လင်းဟွမ်ထံ အာရုံရောက်သွားသည်။

"ကောင်းပါတယ်.."

လင်းဟွမ်သည် ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့ထဲ ဝင်ရောက်ခဲ့သည်မှာ ရက်အနည်းငယ်မျှသာ ရှိသေးသောကြောင့် ထိုအဖွဲ့နှင့် ပတ်သက်၍ မှတ်ချက်ပေးစရာ တစ်စုံတစ်ရာမျှ မရှိသေးချေ။ ယောင်လန်းနှင့် ဟန်ဖူဖိန်တို့မှ လွဲ၍ ကျန်သည့်လူများနှင့် မရင်းနှီးချေ။

"ငါက တဲ့တိုး ပြောတတ်တဲ့လူပဲ။ အဲ့ဒီတော့ ပွင့်ပွင့်လင်းလင်း ပြောရအောင်။ ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့က မင်းအတွက် မဟုတ်ဘူး.."

ဟန်ဖူလင်းက ထိုကဲ့သို့ ပြောလိုက်လျှင် ဟန်ဖူဖိန်နှင့် ယောင်လန်းတို့ အံ့သြသင့်သွားသည်။ လင်းဟွမ်လည်း မျက်မှောင် ကြုတ်သွားသည်။

"အစ်မလင်း.. မင်း.. .."

ဟန်ဖူလင်းက စကားဖြတ် ပြောလိုက်သည်။

"ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့က ပါရမီရှင်သမဂ္ဂရဲ့ ရေကန်ထဲက ငါးလေးနဲ့တူတယ်။ ဒါပေမယ့် မင်းက ငါးသေးသေးလေး မဟုတ်ဘူး။ မင်းက ကြီးပြင်းလာမယ့်

ငါးတစ်ကောင်ပဲ။ ကောင်းကင်ဘုံ မဟာမိတ်လိုမျိုး ကြီးမားတဲ့ သမုဒ္ဒရာကြီးမှာမှ မင်းက အောင်မြင်လာနိုင်မှာ။ အခုအချိန်မှာ လုံလောက်အောင် မသန်မာသေးလို့ ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့က မင်းအတွက် တကယ်ပဲ အထောက်အကူ ဖြစ်နိုင်တယ်။ ဒါပေမယ့် မင်းရဲ့ တိုက်ခိုက်ရေးအဆင့် တဖြည်းဖြည်း ကြီးထွားလာတာနဲ့အမျှ ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့က မင်းအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လာလိမ့်မယ်။”

“ မင်း ထွက်သွားနိုင်ဖို့ ငါ မျှော်လင့်တယ်။ အဖွဲ့ခွဲ (၃)မှာရှိတဲ့ ထိပ်တန်း မဟာမိတ်အဖွဲ့တွေနဲ့

ဆက်သွယ်နိုင်အောင် ငါ ကူညီပေးမယ်။ သူတို့ကလည်း လက်ခံမယ်လို့ ငါ ယုံကြည်တယ်..”

လင်းဟွမ်သည် ဟန်ဖူလင်းကို စိုက်ကြည့်ကာ ခေတ္တမျှ ငြိမ်ကျသွားသည်။ သူ့မျက်လုံးများက တစ်စုံတစ်ခုကို ဝေဖန်ပိုင်းခြား သိမြင်သွားသလို ဖြစ်နေသည်။ သူမက သူမအကြောင်း ပြန်ပြောပြ နေသလိုပင်။ သူမတွင် တောက်ပသည့် အနာဂတ်တစ်ခု ရှိသင့်သည်။ သို့သော်လည်း ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့၏ အကန့်အသက် ရှိသော အရင်းအမြစ်များက သူမအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လာခဲ့သည်။ ထို့ကြောင့်

လင်းဟွမ်ကိုလည်း အလားတူအမှားမျိုး ထပ် မကြုံစေချင်ပေ။

"မင်းက စိတ်ရင်းနဲ့ အကြံပြုနေတဲ့အတွက် မင်းရဲ့အကြံပြုချက်ကို လက်ခံပြီး ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့က ငါ ထွက်သွားမယ်.."

လင်းဟွမ်က ခေါင်းညိတ်ပြီး ပြောလိုက်သည်။ သို့သော်လည်း..

"ဒါပေမယ့် ငါ့အတွက် နောက်ထပ် မဟာမိတ်အဖွဲ့တွေ ရှာပေးစရာ မလိုဘူး။ ဘယ်သွားရမလဲဆိုတာ ငါသိတယ်"

ထို့နောက် သူတို့သည် တိတ်ဆိတ်စွာ ညစာ စားခဲ့ကြသည်။ ညစာ စားပြီးနောက် လင်းဟွမ်က

ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့တံဆိပ်ကို သူမထံ ပြန်ပေးလိုက်သည်။ ပါရမီရှင် သမဂ္ဂအဖွဲ့၏ စာမျက်နှာတွင်

'ထွက်သွားပြီ'

ဟူသော ခလုတ်ကို နှိပ်ကာ ထွက်လိုက်သည်။ ထို့နောက် အခန်းထဲမှ ထွက်ခွာသွားသည်။

ကျန်သည့်သုံးယောက်မှာ အခန်းထဲတွင် ထိုင်နေကြဆဲပင်။

"သွားကြစို့"

ဟန်ဖူဖိန်က ယောင်လန်းကို ပြောလိုက်သည်။ သူ့ကိုကြည့်ရသည်မှာ ဟန်ဖူလင်း အပေါ် ဒေါသထွက်နေပုံပင်။ သူမနှင့်စကားပြောရန် ဝန်လေးနေပုံရသည်။

"မင်း အရင်ထွက်သွားလိုက်ပါ။ ငါ အစ်မလင်းနဲ့ စကားပြောလိုက်ဦးမယ်.."

"မင်း ဘာပြောဦးမလို့လဲ။ အရည်အချင်းရှိတဲ့ လူတစ်ယောက်ကို ရှာတွေ့ဖို့ မလွယ်ဘူး။ ဒါတောင် သူမက ထွက်သွားဖို့ တောင်းဆိုနေတယ်လေ.."

နောက်ဆုံးတွင် ဟန်ဖူဖိန်သည် သည်းမခံနိုင်တော့ဘဲ စိတ်ထဲရှိသည့်အတိုင်း ထုတ်ပြောလိုက်သည်။

"မင်း အရင်သွားပါ။ ငါ အစ်မလင်းနဲ့ ပြောစရာရှိတယ်.."

ယောင်လန်းက သူ့ကို ပြန်လွှတ်ပြီးနောက် ဟန်ဖူလင်းရှေ့တွင် ထိုင်လိုက်ပြီး

"အစ်မလင်း.. ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့ထဲမှာ ပါခဲ့ရတာကို နောင်တ ရနေပြီလား.."

ဟန်ဖူလင်းက တိတ်ဆိတ်နေပြီး သူမ မေးခွန်းကို ပြန်မဖြေပေ။

"ကျေးဇူးတင်ပါတယ်။ အဖြေကို ငါသိတယ်"

ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းပင်။ သူမမေးခွန်းအတွက် အကောင်းဆုံးအဖြေ ဖြစ်ကြောင်း ယောင်လန်း ကောင်းကောင်း သိသည်။

"တောင်းပန်ပါတယ်။ ငါ အဲ့ဒီလောက်အထိ မစဉ်းစားလိုက်မိဘူး"

"ငါ့အတွက် စိတ်မကောင်း မဖြစ်နဲ့။ မင်းနဲ့ ရှောင်ဖိန်တို့လည်း သားကောင်တွေပဲ.."

ဟန်ဖူလင်းက ခေါင်းခါလိုက်ပြီး ..

"ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့က နစ်မြုပ်နေတဲ့ သင်္ဘောတစ်စင်းနဲ့ တူတယ်။ ကပ္ပတိန်နဲ့ သင်္ဘောသားတွေ ဘယ်လောက် ကောင်းကောင်း သင်္ဘောနစ်နေတာကို

တားနိုင်မှာ မဟုတ်ဘူး။ သဘော်ပေါ်မှာ ငါတို့သုံးယောက်ပဲ ရှိနေရင် လုံလောက်ပါပြီ။ ကျန်တဲ့လူတွေကို ဆွဲမခေါ်သင့်တော့ဘူး။ ငါတို့နဲ့အတူ ဆိုရင် ကျန်တဲ့လူတွေကို ဆွဲချလိုက်သလို ဖြစ်သွားလိမ့်မယ်..”

## အခန်း(၆၆၂) - ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ကို ဘယ်တော့မှ မစော်ကားနဲ့။

လင်းဟွမ်သည် ဟန်ဖူလင်းက သူ့ကို ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့မှ ထွက်ရန် ဘာကြောင့် အကြံပြုခဲ့လည်း ဆိုသည်ကို မသိပေ။ သို့သော်လည်း ဟန်ဖူလင်းက ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့က သူ့အတွက် တောက်ပရမည့်နေရာ မဟုတ်ကြောင်း ပြောသည့် စကားမှာ အကြောင်းပြချက် တစ်ခုမျှသာ ဖြစ်ကြောင်း သူ ကောင်းကောင်း သိနေသည်။

သူမ ထုတ်မပြောခဲ့သည့် အခြား အကြောင်းပြချက်များ ရှိနေနိုင်သည်။ ဝန်ခံရန် ဝန်လေးနေသောကြောင့် လင်းဟွမ်ကလည်း နောက်ထပ် မမေးခဲ့ချေ။

လင်းဟွမ်သည် နှုတ်ဆက်ညစာ စားပြီးနောက် ဟိုတယ်သို့ ပြန်လာခဲ့သည်။ ညေ့ခန်းထဲရှိ ဆိုဖာထိုင်ခုံပေါ်တွင်ထိုင်ကာ ဆက်သွယ်ရေး မျက်နှာပြင်ကို ဖွင့်ပြီး ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့မှ ပေးပို့သော ဖိတ်ကြားလွှာကို လေ့လာလိုက်သည်။

ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ထဲတွင် ပါဝင်ချင်သည်မှာ သုံးနှစ်အတွင်း အင်ပါယာအဆင့်ကို

တက်လှမ်းချင်သော သူ့အတွက် အမှန်တကယ်ပင် ပညာရှိသော ဆုံးဖြတ်ချက်တစ်ခုပင် ။ သူ့ကို ထောက်ပံ့ပေးရန် အရင်းအနှီးများစွာ လိုအပ်သည်။ ထို့အပြင် နောက်ထပ် ငါးနှစ်ကြာသောအခါ ကြီးကြီးမားမား ကိစ္စတစ်ခု ဖြစ်လာအုံးမည်။ ထို့ကြောင့် သူ့ကိုယ်သူ တိုးတက်အောင် လုပ်ထားရမည်။

အကယ်၍ ဟန်ဖူလင်းက သူ့ကို ထွက်သွားရန် မတောင်းဆိုခဲ့ပါက အင်မော်တယ်အဆင့် ရောက်မှ သာလျှင် အင်အားကြီးမားသော အခြား မဟာမိတ်အဖွဲ့ တစ်ခုခုနှင့် လက်တွဲ ဖြစ်လိမ့်မည်။

လင်းဟွမ်သည် အချိန် တစ်ခုအထိ စဉ်းစားပြီးနောက် ဖိတ်စာကို ဖွင့်လိုက်သည်။ စာကို နှစ်ကြိမ်တိုင်တိုင် သေသေချာချာ ဖတ်ကြည့်လိုက်သည်။ သူ့အပေါ်တွင် ကန့်သတ်ချက်များစွာ မထားရှိကြောင်း အတည်ပြုပြီးနောက် တုံ့ဆိုင်းခြင်း မရှိတော့ပေ။

ထိုမက်ဆေ့ချ်ကို ဒီဂျစ်တယ် လက်ဗွေရာဖိနှိပ်ပြီး ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ထံ ချက်ချင်း ပို့ပေးလိုက်သည်။ (၁၀) စက္ကန့် မပြည့်ခင် ပါရမီရှင်သမဂ္ဂ စနစ်ထံမှ မက်ဆေ့ချ် ရောက်လာသည်။

“ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ရဲ့ အဖွဲ့ဝင် ဖြစ်သွားလို့ ဂုဏ်ပြုပါတယ်...”

နောက်ထပ် တစ်စက္ကန့်တွင် လင်းဟွမ်ထံကို အမည်မသိ ဖုန်းနံပါတ်တစ်ခုမှ မက်ဆေ့ချ် ဝင်လာသည်။

"ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့မှ ကြိုဆိုပါတယ်။ ငါက အခုလက်ရှိ ကောင်းကင် မဟာမိတ်အဖွဲ့ရဲ့ အကြီးအကဲ ချန်းသွမ်ပါ။ တကယ်လို့ မင်း အားရင် မနက်ဖြန်ကျမှ အေးအေးဆေးဆေး စကားပြောရအောင်"

လင်းဟွမ်သည် မက်ဆေ့ချ် ပေးပို့သူနာမည်ကို မြင်လိုက်လျှင် မမျှော်လင့်ထားသောကြောင့် အံ့အားသင့်သွားသည်။ ဤနာမည်နှင့် ရင်းနှီးလှသည်။

ထိုလူသည် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ ယခုလက်ရှိ အကြီးအကဲ ဖြစ်ရုံသာမက အဖွဲ့ခွဲ (၁) တွင်

အစွမ်းအထက်ဆုံး အထွတ်အထိပ် ပါရမီရှင်လည်း ဖြစ်သည်။ ထို့ကြောင့် အဖွဲ့ခွဲ (၃) ကို ရောက်ပြီးနောက် သူ့နာမည် ကြားဖူးခြင်းမှာ ပထမဦးဆုံး အကြိမ် မဟုတ်တော့ပေ။ သူသည် အသက် (၂၈) နှစ်သာ ရှိသေးပြီး ယခုအခါ၌ အင်မော်တယ် အဆင့် (၉) ရောက်နေပြီ ဖြစ်သည်။ ယခင်က ရွှေ ကြက်သွေးရောင် အဆင့်ကို သတ်ခဲ့ဖူးသည်ဟု ပြောကြသည်။

"ရတယ်။ အချိန်နဲ့နေရာ သိခွင့်ရှိမလား"

လင်းဟွမ်က ခပ်တိုတို ပြန်ဖြေလိုက်သည်။

"မနက်ဖြန် မနက် (၈) နာရီ။ စစ်ဆေးရေးဂိတ် (၄၆) က ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့မှာတွေ့မယ်"

ချန်းသွမ်က တွေ့ဆုံမည့် နေရာနှင့်အချိန်ကို မကြာခင် ပြန်ပို့လာသည်။

လင်းဟွမ်သည် ချန်းသွမ်က သူ့ကို အာရုံစိုက်နေကြောင်း မြင်လိုက်လျှင် အံ့အား သင့်သွားသည်။ သို့သော်လည်း လင်းဟွမ်သည် ဆက်သွယ်ရေး မျက်နှာပြင်ကိုပိတ်ပြီး အတွေးထဲမှ ရုန်းထွက်ကာ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို ဆက်လက် လေ့ကျင့်နေခဲ့သည်။

နောက်တစ်နေ့ မနက်တွင် လင်းဟွမ်သည် သူ၏ ပုံမှန်အချိန်ဇယားအတိုင်း မနက်စာ စားပြီးနောက် ပုံရိပ်ယောင် လောကထဲ ဝင်ရောက်လာခဲ့သည်။

ကြယ်လမ်းစဉ် သစ်ပင်၊ စစ်ဆေးရေးဂိတ် (၄၆) ရှိ သစ်ကိုင်းပေါ်မှ ကောင်းကင် မဟာမိတ်အဖွဲ့၏ တည်နေရာကို လင်းဟွမ်၏ အင်ပါယာနှလုံးသား လက်စွပ်တွင် ပြသထားသည်။ သူ့ အနီးအနားက သစ်ကိုင်း တစ်ခုပင်။

လင်းဟွမ်သည် တည်နေရာကို အတည်ပြုပြီးနောက် ဌာနခွဲနေရာ ရှိရာသို့ အမြန် ချီတက်သွားသည်။ (၁၀)မိနစ်ကျော် ကြာပြီးနောက် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ ဌာနခွဲ (၁) ရှိရာ သစ်ကိုင်းသို့ ရောက်ရှိလာခဲ့သည်။

သစ်ကိုင်းပေါ်သို့ ခုန်ချလိုက်သောအခါ လူတိုင်းက သူ့ကို မှတ်မိသွားကြသည်။

"မင်းက လင်းရှီလား.."

ထိုသစ်ကိုင်းပေါ်တွင် ဆောင့်ကြောင့် ထိုင်နေသော လူတစ်ယောက်က လင်းဟွမ်ကို မြင်လိုက်သည်နှင့် တအံ့တသြ ထအော်သည်။ ထိုအသံကို ကြားလိုက်လျှင် အနီးအနားမှ လူများက လင်းဟွမ်ကို ချက်ချင်း လှည့်ကြည့်လာကြသည်။

အရပ်ပုသောလူသည် တစ်ခုခု မှားနေကြောင်း မကြာခင် သတိပြုလိုက်မိသည်။ သူ့မျက်လုံးထဲတွင် ဒေါသ အရိပ်အယောင်များ တဖျတ်ဖျတ် တောက်ပလာပြီး

မကြာခင် သူ့လက်ထဲတွင် ဓါးမြှောင်နှစ်ချောင်း ပေါ်လာကာ လင်းဟွမ်ထံ ချက်ချင်း ပြေးဝင်သွားပြီး အော်ဟစ်လိုက်သည်။

"အမှတ် လေးသန်းက ငါ့အတွက်ပဲ"

လင်းဟွမ်သည် သူ့ကိုမြင်သည်နှင့် တိုက်ခိုက်လာသည့်အတွက် အံ့အားသင့်သွားသည်။ သို့သော်လည်း ထိုလူ၏ အော်ဟစ်သံကို ကြားပြီးနောက် ဘာကြောင့် သူ့ကို တိုက်ခိုက်ရလဲဆိုသည်ကို ချက်ချင်း နားလည်သွားသည်။ အဓိပ္ပာယ်မဲ့သော အဖြေကို ပြန်တုံ့ပြန်ရန် စိတ်မဝင်စားပေ။

မကြာခင် လေထဲတွင် ငွေရောင် အလင်းတန်းတစ်ခု ဖျတ်ခနဲ လက်သွားပြီး ထိုလူ၏ မျက်ခုံးကြားထဲ ထိုးဖောက်ဝင်ရောက် သွား၏။ ထိုလူမှာ လင်းဟွမ်ထံ ပြေးသွားရင်း မြေပေါ်သို့ အရုပ်ကြိုးပြတ် ဘုန်းခနဲ လဲကျသွားသည်။

ထိုလူ တုန်လှုပ်သွားကာ သတ်ဖြတ်ချင်နေသည့် သူ၏စိတ်ကူးအတွက် မကျေမနပ် ဖြစ်သွားသည်။ ထို့နောက် သူ့ခန္ဓာကိုယ်မှာ အစိတ်စိတ် အပိုင်းပိုင်း ပြိုကွဲသွားပြီး ကြယ်လမ်းစဉ် သစ်ပင်၏ ပထမဦးဆုံး စစ်ဆေးရေးဂိတ်သို့ ပြန်လည် ပို့ဆောင်ခြင်း ခံလိုက်ရသည်။

"ကျန်းဟွေ့ကို သတ်လိုက်ပါပြီ။ အမှတ် (၁၂၃,၁၈၁) မှတ် ရရှိပါတယ်"

လင်းဟွမ်သည် သူ့နောက် ပြေးလိုက်လာသော လူအုပ်ကြီးကို မြင်လျှင် မျက်မှောင်ကြုတ်သွားသည်။

ကျန်းဟွေ့ ဟုခေါ်သောလူမှာ နှစ်ခါပြန် မစဉ်းစားဘဲ တိုက်ခိုက်ခဲ့သောကြောင့် မဆင်မခြင် လုပ်လွန်းသည်ဟုသာ ပြောချင်သည်။ အင်မော်တယ် အဆင့် (၄) လူတစ်ယောက်အနေနှင့် အမှတ် လေးသန်း ရယူနိုင်စွမ်း ရှိ၊ မရှိကိုပင် မစဉ်းစားခဲ့ချေ။

ယခုမူ သူ့ကို ဝန်းရံထားသော လူအားလုံး၏ စွမ်းရည်မှာ သူ့ထက် သာလွန်နေပြီး အားအနည်းဆုံး

လူမှာ အင်မော်တယ် အဆင့် (၅) တွင် ရှိနေပြီး အသန်မာဆုံးမှာ အင်မော်တယ် အဆင့် (၇)ပင် ။

ထိုလူများက သာမန် အင်မော်တယ်အဆင့် (၇) များသာဖြစ်ပါက လင်းဟွမ် စိတ်ပူနေမည် မဟုတ်ချေ။ သို့သော်လည်း ပါရမီရှင် သမဂ္ဂအဖွဲ့ဝင် အများစုမှာ အဆင့်(၃) ဆင့်ကျော် တိုက်ခိုက်နိုင်သော ပါရမီရှင်များသာ...

လူလေးယောက် ပြေးဝင်လာသည်ကို မြင်လိုက်ရသည်။ တစ်မူထူးခြားသော စွမ်းရည်ကို အသုံးမပြုပါက အနိုင်ယူနိုင်မည် မဟုတ်သည်မှာ

အသေအချာပင်။ သူတို့လေးယောက်က အချင်းချင်း မတိုက်ခိုက်ကြသဖြင့် အဖွဲ့တစ်ခုတည်းမှ ဖြစ်နိုင်သည်။

"မင်းက လင်းရှီ မဟုတ်လား။ မင်းအတွက် ခက်ခဲအောင် ငါတို့မလုပ်ချင်ဘူး။ မင်းရဲ့ အမှတ်တစ်ဝက်ကို စွန့်လွှတ်လိုက်မယ်ဆို မင်းကို မတိုက်ခိုက်တော့ဘူး"

ဗလတောင့်သော လူတစ်ယောက်က ပြောလိုက်သည်။

"မင်းကိုကြည့်ရတာ ပထမဦးဆုံး စစ်ဆေးရေးဂိတ်က ပြန်မစချင်ဘူး ထင်တယ်။ ဒီကို ရောက်ဖို့က မလွယ်ဘူးနော်"

ပုံရိပ်ယောင် လောကထဲတွင် အမှတ်များ လွှဲပြောင်းရယူခြင်းက လုယူခြင်းနှင့် အတူတူပင်။ ပြောင်းရွှေ့နိုင်သည့် အများဆုံးအမှတ်မှာ စုစုပေါင်း ရမှတ်၏ တစ်ဝက်သာ ဖြစ်သည်။ ထို့အပြင် အင်ပါယာနှလုံးသားက အားနည်းသော လူများကို ကာကွယ်ပေးသည့် အနေဖြင့် အမှတ်လွှဲပြောင်းခြင်းကို တစ်ရက်သာ ခွင့်ပြုထားသည်။

"ငါ့ရဲ့ အမှတ်တစ်ဝက်ကို မင်းဆီလွှဲပေးရင် ကျန်တဲ့လူတွေက မင်းကို စိတ်မဆိုးဘူးလား"

လင်းဟွမ်က မထေ့တထေ့ ပြုံးပြီး ပြန်မေးလိုက်သည်။

"ငါတို့ကြားမှာ သဘောထား ကွဲလွဲနေစရာ မလိုဘူး။ ငါတို့လေးယောက်က အမှတ်တွေ ခွဲဝေဖို့အတွက် သဘောတူညီချက် ယူပြီးသား။ မင်းရဲ့ အမှတ်တစ်ဝက်သာ ငါတို့ဆီ လွှဲပေးလိုက်...။ မင်း စိတ်ပူနေစရာ မလိုဘူး"

ဗလတောင့်တင်းသော အမျိုးသားနှင့် ကျန်သည့် အမျိုးသားသုံးယောက်သည် လင်းဟွမ်ထံ ချဉ်းကပ်လာကြသော်လည်း ကမူးရှူးထိုး မလုပ်ကြပေ။ သူတို့ရှေ့တွင် ချက်ချင်း ခေါင်းပေါက်ကွဲသွားသော အင်မော်တယ်အဆင့် (၄) တစ်ယောက်က နမူနာ ပြထားသည်။ လင်းဟွမ်၏စွမ်းရည်ကို တိတိကျကျ

မခန့်မှန်း နိုင်သောကြောင့် စွန့်စားရန် တွန့်ဆုတ်နေကြသည်။ သို့သော်လည်း လင်းဟွမ်က စိတ်ဝိညာဉ်တိုက်ခိုက်ရေးသမား တစ်ယောက် ဖြစ်ကြောင်း သိကြသည်။

စိတ်ဝိညာဉ် တိုက်ခိုက်ရေးသမား တစ်ယောက်ကို အနီးကပ် တိုက်ခိုက်ပါက စိတ်ဝိညာဉ်တိုက်ခိုက်ရေးသမား၏ တိုက်ခိုက်ရေး စွမ်းရည်မှာ (၁၀) ရာခိုင်နှုန်းအောက်သာ လျှပ်ရှားနိုင်တော့သည်။ ဒါသည် လင်းဟွမ်အနားကို ဖြည်းဖြည်းချင်း ချဉ်းကပ်လာရသော အကြောင်းအရင်းပင်....

လင်းဟွမ်သည် ထိုလေးယောက်က တစ်ဖွဲ့တည်း ဖြစ်ကြောင်း အတည်ပြုပြီးနောက် မျက်မှောင်ကြုတ်သွားသည်။

ဤကဲ့သို့ နေရာမျိုးတွင် တိုက်ခိုက်ရေးအဆင့်ကို မြှင့်တင်ရန် ယာယီ အသွင်ပြောင်းကတ်ကို မဖြုန်းတီးချင်ပေ။ သို့သော်လည်း ဤလေးယောက်ကို မသတ်ပါက သူ့အမှတ် တစ်ဝက်ကို ပေးရလိမ့်မည်။

သူတို့လေးယောက် အနား ချဉ်းကပ်လာသည်ကို သိလိုက်လျှင် လက်ထဲတွင် ယာယီ အသွင်ပြောင်းကတ် ပေါ်လာသည်။ ထိုကတ်ကို ချေမွရန် လုပ်လိုက်စဉ်

ကြောက်စရာကောင်းသော အော်ရာတစ်ခုက ရုတ်တရက် ထွက်ပေါ်လာသည်။

အော်ရာ ထွက်လာသောနေရာကို လှည့်ကြည့် လိုက်ရာ အင်္ကျီအဖြူ ဝတ်ထားသော လူတစ်ယောက်က သူတို့ထံ ဖြည်းဖြည်းချင်း လမ်းလျှောက်လာနေသည်ကို တွေ့လိုက်ရသည်။ ထိုစဉ် ရှပ်အင်္ကျီအဖြူ ဝတ်ဆင်ထားသော အမျိုးသားက သူတို့ကို ဖျတ်ခနဲ ကျော်သွားပြီး လင်းဟွမ်ရှေ့တွင် ပေါ်လာသည်။

လင်းဟွမ်၏ မြင်ကွင်းထဲတွင် ထိုလူက နေရာ ကူးပြောင်းသွား သကဲ့သို့ ထိုလူ၏ လှုပ်ရှားမှုကို လှမ်းကြည့်၍ မမီခဲ့ပေ။ သို့သော်လည်း လင်းဟွမ်သည်

နေရာကူးပြောင်းခြင်း၏ အတတ်ပညာ ကျင့်စဉ်များကို ကြယ်လမ်းစဉ် သစ်ပင်များပေါ်တွင် တားမြစ်ထားကြောင်း ကောင်းကောင်း သိနေသည်။

"မင်္ဂလာပါ လင်းရှီ။ နောက်ဆုံးတော့ ငါတို့ တွေ့ရပြီ"

ရှပ်အင်္ကျီအဖြူ ဝတ်ဆင်ထားသော အမျိုးသားက လက်ကို ဆန့်တန်းရင်း ပြောလိုက်သည်။

"မင်းက ချန်းသွမ်လား..."

လင်းဟွမ်က ခန့်မှန်းလိုက်သည်။

သူတို့နှစ်ယောက် လက်ဆွဲ နှုတ်ဆက်လိုက်ကြသည်။

ချန်းသွမ်က နောက်ပြန်လှည့်ပြီး လင်းဟွမ်ထံမှ လုယက်ချင်နေသော လူလေးယောက်ကို ကြည့်လိုက်ပြီး

"မင်းတို့ လေးယောက်က ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ဝင်ဆီက လုယူချင်တာလား..."

"ကောင်းကင်ဘုံ မဟာမိတ်လား..."

သူတို့လေးယောက်လုံး အံ့အောသွားပြီး မကြာခင် မျက်နှာပျက် သွားကြသည်။

"သူ..... သူက ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ရဲ့ အကြီးအကဲ ချန်းသွမ်"

သူတို့ထဲမှ နှစ်ယောက်သည် နောက်ဆုံး၌ ချန်းသွမ်ကို မှတ်မိသွားကြသည်။

"တောင်းပန်ပါတယ်။ နားလည်မှုလွဲသွားတာ။ ငါတို့ ချက်ချင်း ထွက်သွားပါ့မယ်"

ဗလတောင့်သောလူက တောင်းပန်ပြီး ထွက်သွားရန် လုပ်လိုက်သည်။ ကျန်သည့်လူများကလည်း ခွင့်လွှတ်ဖို့ တောင်းဆိုပြီး ထွက်ပြေးသွားကြသည်။

"အခုမှတော့ ထွက်သွားဖို့ နောက်ကျသွားပြီ"

ချန်းသွမ်က သူတို့ကို မလွှတ်ပေးချင်ပေ။

“ဒီနေ့ မင်းတို့လေးယောက်ကို သင်ခန်းစာတစ်ခု ပေးလိုက်မယ်။ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ကို ဘယ်တော့မှ မစော်ကားနဲ့”

စကားပြောပြီးသည်နှင့် ချန်းသွမ်၏ မျက်လုံးထဲတွင် အနက်ရောင် အရိပ်တစ်ခု ဖြတ်ပြေးသွားပြီး သူတို့ ခန္ဓာကိုယ်လေးခုမှ အနက်ရောင် မြူခိုးများ စိမ့်ထွက်လာသည်။ မကြာခင် သူတို့၏ ခန္ဓာကိုယ်များကို အနက်ရောင် မြူခိုးများက ဖုံးအုပ်သွားခဲ့သည်။ ကြောက်လန့်တကြား အော်ဟစ်သံများ ထွက်ပေါ်လာပြီးနောက် သူတို့ လေးယောက်လုံး လုံးဝ ပျောက်ကွယ်သွားသည်။

ချန်းသွမ်က သူတို့ လေးယောက်အား စက္ကန့်ပိုင်းလေးအတွင်း သတ်ပစ်လိုက်သည်ကို မြင်လျှင် ပတ်ဝန်းကျင်ရှိလူများသည် သူတို့ပါ အမှုပတ်လာမည်ကို စိုးရိမ်ပြီး ချက်ချင်း ထွက်သွားကြသည်။

ချန်းသွမ်က သူတို့ကို သတ်ပြီးနောက် ဘာမှ မဖြစ်သကဲ့သို့ အေးဆေးသော အမူအရာနှင့် လင်းဟွမ်ကို ကျေနပ်အားရစွာ လှမ်းကြည့်လိုက်ကာ

"ကဲလာ... တစ်ခုခုသောက်ရင်း စကား ပြောရအောင်..."

## အခန်း(၆၆၃) - ချန်းသွမ်နှင့် စကားပြောခြင်း။

ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ကို (၄၆) ခုမြောက် စစ်ဆေးရေးဂိတ်ရှိ အထူဆုံး သစ်ကိုင်းပေါ်တွင် တည်ဆောက်ထားသည်။ ထိုသစ်ကိုင်းသည် ကီလိုမီတာ ထောင်ပေါင်းများစွာ ရှည်လျားသော ဧရိယာကို လွှမ်းခြုံထားပြီး ထိပ်ဖျားတွင် ပေါက်ရောက်နေသော အရွက်ပေါင်း ရာနှင့်ချီပြီး ရှိနေသည့် အကိုင်းအခက်တစ်ခုပင် ။ ထိုနေရာ တစ်ခုလုံးသည် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ ပိုင်နက် ဖြစ်သည်။

လင်းဟွမ်သည် ချန်းသွမ်နောက်မှ လိုက်သွားရင်း လမ်းတစ်လျှောက်တွင် တွေ့ခဲ့သော လူများမှာ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ အဖွဲ့ဝင်များ ဖြစ်ကြောင်း သဘောပေါက်သွားသည်။ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့တွင် အဖွဲ့ဝင် ထောင်ပေါင်းများစွာ ရှိသည့်အကြောင်း ယောင်လန်း ပြောခဲ့သည်ကို ပြန်သတိရသွားပြီး ထူးဆန်းသလို ခံစားလိုက်ရသည်။

နောက်ဆုံး၌ အကိုင်းအခက်၏ အဆုံးသို့ ရောက်သွားသောအခါ လင်းဟွမ်သည် ကြယ်လမ်းစဥ် သစ်ပင်၏ အရွက်များကို မြင်လိုက်ရသည်။

ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် ပေါက်ရောက်နေသည့် အရွက်များမှာ ထူးခြားသော ပုံပန်းသဏ္ဌာန်ရှိသည်။ အစောပိုင်းက လင်းပြွမ် စိတ်ကူးထားသည်နှင့် အနည်းငယ် ကွဲပြားနေသည်။ သူတို့သည် သာမန်အရွက် အမျိုးအစားမျိုး မဟုတ်ပေ။ ထိုအစား ပုံသဏ္ဌာန်အမျိုးမျိုး ရှိနေသော ကျွန်းများနှင့် ပိုတူနေသည်။ ကျွန်းထိပ်တွင် ကွဲပြားသော အဖြူရောင်ပူဖောင်းလေးများက အရွက်အရှေ့ပိုင်းကို ဖုံးအုပ်ထားသည်။

ပူးပေါင်း ဖုံးအုပ်ထားသော အရွက်ထဲသို့မဝင်ခင် ချန်းသွမ်က ပူဖောင်းကို ဖိလိုက်ရာ မကြာခင်

နှစ်မီတာခန့်မြင့်သော တံခါးငယ်လေး တစ်ခု ပေါ်လာသည်။

"ဒါက ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ရဲ့ ပိုင်နက်ပဲ။ အရွက်အများစုကို ကောင်းကင်ဘုံ အဖွဲ့ဝင်တွေအတွက် ဖွင့်ပေးထားတယ်။ အရွက်ထဲက ဒိုင်မေးရှင်းထဲ ဝင်ချင်ရင်တော့ သဘောတူညီချက် လက်မှတ်ရေးထိုးတဲ့ ဟာကို အပေါ်မှာ တင်ထားပေးရမယ်။ အဲဒါဆို ပူဖောင်းတံခါးက အသက်ဝင်လာလိမ့်မယ်။ (၆၃) ခုမြောက် စစ်ဆေးရေးဂိတ်ရဲ့ အချို့နေရာတွေကို ကန့်သတ်ထားတယ်။ အကြီးအမှူးနဲ့ ဒုတိယ အကြီးအမှူးတွေကိုပဲ ဝင်ခွင့်ပြုတယ်"

စကားဆုံး သွားပြီးနောက် ချန်းသွမ်က ပူပေါင်းထဲ ဝင်သွားသည်။ သူ ဝင်လိုက်သည်နှင့် ဖွင့်ထားသော ပူဖောင်း တံခါးပေါက်က ချက်ချင်း ပြန်ပိတ်သွား၏။

လင်းဟွမ်သည် ချန်းသွမ် ပြောသည့်အတိုင်း ညာလက်ဖဝါးကို ပူဖောင်းပေါ် တင်လိုက်သည်။ မကြာခင် အနက်ရောင် တံခါးငယ်လေးတစ်ခု ပွင့်သွားပြီး လင်းဟွမ် ချက်ချင်း ဝင်သွားသည်။ ထို့နောက် ပြည်ထောင်စုအစိုးရ၏ အဆောက်အဦးနှင့် တူသော အခန်းငယ်တစ်ခုကို တွေ့လိုက်ရသည်။

"အရှက်က ပြည်ထောင်စုအစိုးရ ပိုင်တယ်။ ဒါကြောင့် အဆောက်အဦး ပုံစံက ပြည်ထောင်စု အစိုးရရုံးနဲ့

ခပ်ယောင်ယောင်လေး တူတာ.။ ပြုပြင်မွမ်းမံ ဖို့တော့ စိတ်မဝင်စားဘူး။ ဒီအဆောက်အဦးကိုပဲ ရုံးခန်းအဖြစ် အသုံးပြုခဲ့တယ်..”

ချန်းသွမ်က ရှင်းပြလိုက်သည်။ မကြာခင် လင်းဟွမ်ကို သူတို့ရုံးခန်းထဲ ဦးဆောင် ခေါ်ဆောင်သွားသည်။ ညှော်ခန်းထဲတွင် ကုတ်အင်္ကျီ ဝတ်ဆင်ထားသော အရပ်ရှည်သည့် လူတစ်ယောက်က ခပ်တောင့်တောင့် မတ်တပ်ရပ်နေသည်။ သူက ချန်းသွမ်ကို နှုတ်ဆက်လိုက်ပြီးနောက် လင်းဟွမ်ကို စိုက်ကြည့်ကာ အနည်းငယ် ခေါင်းညိတ်ပြသည်။

“သူက စစ်ဆေးရေးဂိတ် (၄၆) ရဲ့ တာဝန်ခံ ဝမ်ကျန်း”

ချန်းသွမ်က အကျဉ်းချုံး မိတ်ဆက်ပေးပြီးနောက် ဝမ်ကျန်းကို လှမ်းပြောလိုက်သည်။

“ငါ သူနဲ့ စကားပြောဦးမယ် ။ နောက်မှ ပြန်လာခဲ့”

“ထိုင်ခုံမှာ ထိုင်ပါ”

အစည်းအဝေး အခန်းထဲမှ စားပွဲပေါ်တွင် ဝမ်ကျန်းက လက်ဖက်ရည်နှစ်ခွက် ပြင်ဆင် ပေးထားသည်။ ချန်းသွမ်က စားပွဲထိပ်တွင် မထိုင်ပေ။ ထိုအစား တွေ့သည့် ကုလားထိုင်တစ်ခုကို ဆွဲယူပြီး ထိုင်လိုက်သည်။ လင်းဟွမ်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက် ခြင်းပင် ။

လင်းဟွမ်သည် ယနေ့ သူနှင့်တွေ့သော ချန်းသွမ်က ကိုယ်ပွားဖြစ်လိမ့်မည်ဟု တွေးခဲ့မိသည်။ သို့သော်လည်း လုယူရန် ကြိုးစားသည့် လူလေးယောက်ကို စက္ကန့်ပိုင်းလေးအတွင်း သတ်ဖြတ်လိုက်သည်ကို မြင်ပြီးနောက် ခန္ဓာကိုယ် အစစ်အမှန် ဖြစ်ကြောင်း သိခဲ့ရသည်။

"ပထမဦးဆုံးအနေနဲ့ ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့ကိုယ်စား မင်းကို ကြိုဆိုပါတယ်။ ရိုးရိုးသားသားပြောရရင် မနေ့က ဖိတ်စာ ပို့လိုက်တဲ့အချိန်မှာ မင်း ငြင်းပယ်မှာပဲလို့ စိတ်ထဲမှာ ပြင်ဆင်ထားပြီးသား.."

ချန်းသွမ်က ရယ်မောရင်း ပြောလိုက်သည်။

"အရင်က ဖိတ်ကြားချက်ကို လက်ခံဖို့ ရည်ရွယ်ချက် မရှိဘူး။ ဒါပေမယ့် မမျှော်လင့်တဲ့ အပြောင်းအလဲတစ်ခုက ရုတ်တရက် ဖြစ်သွားတယ်.."

လင်းဟွမ်က ဘာကြောင့်လဲဆိုသည်ကို အတိအကျ မပြောခဲ့ပေ။

"ဒါဆို ငါတို့ တော်တော်လေး ကံကောင်းတဲ့ပုံပဲ"

ချန်းသွမ်က ဆက် မမေးတော့ပေ။

"ကဲ.. မင်းက ငါတို့အဖွဲ့ဝင် ဖြစ်နေပြီဆိုတော့ ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့အကြောင်းကို အကျဉ်းချုံး မိတ်ဆက်ပေးမယ်"

"ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ကို လွန်ခဲ့တဲ့ နှစ်ပေါင်း(၇၈၃) နှစ်က တည်ထောင်ခဲ့တယ်။ အဲ့ဒီ ခေတ်ကာလမှာတော့ ပုံရိပ်ယောင် လောကထဲမှာ ပထမဦးဆုံး ဖွဲ့စည်းတဲ့ အဖွဲ့အစည်းတစ်ခုပဲ။ တစ်ခုတည်းသော ပါရမီရှင် အဖွဲ့အစည်း ဆိုလည်း ဟုတ်တယ်။ အဖွဲ့ခွဲ (၁) ကို တိုးချဲ့လာတာနဲ့ အမျှ ပါရမီရှင် အရေအတွက်တွေကလည်း တိုးပွားလာတယ်။ အဲ့ဒါနဲ့ ငါတို့ကလည်း မတူညီတဲ့ မဟာမိတ်

အဖွဲ့အစည်းတွေအဖြစ် ခွဲခြားခဲ့ကြတယ်။ အဖွဲ့ခွဲ (၂)၊ အဖွဲ့ခွဲ (၃) နဲ့ တခြား ဘေးကင်းရေးဇုန်တွေ ဖော်ဆောင်ပြီးတဲ့ အခါမှာတော့ ကျန်တဲ့ အဖွဲ့အစည်းတွေလည်း ပူးပေါင်း ပါဝင်လာကြတာ။”

“ အချို့မဟာမိတ် အဖွဲ့တွေက သီးခြား အကြောင်းပြချက်တွေနဲ့ လွတ်လွတ်လပ်လပ် ရပ်တည်ကြတယ်။ အခုအခါမှာတော့ သူတို့ကို ဟောင် မဟာမိတ်အဖွဲ့၊ ထန် မဟာမိတ်အဖွဲ့လို့ ခေါ်ကြတယ်”

“လွန်ခဲ့သော နှစ်ပေါင်း (၇၀၀) ကျော်တုန်းက ငါတို့ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့က ပါရမီရှင်သမဂ္ဂ အတွင်းမှာရှိတဲ့ မဟာမိတ်အဖွဲ့အားလုံးရဲ့ ခေါင်းဆောင်

ဖြစ်ခဲ့တယ်။ ဒါကြောင့် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ရဲ့ အဖွဲ့ဝင်အားလုံးကို အထူးအခွင့်အရေး ပေးထားတယ်။ ဥပမာ ပါရမီရှင်သမဂ္ဂထဲမှာ ပစ္စည်းတွေကို လဲလှယ်ဖို့အတွက် အမှတ်တွေ အသုံးပြုရင် (၃၀) ရာခိုင်နှုန်း လျှော့ဈေးပေးထားတယ်။”

“ အကြီးအကဲနဲ့ ဒုတိယ အကြီးအကဲတွေ အတွက်ဆိုရင် (၄၀) ရာခိုင်နှုန်း လျှော့ဈေး ခံစားခွင့် ရှိတယ်။ အခြား တစ်ဖက်မှာတော့ ဟောင် မဟာမိတ်အဖွဲ့ရဲ့ အကြီးအကဲနဲ့ ဒုတိယ အကြီးအကဲတွေက (၃၀) ရာခိုင်နှုန်းပဲ လျှော့ဈေး ခံစားခွင့်ရှိတယ်။ နောက်ပြီးတော့ ပါရမီရှင် သမဂ္ဂမှာ

ဒုတိယအဆင့်ရှိတဲ့ ဟောင် မဟာမိတ်အဖွဲ့ဝင်တွေကို လစဉ်လတိုင်း ချီးမြှင့်တဲ့ ဆုပမာဏထက် နှစ်ဆ ချီးမြှင့်တယ်"

"လက်တွေ့ လောကမှာလည်း ဟင်းလင်းပြင် အပျက်အစီးအသစ် နေရာတွေ ရွေးချယ်တာတွေ၊ ဟင်းလင်းပြင် အပျက်အစီးထဲ ဝင်ရောက်ခွင့် စတာတွေမှာ ဦးစားပေးခံရတယ်"

"ငါတို့တွေက ခေါင်းဆောင်တွေ ဖြစ်နေတော့ ငါတို့ရဲ့လုပ်ရပ်တွေကိုလည်း လူတွေက စောင့်ကြည့်နေကြတယ်"

“ မင်းကို အဖွဲ့ထဲ ခေါ်တဲ့ကိစ္စနဲ့ ပက်သက်ရင်တော့ ဒုတိယအကြီးအကဲတချို့က ငါ့ရဲ့ အကြံပြုချက်ကို ဆန့်ကျင်ခဲ့ကြတယ်။ အဓိက အကြောင်းအရင်းကတော့ ဒီကာလထဲမှာ မင်းနဲ့ပတ်သက်တဲ့ မှတ်ချက်တွေကလည်း များလွန်းတာကိုး.....”

ချန်းသွမ်က နောက်ဆုံး စကား မပြောခင် လင်းဟွမ်သည် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ဝင် အများစုသည် သူတို့၏ ဂုဏ်သိက္ခာ ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေမည့် အရာများနှင့် ပက်သက်၍ ပူးပေါင်းရာတွင် လှည့်စားရန် ရည်ရွယ်ချက် မရှိကြောင်း သိထားပြီးသားပင်။

“ဘာဖြစ်လို့ ငါ့ဘက်က ရပ်တည်ဖို့ ရွေးချယ်ခဲ့တာလဲ..”

လင်းဟွမ်သည် ထိုအချက်နှင့် ပက်သက်၍ ဇဝေဇဝါဖြစ်နေသည်။

“ဘာဖြစ်လို့လဲဆိုတော့ မင်းက တကယ်သန်မာတဲ့ လူတစ်ယောက် ဖြစ်နေလို့ပေါ့။ မင်း ဘယ်လို လုပ်ခဲ့လဲတော့ ငါ မသိဘူး။ ဒါပေမယ့် ငါ အပြာရောင် မီးလျှံအဆင့်မှာ ရှိတုန်းက စစ်ဆေးရေးဂိတ် (၂၁) မှာ အမှတ် (၈) သန်းရဖို့ မဖြစ်နိုင်ဘူး။ ရွှေရောင် မီးလျှံအဆင့် ရောက်နေရင်တောင် ငါလုပ်နိုင်မှာ မဟုတ်ဘူး။ နောက်ပြီးတော့ အပြာရောင် မီးလျှံအဆင့်နဲ့

စစ်ဆေးရေးဂိတ် (၄၆) ရောက်ဖို့အတွက်ဆို ငါ့မှာ နည်းဗျူဟာတွေ ရှိနေရင်တောင် ဖြစ်နိုင်ချေ နည်းလွန်းတယ်”

ချန်းသွမ်သည် အကယ်၍ အဆင့်တူပါက လင်းဟွမ်ထက် အားနည်းကြောင်း ဝန်ခံလိုက်သည်။ လိမ်လည် လှည့်ဖျားသည့်အကြောင်းကို ထပ်မံ ပြောဆိုခြင်း မရှိခဲ့ပေ။

“မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ မသေဘူးဆိုရင် အင်မော်တယ်အဆင့်ကို ရောက်တာနဲ့ မင်းရဲ့ အစွမ်းအစက ငါ့ထက်တောင် ပိုပြီး သန်မာလာနိုင်တယ်။ ဒီလိုမျိုး ပျိုးပင်ကောင်းကို တောထဲမှာ စွန့်ပစ်ခံရတာမျိုး

မမြင်ချင်ဘူး။ ဒါဆိုရင် မြက်ပင်တွေနဲ့ အတူတူရောပြီး သေကုန်မှာပေါ့။ ကြွယ်ဝတဲ့ မြေဆီလွှာရှိတဲ့ နေရာမှာသာ သစ်ပင်ကြီး တစ်ပင်အဖြစ် ကြီးထွား ပေါက်ဖွားနိုင်တယ်။ တခြား အဖွဲ့အစည်းတွေအစား ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့က မင်းအတွက် ကူညီပေးတဲ့ လက်တစ်စုံ ဖြစ်လာဖို့ မျှော်လင့်တယ်”

“မင်းရဲ့ ချီးကျူး အသိအမှတ်ပြုမှုအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ငါက အပြာရောင်မီးလျှံအဆင့်လေးပါပဲ..”

“ဒါ ယာယီပါကွာ။ မင်းက အနှေးနဲ့အမြန် ကြီးပြင်းလာမှာပါ။ ငါ့အထင် မှန်တယ်ဆိုတာ လူတိုင်းကို

သက်သေပြနိုင်မယ်လို့ ငါ ယုံကြည်တယ်။ သူတို့မှားကြောင်း သက်သေပြရမယ်။ ရိုးရိုးသားသားပြောရရင် ပြီးခဲ့တဲ့ နှစ် (၂၀)၊ (၃၀) အတွင်းမှာ ငါတို့က အင်မော်တယ်အဆင် (၆) ဒါမှမဟုတ် (၇) ထက်မြင့်တဲ့ အဆင့်တွေကိုပဲ စုဆောင်းလေ့ ရှိတယ်။ အင်မော်တယ် အဆင့်ထဲမှာတောင် အားနည်းတဲ့ လူတွေကို စုဆောင်းခဲ့တာ နည်းတယ်။ အများအားဖြင့်တော့ အရည်အချင်းရှိတဲ့ အင်မော်တယ်အဆင့် (၂) နဲ့ အဆင့်(၃) အများစုကို ဟောင် မဟာမိတ်အဖွဲ့နဲ့ ထန် မဟာမိတ်အဖွဲ့တွေက စုဆောင်းတယ်။ ဒါပေမယ့် သူတို့ ဒီနှစ် တစ်လျှောက်မှာ အင်မော်တယ် အဆင့်နိမ့်ကနေ အဆင့်မြင့် လူတွေအထိ ချဲ့ထွင်းပြီး စုဆောင်းလာတယ်။

ဒါပေမယ့် ငါတို့ မဟာမိတ်အဖွဲ့ကလည်း အစွမ်းထက်တဲ့လူတွေ ထွက်သွားတော့ လူအရေအတွက် လျော့နည်းလာတယ်”

“ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ကို ငါ တာဝန်ယူပြီး ကတည်းက ဒါက အားနည်းချက်ဆိုတာ နားလည် လာတယ်။ နောက်ပြီးတော့ ဒီပြဿနာကို ဘယ်လို ဖြေရှင်းရမလဲဆိုတာ ငါ မသိခဲ့ဘူး။ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့အတွက် ကောင်းမွန်တဲ့အရာ တစ်ခုခု လုပ်ပေးနိုင်မယ်လို့ ငါ မျှော်လင့်တယ်။ အဖွဲ့ကို သွေးသစ်လေးတွေ လောင်းမှပဲ မဟာမိတ်အဖွဲ့က ပိုမို ကြီးထွား တိုးတက် အားကောင်း လာလိမ့်မယ်”

လင်းဟွမ်နှင့် နာရီဝက်ခန့်ကြာအောင် စကားပြောခဲ့ပြီး အချိန်အများစုကို လင်းဟွမ်က နားထောင်ရင်း ကုန်ဆုံးခဲ့သည်။ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့အစည်း၏ အတိတ်က ဘုန်းကျက်သရေနှင့် ယခုလက်ရှိ သူတို့ ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် အမြင်ကိုလည်း ပြောပြခဲ့သည်။

ငါးနှစ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအပြင် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့အစည်းနှင့် မသက်ဆိုင်သော ဘေးအန္တရာယ်များ အကြောင်းကိုပင် ဆွေးနွေး ခဲ့ကြသည်။

"မင်းက ဘယ်လို လူစားမျိုးလဲဆိုတာ သိချင်လို့ တွေ့ဆုံကြည့်တာ။ အခုတော့ မင်း ဘယ်လိုလူလဲ ဆိုတာ ငါ မြင်ရပြီ။ ငါ စိတ်ကူးထားတာနဲ့ မတူပေမယ့် ကျေနပ်ပါတယ်"

နာရီဝက်ကျော် ကြာသွားပြီးနောက် ချန်းသွမ်က ထိုင်ခုံမှ ထလိုက်သည်။

"ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ကို မင်းပိုင်တယ်လို့ ခံစားပြီး တည်ဆောက်ပါ။ မင်းအိမ်၊ မင်းရွာလို သဘောထားစေချင်တယ်။ အဖွဲ့အစည်းထဲမှာ လူသစ်တွေရဲ့ လက်ခံပွဲကို ဝမ်ကျန်းဆီ ငါ

လွှဲပေးထားတယ်။ တစ်ခုခု မေးစရာရှိရင် သူ့ကို မေးလိုက်ပါ”

ချန်းသွမ်က လင်းဟွမ်ပခုံးကို ပုတ်လိုက်ပြီး..

“တကယ်လို့ မင်းမှာ မဖြေရှင်းနိုင်တဲ့ ပြဿနာတစ်ခုခု ကြုံလာရင် ငါ့ဖုန်းနံပါတ် မင်း သိပြီးသားပဲ။ ဖုန်းသာ ဆက်လိုက်”

# အခန်း(၆၆၄) - လောင်းခြင်း။

ဝမ်ကျန်းသည် ဗလတောင့်တင်းသော လူဖြစ်ပြီး အရပ်မှာ အနည်းဆုံး (၁.၉၅) မီတာ ရှိသည်။ မှုတ်ဆိတ်မွေး ရေးရေးလေး ရိတ်ထားသဖြင့် စိမ်းဖန့်ဖန့် အရိပ်လေးက မျက်နှာပေါ် ဖြတ်ပြေးနေပြီး လေးနက် တည်ကြည်သော အရိပ်အယောင်မျိုး ရှိနေသည်။ တိုက်ခိုက်ရေးအဆင့်မှာ အင်မော်တယ် အဆင့် (၇) တွင် ရှိပြီး ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ ဌာနခွဲကို တာဝန်ယူထားသူ ဖြစ်သည်။

ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ဝင် အများစုမှာ စစ်ဆေးရေးဂိတ် (၅၅) အခြေစိုက်စခန်းတွင် ရှိကြသည်။

"စစ်ဆေးရေးဂိတ် (၄၆ )မှာ လူ အနည်းစုပဲရှိတာ။ ငါတို့နှစ်ယောက် အပါမှ စုစုပေါင်း (၂၈) ယောက်ပဲ ရှိတယ်"

ဝမ်ကျန်းက ဘာကြောင့် ဤမျှ တိတ်ဆိတ်နေရလဲ ဆိုသည်ကို ရှင်းပြလိုက်သည်။

"မင်းက စစ်ဆေးရေးဂိတ် (၄၆) မှာ အချိန် အကြာကြီး နေမယ်လို့ စိတ်ကူးထားရင် ပတ်ဝန်းကျင်နဲ့ ရင်းနှီးသွားအောင် မင်းကို လိုက်ပြပေးမယ်"

ဝမ်ကျန်းသည် လင်းဟွမ်ကို အထင်ကြီးခြင်း မရှိပေ။ လင်းဟွမ်က အချိန်တိုလေးအတွင်း၌ စစ်ဆေးရေးဂိတ် (၅၅) ကို ဖြတ်ကျော်နိုင်ချေ နည်းပါးသည်ဟု သူ ထင်သည်။

လင်းဟွမ်ကလည်း သူ့ကိုယ်သူ ကောင်းကောင်း သိသည်။ သူ၏ လက်ရှိစွမ်းရည်နှင့် ဆိုပါက စစ်ဆေးရေးဂိတ် (၅၅) မဆိုထားနှင့် စစ်ဆေးရေးဂိတ် (၅၀) ကပင် သူ့အတွက် စိန်ခေါ်မှုကြီး ဖြစ်နေပြီ။ စစ်ဆေးရေးဂိတ် (၅၅) အောက်တွင် လူသားများအတွက် အနီးဆုံး စုရပ်မှာ စစ်ဆေးရေးဂိတ် (၄၆)ပင် ။

ဝမ်ကျန်းတွင် ရင်းနှီးဖော်ရွေသော မျက်နှာအမူအရာမျိုး မရှိသော်လည်း တစ်နည်းနည်းအားဖြင့် တာဝန်ယူတတ်သော လူတစ်ယောက်ဖြစ်သည်။ ပတ်ဝန်းကျင်နှင့် ရင်းနှီးသွားစေရန် တစ်မနက်လုံး လှည့်ပတ် ခေါ်ဆောင်သွားခဲ့သည်။ သွားရာလမ်းတစ်လျှောက်တွင် လင်းဟွမ် မေးသမျှ မေးခွန်းအားလုံးကို ဖြေကြားခဲ့ပြီး အသေးစိတ် ရှင်းပြခဲ့သည်။ ဘာတစ်ခုမှ ဖုံးကွယ်ထားခြင်း မရှိသလိုပင်။

"စစ်ဆေးရေးဂိတ် (၄၆) မှာ အင်အားအကြီးဆုံး မဟာမိတ်အဖွဲ့က ဟောင် မဟာမိတ်အဖွဲ့ပဲ။

သူ့နောက်မှာ ထန်မဟာမိတ်အဖွဲ့ လိုက်တယ်။ ငါတို့ရဲ့ အင်အားက မြင့်မြတ် မဟာမိတ်အဖွဲ့နဲ့ အတူတူပဲ။ တိုက်ပွဲ သန်မာမှုအရ ပြောရရင် ငါတို့က တတိယအဆင့်ပဲ”

ဝမ်ကျန်းက နေ့လည်စာစားနေစဉ် သူတို့၏ ပြိုင်ဘက်အခြေအနေကို အကြမ်းဖျင်း သိရအောင် ပြောပြနေသည်။

“သာမန် အခြေအနေဆိုရင် စစ်ဆေးရေးဂိတ် (၅၅) အောက်မှာ ရှိတဲ့ စစ်ဆေးရေးဂိတ်တွေမှာ အများအားဖြင့်တော့ ပြဿနာ မတက်ကြဘူး။ ဒါပေမယ့် ချွင်းချက်လဲ ရှိတယ်။ နောက်ပြီးတော့ မင်းရဲ့ အခြေအနေကလည်း အရမ်း ထူးခြားနေတယ်။ ဟောင်

မဟာမိတ်အဖွဲ့နဲ့ ထန် မဟာမိတ်အဖွဲ့ရဲ့ လူတွေက မင်းကို စိန်ခေါ်ပြီး သူတို့ရဲ့ ရည်ရွယ်ချက် အောင်မြင်သွားအောင် အသုံးချသွားနိုင်တယ်။ နောက်ပြီးတော့ မြင့်မြတ် မဟာမိတ်အဖွဲ့ကလည်း မင်းနဲ့ လောင်းကြေးထပ်လို့ ရအောင် ရန်စလာနိုင်တယ်။ အဲ့ဒီလိုဖြစ်လာရင် မင်း အရှုံးလုပ်ခံနဲ့။ ငါ့ဆီကို အရင်ဆုံးဆက်သွယ်လိုက်။ ငါ ကိုင်တွယ်လိုက်မယ်”

“မင်းက အထွတ်အထိပ် ပါရမီရှင် တစ်ယောက်ဖြစ်ပြီး အားမနည်းဘူး ဆိုတာ ငါသိတယ်။ ဒါပေမယ့် ကြယ်လမ်းစဉ် သစ်ပင်ပေါ်မှာ ရှိနေတဲ့လူတိုင်းကလည်း ပါရမီရှင်တွေချည်းပဲ။ အင်မော်တယ်အဆင့် (၆) မှာ

ရှိတဲ့လူတွေက အင်မော်တယ် အဆင့် (၉) နဲ့တန်းတူပဲ။ နောက်ပြီးတော့ စစ်ဆေးဂိတ် (၄၆) မှာ အင်မော်တယ် အဆင့် (၆) တွေ အများကြီးပဲ”

ဝမ်ကျန်းက လင်းဟွမ်ကို လေးနက်သော အမူအရာနှင့် စိုက်ကြည့်ပြီး အကြံပေးနေသည်။

“အမှတ်တွေကို အမြန်ဆုံး အသုံးပြုဖို့ အကြံ ပေးချင်တယ်။ ဒီလိုမှမဟုတ်ရင် မင်းက ဘယ်ကိုပဲသွားသွား အသားကင်နဲ့ တစ်ထောင်းထောင်း ထနေတဲ့ အမဲသားလုံးလေးပဲ။ သူတို့ထဲမှာ လူအများစုက တစ်နှစ်ကို အမှတ် (၄) သန်းထက် ပိုမရဘူး။ တကယ်လို့

မင်းသာ ငါတို့ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ရဲ့ အဖွဲ့ဝင်မဟုတ်ရင် ငါတောင် မင်းနဲ့ တိုက်ခိုက်မိလိမ့်မယ်”

“ဘာဝယ်ရမလဲ စဉ်းစားလို့မရရင် ရှေးဟောင်း ဓါတ်ကြွင်းတစ်ချို့သာ ဝယ်ကွာ။ ဒါမှမဟုတ်ရင်လဲ အမှတ်တွေကို ကံကြမ္မာသလင်းကျောက်နဲ့ လဲထားလိုက်”

“တစ်ရက်၊ နှစ်ရက်အတွင်း ငါ သုံးလိုက်မယ်”

လင်းဟွမ်က ခေါင်းငြိမ့်လိုက်သည်။ သူ ရထားသော အမှတ်များက သူ့အတွက် ပြဿနာ သယ်ဆောင်လာမှာ အသေအချာပင်။ ထို့ကြောင့် လိုအပ်သော ပစ္စည်းများကို စာရင်းပြုစုပြီး သူ့တွင်ရှိသော အမှတ်များကို အသုံးပြုရန် အချိန်အနည်းငယ် ပေးရမည်။

လင်းဟွမ်သည် တစ်မနက်လုံး စစ်ဆေးရေးဂိတ် (၄၆)တွင် ရှိနေသဖြင့် သတိမထားမိသည့် အချက်မှာ ပါရမီရှင် သမ္မဂ္ဂထဲရှိ လူတိုင်းနီးပါးက ကောင်းကင်ဘုံအဖွဲ့ထဲ သူ ဝင်သွားသည့်အကြောင်း သိရှိသွားကြသည်။

အကြောင်းမူ ချန်းသွမ်က လုယက်သူလေးယောက်အား သတ်ဖြတ်ခဲ့သည့် ဗီဒီယိုဖိုင်ကို လူတစ်ယောက်က ပါရမီရှင်သမ္မဂ္ဂ ဖိုရမ်ပေါ်တွင် တင်ခဲ့သောကြောင့်ပင် ။

ဖြတ်သွားဖြတ်လာ လူများကလည်း ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ကို ဘယ်တော့မှ မစော်ကားနဲ့ဟု

ပြောခဲ့သော ချန်းသွမ်၏ အမာခံပရိတ်သတ်များ ဖြစ်လာကြသည်။

"ဟာ သူက စောက်ရမ်းကြမ်းတယ်။ ဒီနေ့ကစပြီး ချန်းသွမ်က ငါ့ရဲ့အိုင်ဒေါပဲ"

"အိုင်ဒေါ မင်းနဲ့ကလေး လိုချင်တယ်"

"သောက်စ်....ဟောင် မဟာမိတ်ရဲ့ အကြီးအကဲက ဘာဖြစ်လို့ လူရှေ့သူရှေ့မှာ ဒီလိုမျိုး အစွမ်း မပြတာလဲ"

"အစ်ကိုချန်း၊ ငါလဲမင်းနဲ့ ကလေးလိုချင်တယ်"

ဤစာ ပေးပို့ခဲ့သည့်လူမှာ ဟောင် မဟာမိတ်အဖွဲ့၏ အကြီးအကဲ ကျူးဟုန်ပင် ဖြစ်သည်။

မှတ်ချက်တစ်ခုအပြင် ချန်းသွမ်ကိုလည်း ထည့်သွင်း ဖော်ပြထားသောကြောင့် လူအများ၏ အာရုံစိုက်ရာ ဖြစ်လာသည်။

"နတ်ဘုရားမလေးက ဒီမှာဟေ့။ ငါတို့ရဲ့ အာရုံကို ငါတို့ရဲ့ နတ်ဘုရားမလေးဆီ ပြောင်းကြစို့"

ခဏအကြာ ချန်းသွမ်က ပြန် တုံ့ပြန်လာသည်။

"ညီမဟုန်၊ မင်း အတည်ပြောနေတာလား"

သူ၏ မက်ဆေ့ချ်က လူအများ၏အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

"သွားပါပြီကွာ ငါ့အချစ်ကတော့ ကန်းပါပြီ။ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့နဲ့ ဟုန်မဟာမိတ်အဖွဲ့တို့ ပေါင်းစည်းတော့မှာလား"

သို့သော်လဲ ကျူးဟုန်၏ အဖြေက ရေအေးနှင့် လောင်းလိုက်သကဲ့သို့ အေးစိမ့်သွားစေသည်။

"ငါ နောက်နေတာ လျှာရိုး မရှိတဲ့လူ"

ချန်းသွမ်ကလည်း ချက်ချင်း တုံ့ပြန်သည်။ သို့သော်လည်း မက်ဆေ့ချ်တွင် မည်သည့်စာသားမှ မပါချေ။ အီမိုဂျီ ရုပ်ပုံတစ်ခုသာ။ မျက်မှောင်ကြုတ်ထားသော အီမိုဂျီ ရုပ်ပုံပင် ။

ချန်းသွမ်နှင့် ကျူးဟုန်တို့၏ နှောက်ယှက်မှုကြောင့် လူအများ၏ အာရုံသည် လင်းဟွမ်အပေါ်တွင် မရှိတော့ချေ။ သို့သော်လည်း ဤဗီဒီယိုကြောင့် လင်းရှီက ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့နှင့် လက်တွဲသွားကြောင်း လူတိုင်း သိရှိသွားခဲ့သည်။

ဤရဲရင့်သော ထုတ်ပြန်ချက်ကြောင့် ထိပ်တန်း မဟာမိတ်အဖွဲ့ အနည်းငယ်မှလွဲ၍ ကျန်သည့် မဟာမိတ်အဖွဲ့များက လင်းဟွမ်ထံမှ အမှတ်ကို ခိုးယူရန် မကြိုးစားရဲတော့ချေ။

စစ်ဆေးရေးဂိတ် (၄၆) တွင် လင်းဟွမ်ကို ကြိုဆိုစဉ်က ချန်းသွမ်၏ ရပ်တည်မှုသည် ထင်ရှား

ပြတ်သားလွန်းသည်။ လင်းရှီက သူ့အတွက် အရေးကြီးကြောင်း ပြသခဲ့သည်။ ချန်းသွမ်၏ တိုက်ခိုက်မှုနှင့် ရပ်တည်မှုက သိသာ ထင်ရှားလွန်းသောကြောင့် ပံ့ပိုးမှု ရှိသော အဖွဲ့ဝင်တစ်ချို့ပင် ခိုးကြောင်ခိုးဝှက် တိုက်ခိုက်ရန် သတ္တိ မရှိကြတော့ချေ။

အကယ်၍ အလစ်ချောင်း တိုက်ခိုက်မှု အောင်မြင်ပါက အပိုဆောင်းအမှတ် လေးသန်းရပြီး ဦးဆောင်သူ စာရင်းတွင် အဆင့် ပိုမြင့်လာသောကြောင့် သူတို့က ထင်ပေါ်လာလိမ့်မည်။ ထို့နောက် ချန်းသွမ်က မည်သူ့ကိုမဆို အလွယ်တကူ ပြန်လာ

တိုက်ခိုက်နိုင်ကြောင်း သိပြီးနောက် မည်သူမှ သူ့ကို မစော်ကားရဲကြတော့ပေ။

သို့သော်လည်း လင်းရီက တိုက်ပွဲကိုလက်ခံပြီး မျက်နှာချင်းဆိုင် တိုက်ခိုက်ပါက လူရှေ့သူရှေ့တွင် အမှတ်အားလုံး ဆုံးရှုံးသွားခြင်း ဖြစ်နိုင်သည်။ ထိုသို့ဆိုလျှင် ချန်းသွမ်က သူတို့ကို ဘာမှ လုပ်၍ မရတော့ချေ။

နေ့လည်စာ စားပြီးနောက် ဝမ်ကျန်းက လင်းဟွမ်ကို ရည်ရွယ်ချက်ရှိရှိ နောက်တစ်ကြိမ် ထပ် သတိ ပေးလိုက်သည်။

"စိန်ခေါ်မှုကို လုံး၀ လက်မခံနဲ့"

ထို့နောက် လင်းဟွမ်သည် ကောင်းကင်ဘုံမဟာမိတ် နယ်မြေထဲမှ ထွက်ခွာပြီး ကြယ်လမ်းစဉ်သစ်ပင်ပေါ် ဆက်တက်ရန် ကြယ်လမ်းစဉ်သစ်ပင် ပင်မအကိုင်းကို သွားလိုက်သည်။

သစ်ပင်အကိုင်းပေါ်၌ လင်းဟွမ်ကို ပထမဦးဆုံး စတွေ့စဉ်ကလို တိုက်ခိုက်ရန် မည်သူမှ မကြိုးစားတော့ပေ။ ချန်းသွမ်၏ တိုက်ခိုက်မှုက လူအများကို ခြိမ်းခြောက် နိုင်ပုံရသည်။ အများစုက လင်းဟွမ်ကို တမင်တကာ ရှောင်ကြသည်။ အမှတ် (၄)သန်း ဆိုသည်မှာ လူအများအတွက် အဓိပ္ပါယ်များစွာ

ရှိသော်လည်း ချန်းသွမ်က သူတို့ကို ပထမဦးဆုံး စစ်ဆေးရေးဂိတ်သို့ ပြန် မပို့စေချင်ပေ။

သို့သော်လည်း ဝမ်ကျန်း မျှော်လင့်ထားသလို လူတိုင်းက ချန်းသွမ်ကို မကြောက်ကြပေ။

မကြာခင် ရဲတင်းသော အင်မော်တယ်အဆင့် (၆) တစ်ယောက်က လင်းဟွမ်၏လမ်းကြောင်းကို ပိတ်ဆို့ထားသည်။ သူသည် လူဆိုးလူမိုက် တစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားသော လမ်းသရဲ တစ်ယောက်ပင်။ အသက်(၄၀) ထက် ပိုကြီးပုံရသည်။ (အမှန်တကယ်တွင် အသက် (၄၀) အောက် ဖြစ်သည်) နားကပ် ပန်ထားရုံ သာမက နှာခေါင်းတွင်လည်း ကွင်းတစ်ကွင်း

စွပ်ထားသေးသည်။ သူ့ အဝတ်အစားအောက်တွင် တခြားလက်စွပ်များ ရှိ၊မရှိကို မည်သူမျှ မသိကြပေ။

"မင်းက ဦးဆောင်သူစာရင်းမှာ ဒုတိယနေရာ ရလို့ နာမည်ကြီးနေတဲ့ လင်းရှီ မဟုတ်လား"

ထိုလူက ကောက်ကျစ်စွာ အော်ဟစ်လိုက်သည်။

"ဘာဖြစ်လို့လဲ ထွက်သွား"

လင်းဟွမ်သည် ဒီကောင်က ပြဿနာရှာရန် ရောက်နေကြောင်း သိနေသည်။

"ငါက မင်းနဲ့ ကစားပွဲလေးတစ်ခု ကစားချင်လို့"

လင်းဟွမ် ဆက်ပြောသည်ကို မစောင့်တော့ဘဲ စကားဖြတ်ပြောလိုက်သည်။

"တောင်းပန်တယ် ငါ ယောက်ျား အချင်းချင်း စိတ်မဝင်စားဘူး။ တစ်ခြားတစ်ယောက် ရှာလိုက်"

"ငါ ပြောချင်တာက အလောင်းအစား လုပ်ဖို့ကွ"

နှာခေါင်းအပေါက် ဖောက်ထားသော လူသည် ဒေါသပေါက်ကွဲသွားပြီး သူ့ရည်ရွယ်ချက် အစစ်အမှန်ကို ထုတ်ဖော် ပြောဆိုလိုက်သည်။

"အို မင်းက လောင်းကစား လုပ်ချင်တာလား။ ဒါကို ရှင်းရှင်းလင်းလင်း မပြောဘူး။ ဘာဖြစ်လို့ ကစားပွဲ

ကစားချင်တယ် ပြောနေတာလဲ။ မင်း ကစားမယ့် ကစားပွဲက ……… ဂိမ်းလား ငါမှမသိတာ”

လင်းဟွမ်က အံ့ဩသင့် သွားသလို ဟန်ဆောင်လိုက်သည်။

“မင်း လက်ခံဖို့ သတ္တိရှိလား”

“မရှိဘူး စိတ်မဝင်စားဘူး”

လင်းဟွမ်က ငြင်းလိုက်သည်။ လင်းဟွမ်သည် ဒီကောင်က ထပ်မံပြီး ကျိန်ဆဲတော့မည်ကို မြင်လိုက်လျှင်

"ငါ့မှာ အမှတ် (၈.၃) သန်းကျော်ရှိတယ်။ မင်းက ငါ့နဲ့လောင်းချင်တယ် ဆိုရင် အမှတ် (၈) သန်းရအောင် အရင်စုလိုက်။ မင်း စုဆောင်းပြီးလို့ အမှတ်လုံလောက်ရင်ပြော သေခြင်းရှင်ခြင်း တိုက်ပွဲပါ ထပ်ပေါင်းထည့်ပြီး တိုက်ခိုက်ပေးလိုက်မယ်။ တိုက်ပွဲရှုံးရင်တော့ စစ်ဆေးရေး ပထမဂိတ်က ပြန်စရမယ်။ ဒီတော့ အရှုံးပေးပြီး ကျန်တဲ့တစ်ဝက်ပါ ထပ်ပေးရမယ်"

"အဲ့ဒီတော့ လုံလောက်တဲ့ အမှတ်စုဆောင်းဖို့ အချိန်ပေးမယ်။ ညနေ (၆) နာရီမှာ မင်းရဲ့စိန်ခေါ်မှုကို ငါလက်ခံမယ်။ အေး တကယ်လို့ ညနေ (၆)

နာရီထိုးလို့မှ မင်းအမှတ်တွေ မစုဆောင်းနိုင်ရင် ဒီကို လာစရာ မလိုဘူး။ ဒီလိုမှမဟုတ်ရင် မင်းဆီက လက်ကျန်အမှတ်တွေ တောင်းဖို့အတွက် ငါ့ရဲ့ အကြီးအကဲကို ရှာရမယ်။”

“လင်းရှီ မင်း ပြောတာကို ငါ မှတ်တမ်းတင်ထားတယ်။ မင်း ပြောတဲ့စကားကို တည်ရင်တည် မတည်လို့ကတော့ အရှက်ကွဲမယ့်လူက မင်းတစ်ယောက်တည်း မဟုတ်ဘူး။ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ တစ်ခုလုံး အရှက်ကွဲ သွားစေရမယ်”

နားပေါက် ဖောက်ထားသောလူက အကြံ့များစွာဖြင့် ပြုံးပြီးပြောလိုက်သည်။

“စိတ်မပူနဲ့ ညနေ (၆) နာရီ ငါလာခဲ့မယ်။ ဒီည မင်းအမှတ်တွေ အကုန် ကုန်မှာမို့ ဘယ်တော့မှ စိန်ခေါ်ဖို့စိတ်မကူးနဲ့။ အေး ဒါကိုတောင် မင်းက စိန်ခေါ်ချင်တယ်ဆိုရင် အမှတ် စုဆောင်းထားလိုက်”

## အခန်း(၆၆၅) - နှာခေါင်း နားပေါက် ဖောက်ထားသောလူ။

လင်းဟွမ်သည် လွန်ခဲ့သော (၅) နာရီခွဲအတွင်းတွင် ကြယ်လမ်းစဉ် သစ်ပင်ပေါ်ရှိ စစ်ဆေးရေးဂိတ် (၄၆) မှ(၄၈) အထိ ဖြတ်ကျော်ခဲ့သည်။ ထို့နောက် စစ်ဆေးရေးဂိတ် (၄၆) လူသားများ စုဝေးရာနေရာကို ပြန်လာခဲ့သည်။

ကြယ်လမ်းစဉ် သစ်ပင်၏ စည်းမျဉ်းမှာ ရှင်းလင်းပြီးသား စစ်ဆေးရေးဂိတ်များတွင် လူ မသေသ၍ ပြန်လည်သတ်မှတ်မည် မဟုတ်ပေ။

ထို့ကြောင့် သစ်ပင်ပေါ် တက်သည်ဖြစ်စေ၊ ဆင်းသည်ဖြစ်စေ ရှင်းလင်းထားပြီးသား စစ်ဆေးရေးဂိတ်များကို ဖြတ်ကျော်သွား၍ မရပေ။

လင်းဟွမ်သည် ကျိုးစွန်းထံမှ ထိုအကြောင်းကို ကြားပြီးနောက် ဖိအားများသော အခြေအနေအောက်တွင် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို လေ့ကျင့်ရန် စီစဉ်ထားသော ယခင် အစီအစဉ်က အလုပ်မဖြစ်တော့ချေ။ အကယ်၍ သူ သေဆုံးပါက ပထမဦးဆုံး စစ်ဆေးရေးဂိတ်မှ နောက်တစ်ကြိမ် ပြန်တက်နိုင်မည်ဖြစ်ပြီး ထိုကဲ့သို့ မဟုတ်ပါက ကြယ်လမ်းစဉ် သစ်ပင်မှ ထွက်ခွာသွားလည်း

စစ်ဆေးရေးဂိတ် (၄၆) မှ အချိန်မကြာဘဲ ပြန်လည်စတင်နိုင်သည်။

ညနေ (၅) နာရီ (၄၅) မိနစ်.....

လင်းဟွမ်သည် နေ့ခင်းဘက်က သူ ပေးထားသောကတိအတိုင်း ပြန်ရောက်လာသည်။ သူ၏ ပုံစံက သတ္တိမရှိဘူးဟု လူအများက ယူဆသောကြောင့် လူတိုင်း၏အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

စစ်ဆေးရေးဂိတ် (၄၆) တွင် အင်မော်တယ်အဆင့် (၆) လူများစွာ ရှိသည်။ ပါရမီရှင် သမ္မဂ္ဂထဲမှ အင်မော်တယ်အဆင့် (၆) များသည် သာမန် အင်မော်တယ် အဆင့် (၉) နှင့် ယှဉ်ပြိုင်

တိုက်ခိုက်နိုင်စွမ်း ရှိကြသည်။ သူတို့ထဲမှ အချို့ဆိုလျှင် အဆင့်ကျော်ပြီး အင်မော်တယ် အဆင့် (၉) မွန်းစတားများကိုပင် သတ်ဖြတ်နိုင်သည်။

လင်းဟွမ်၏ တိုက်ခိုက်ရေးအဆင့်မှာ အပြာရောင်မီးလျှံ အဆင့်တွင်သာ ရှိသော်လည်း အင်မော်တယ် အဆင့် (၆) လူများကို ရန်စရဲသဖြင့် သံသယ ဝင်လာကြသည်။ စုဝေးနေကြသော လူအများစုသည် လင်းဟွမ်တွင် ဝှက်ဖဲရှိလိမ့်မည်ဟု တွေးကြသော်လည်း ဘာလဲဆိုသည်ကို မည်သူမျှ မသိကြပေ။ ထို့ကြောင့် လူအများသည် သူတို့ဘာသာ သူတို့ တီးတိုး ဆွေးနွေးနေကြသည်။

“လင်းရှီက တကယ် သတ္တိရှိတာပဲ။ သူ့လက်ထဲမှာ ဘာဝှက်ဖဲတွေ ဝှက်ထားလဲ သိချင်လိုက်တာ”

“ဒီကောင်က အစွမ်းကြီးတဲ့ နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းကို ထိန်းချုပ်ထားတယ်လို့တော့ ကြားဖူးတယ်။ သေတော့ မသေချာဘူး”

“ဒါကို သူ ထိန်းချုပ်နိုင်ရင်တောင် တိုက်ခိုက်ဖို့ တစ်ကြိမ်ပဲ အသုံးပြုနိုင်တယ်။ အင်ပါယာအဆင့် လူတွေတောင် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းကို ထိန်းချုပ်ဖို့ ခက်ခဲတယ်။ တစ်ကြိမ် သုံးနိုင်ရင်တောင် အံ့ဩဖို့ ကောင်းနေပြီ။ ပထမဦးဆုံး စိန်ခေါ်တဲ့လူကို နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းနဲ့ သတ်နိုင်ရင်တောင်

နောက်ထပ် စိန်ခေါ်သူတွေအတွက် အသုံးဝင်မှာ မဟုတ်တော့ဘူး”

“ဝှက်ဖဲက တစ်ခါသုံးပဲ ဆိုရင်တော့ အသုံးမဝင်ပါဘူးကွာ။ ဒါပေမယ့် သူ့ ဥစ္စာက ထပ်ခါထပ်ခါ အသုံးပြုနိုင်တဲ့စွမ်းရည် ဖြစ်ပုံရတယ်”

ထိုအချက်ကို သဘောမတူသည့်လူများ ရှိသော်လည်း လူအများစုက လင်းဟွမ်လက်ထဲတွင် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း ရှိနေသည်ဟု ယုံကြည်နေကြသည်။

ညနေ (၆) နာရီ ထိုးခါနီးသောအခါ မြင့်မြတ်မဟာမိတ်အဖွဲ့မှ ကိုနားပေါက်သည် ကျန်သည့် လူများကိုခေါ်ပြီး ရောက်ချလာသည်။ သူတို့ထဲမှ

အနည်းစုသည် နောက်ဆုံး၌ အမှတ် (၈) သန်း စုဆောင်းနိုင်ခဲ့ပြီး အလွန်များပြားသော အားစိုက်ထုတ်မှုများ လုပ်ခဲ့ရသည်။

လင်းဟွမ်က ဤနေရာတွင် ပေါ်လာရဲသောကြောင့် သူ့အကျီလက်စ ထဲတွင် ဝှက်ဖဲ ကောင်းကောင်း ရှိနိုင်ကြောင်း သိနေသဖြင့် မလာခင်ကတည်းက ကောင်းမွန်စွာ ပြင်ဆင်ခဲ့ကြသည်။

လင်းဟွမ်က ဤတိုက်ပွဲကို လက်ခံလိုက်သဖြင့် စစ်ဆေးရေးဂိတ် (၄၆) သာမက လူတိုင်း၏ အာရုံစိုက်မှုကို ရရှိခဲ့သည်။ အခြား စစ်ဆေးရေဂိတ်ရှိ လူများကလည်း ဤတိုက်ပွဲအကြောင်းကို သိနေကြပြီး

ရောက်လာသည့် လူများကလည်း ပွဲကြည့်ရုံသာမက ပါရမီရှင်သမ္မဂ္ဂ ဖိုရမ်ထဲတွင် တိုက်ပွဲဗီဒီယိုကိုလည်း တိုက်ရိုက်တင်ခဲ့ကြသည်။

ဝမ်ကျန်းသည် နေ့လည်ခင်းတွင် လင်းဟွမ်ကို ညှော်ခံပြီးကတည်းက ထွက်သွားခဲ့သည်။ ထိုသတင်းကို သူကြားသည့်အချိန်တွင် ညနေ (၆) နာရီပင် ရှိနေသည်။ ထို့ကြောင့် ပါရမီရှင်သမ္မဂ္ဂထဲ ချက်ချင်းဝင်ပြီး တိုက်ပွဲရှိရာသို့ အလောတကြီး ပြေးချလာသည်။

"လင်းရှီ ငါမင်းကို မနက်ကတည်းက သေသေချာချာ မှာထားတယ်လေ။ ဘယ်သူ့ရဲ့ စိန်ခေါ်မှုကိုမှ

လက်မခံနဲ့လို့ ပြောထားရက်နဲ့။ ဒါလေးတောင် မထိန်းနိုင်ဘူးလား”

ဝမ်ကျန်းသည် မျက်မှောင် ကြုတ်နေသည်။ ယခုအချိန်တွင် တိုက်ရိုက် ဗီဒီယို အနည်းငယ် လွှင့်နေသော်လည်း လင်းရှီကို ကောင်းကောင်း ဂရုစိုက်မည်ဟု ချန်းသွမ်အား ကတိ ပေးထားသောကြောင့် ရွေးချယ်စရာမရှိဘဲ တိုက်ပွဲကို တားနေရခြင်းပင် ။ နောက်ပြန်လှည့်ကာ နားပေါက် ဖောက်ထားသောလူကို ကြည့်လိုက်ပြီး

“ဟော့ရောင် ပန့်ကောင်။ မင်း ဘယ်လို လုပ်ရဲတာလဲ။ အပြာရောင် မီးလျှံအဆင့်ကို အနိုင်ကျင့်ဖို့အတွက်

အင်မော်တယ်အဆင့် (၆) တွေက အဖွဲ့တောင် ဖွဲ့ထားတာလား။ မြင့်မြတ် မဟာမိတ်အဖွဲ့က အရှက် မရှိဘူးလား။ မင်းတို့ တကယ် တိုက်ခိုက်ချင်တယ်ဆိုရင် ငါက သူ့အစား ညှိခံပေးမယ်”

နားပေါက် ဖောက်ထားသောလူက ဝမ်ကျန်းကို လုံးဝ စိတ်ထမထားချေ။ ထိုအစား လင်းဟွမ်ကို ကြည့်ပြီး

“မင်းမှာ ဒီလို ရည်ရွယ်ချက်ရှိမှန်း ငါမသိခဲ့ဘူး။ မင်းကငါ ဖိတ်ခေါ်တာကို လာသလို ဟန်ဆောင်ပြီးတော့ ဝမ်ကျန်းကို တားဖို့ခေါ်ထားတယ် မဟုတ်လား”

"မင်း အတွေးလွန်နေပြီ။ မင်းရဲ့စိန်ခေါ်မှုကို ငါ လက်ခံပြီးပြီဆိုတော့ ထုံးစံအတိုင်းပဲ မင်းကို ပထမဦးဆုံး စစ်ဆေးရေးဂိတ်ကို ပြန်ပို့ပေးမယ်"

လင်းဟွမ်သည် စကားပြောပြီးနောက် ဝမ်ကျန်းကို လှမ်းကြည့်ကာ

"အစ်ကိုကျန်း ဒီလို ရှောင်ပြေးတာက ပြဿနာ ဖြေရှင်းတဲ့ နည်းလမ်းမဟုတ်ဘူး"

" ဒီကောင်တွေက ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ကို တိုက်ခိုက်ရဲတယ်ဆိုရင် ခြေကျော်တဲ့ကောင် ခြေထောက် ဖြတ်မယ်။ လက်ကျော်တဲ့ကောင် လက်ဖြတ်မယ်။ တုံးတိုက်တိုက် ကျားကိုက်ကိုက် ငါတို့ ရင်ဆိုင်မယ်"

လင်းဟွမ် ပြောလိုက်လျှင် ဝမ်ကျန်း မျက်လုံးထဲတွင် စိတ်လှုပ်ရှားသော အရိပ်အယောင်များ ပေါ်လာသည်။ ထို့နောက် သူ့မျက်နှာက လေးနက်သွားပြီး

"အနိုင်ရဖို့ ဘယ်လောက် ယုံကြည်ချက်ရှိလဲ"

"တစ်ရာ ရာခိုင်နှုန်းပဲ"

လင်းဟွမ်က စပ်ဖြဲဖြဲ ပြုံးလိုက်သည်။

"သူတို့လဲ အဆင်သင့် ပြင်ထားမယ်ဆိုတာ ငါ သိတယ်"

ဝမ်ကျန်းက စိုးရိမ်နေသေးသည်။

"အဲ့ဒါလည်း သိပါတယ်။ အစ်ကိုကျန်း ကျေးဇူးပြုပြီး ဒိုင်လူကြီး လုပ်ပေးပါ"

"ဟေ့ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့က လူတစ်ယောက်ကို ဒိုင်လူကြီးလုပ်ခိုင်းတာ မတရားဘူး မဟုတ်လား"

နားပေါက် ဖောက်ထားသောလူက သူတို့ပြောသည့် စကားကိုကြားလျှင် အော်ဟစ်လိုက်သည်။

"ဒီမှာ လူတွေ အများကြီး ရှိတယ်။ တိုက်ရိုက်လွှင့်နေတဲ့ ဗီဒီယိုတွေလဲ ရှိတယ်။ နောက်ပြီးတော့ ဒါက သေခြင်း၊ ရှင်ခြင်း တိုက်ပွဲပဲ။

တစ်ယောက်ရှင်မယ်၊ တစ်ယောက်သေမယ် ဒါတောင် အဖြေက မရှင်းသေးဘူးလား”

လင်းဟွမ်က ရယ်မောလိုက်ပြီး

“မင်းငါ့ကို စိန်ခေါ်ဖို့ အရည်အချင်း ပြည့်လား၊ မပြည့်လား သိရအောင် မင်းရဲ့စွမ်းအားကို စစ်ခိုင်းဖို့ အစ်ကိုကျန်းကို ဒိုင်လူကြီး လုပ်ခိုင်းတာ။ နောက်ပြီးတော့ သေတဲ့အထိ တိုက်ဖို့အတွက် သဘောတူညီချက် လက်မှတ်ထိုးဖို့ သူ့ကို ဒိုင်လူကြီး သက်သေ လုပ်ခိုင်းတာပဲ။ ငါ အရင်ကပြောဖူးတယ် အမှတ် (၈) သန်းရှိတဲ့လူတိုင်း ငါ့ကိုစိန်ခေါ်နိုင်တယ်။ အစ်ကိုကျန်း စိန်ခေါ်တဲ့ ဒီလူတွေထဲမှာ အမှတ်လုံလုံလောက်လောက်

ရှိ မရှိ စစ်ဆေးပေးပါ။ တကယ်လို့ မရှိရင် သူတို့ကို ပထမဦးဆုံး စစ်ဆေးရေးဂိတ်ကို တိုက်ရိုက် ပြန်ပို့ပေးပါ”

လင်းဟွမ်၏စကားကို ကြားလိုက်လျှင် နားပေါက် ဖောက်ထားသော လူနောက်တွင် ရပ်နေသော လူနှစ်ယောက်သည် လူအုပ်ထဲ ချက်ချင်း ပြန်ဝင်သွားကြသည်။

ဝမ်ကျန်းသည် သူတို့နှစ်ယောက်ကို တစ်ချက် ကြည့်လိုက်သော်လည်း လျှာကိုက်ထားသည်။ ထို့နောက် ကျန်ခဲ့သည့် စိန်ခေါ်သူ (၄) ယောက်၏ အမှတ်များကို စတင် စစ်ဆေးလိုက်သည်။

အမှတ်များကို မှတ်တမ်းတင်ထားသော စာမျက်နှာက သူ့ရှေ့တွင် ပေါ်လာသည်။ သူတို့တွင် အမှတ် (၈) သန်းကျော်ရှိနေပြီး ထိုနာမည် (၄) ခုက ဦးဆောင်သူ စာရင်းတွင် အမှတ်တကယ် ရှိနေသည်။ တတိယအဆင့် ကနေ ဆဋ္ဌမအဆင့်အထိ အသီးသီး နေရာယူထား ကြသည်။

ဝမ်ကျန်းက စစ်ဆေးပြီးသောအခါ လင်းဟွမ်ကို ခေါင်းငြိမ့်ပြပြီး ပြောလိုက်သည်။

“အမှတ်တွေနဲ့ ပတ်သက်ရင်တော့ ပြဿနာ မရှိဘူး”

“ကဲ ဒါဆိုလဲ သဘောတူညီချက်လေး လက်မှတ် ထိုးလိုက်ရအောင်”

လင်းဟွမ်က သူတို့ရှေ့တွင် သဘောတူညီချက် မျက်နှာပြင်ကို ဖော်ထုတ်လိုက်သည်။

ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် သေခြင်း၊ရှင်ခြင်း တိုက်ခိုက်သည့် သဘောတူညီချက်ဖောင်များ ရှိသည်။ နောက်ထပ် စည်းမျဉ်းများ မရှိပေ။

နှစ်ဖက်လူများသည် ပြဋ္ဌာန်းချက်နှင့် ပတ်သက်ပြီး အငြင်းပွားစရာ မရှိကြောင်း အတည်ပြုပြီးနောက် နှစ်ဖက်လုံးသည် သူတို့၏ နာမည်နှင့်လက်မှတ်များ ရေးထိုးကာ လက်ဗွေရာများ ချနှိပ်လိုက်ကြသည်။

“ငါ့ကို ပထမဦးဆုံး စိန်ခေါ်မှာ ဘယ်ကောင်လဲ”

လင်းဟွမ်က သဘောတူညီချက်တွင် လက်မှတ်ရေးထိုးပြီးနောက် သူတို့ (၄) ယောက်ကို အပြုံးကလေးနှင့် ကြည့်ကာမေးလိုက်သည်။

သူတို့ (၄) ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ကြပြီး အားလုံးက ချီတုံချတုံ ဖြစ်နေကြသည်။

လင်းဟွမ်၏ လက်ထဲတွင် မည်ကဲ့သို့ ဝှက်ဖဲရှိလဲဆိုသည်ကို မသိသည့်အတွက် ပထမဦးဆုံး စိန်ခေါ်သူမှာ အန္တရာယ် များလှ၏။ သူတို့ (၄) ယောက်သည် ပြင်ဆင်ထားသော်လည်း ပထမဦးဆုံး စိန်ခေါ်သူ မဖြစ်ချင်ပေ။ သို့သော်လည်း ပထမဦးဆုံး

တိုက်ပွဲတွင် အနိုင်ရပါက လင်းဟွမ် သေဆုံးပြီးနောက် ပထမဦးဆုံး စစ်ဆေးရေးဂိတ်ကို ပြန်ပို့ခံရမည် ဖြစ်သောကြောင့် ကျန်သည့်လူများအတွက် စိန်ခေါ်ရန် အခွင့်အရေး မရှိတော့ကြောင့် သိနေကြသည်။ ထို့အချက်က သူတို့ခေါင်းထဲ လွန်းဆွဲနေသဖြင့် သူတို့ (၄)ယောက်သည် ရွေးချယ်မှုတစ်ခု ပြုလုပ်ရန် ရုန်းကန်နေရသည်။

"ဟေ့ နားပေါက်ဖောက်ထားတဲ့လူ ဒီမနက်က မင်းပဲစိတ်လှုပ်ရှားပြီး လျှောက်အော်နေတာ မဟုတ်ဘူးလား။ ဘာလဲ အရင်ဆုံးလာဖို့ သတ္တိ မရှိဘူးလား"

လင်းဟွမ်က လျောင်ပြောင်လိုက်သည်။

"အေး မင်း မတိုက်ချင်ဘူးရင် အရှုံးကိုဝန်ခံလိုက်။ အမှတ် (၄) သန်းပဲ ငါယူမယ်။ မင်းကို ပထမဦးဆုံး စစ်ဆေးရေးဂိတ် ပြန် မပို့တော့ဘူး။ ဒါက နှစ်ဖက်လုံး နိုင်တဲ့ အခြေအနေပဲ"

လင်းဟွမ်က စသလိုလို နောက်သလိုလို အတည်သလိုလို ပြောလိုက်သဖြင့် လူအုပ်ကြီးက ဝလုံးကွဲ ရယ်မောလိုက်ကြသည်။

"သောက်ကျိုးနဲ့ နှစ်ဖက်လုံး နိုင်တဲ့ အခြေအနေ။ အဲ့ဒါနားကပ်တွေ မဟုတ်ဘူးကွ။ အမှတ်တွေဟ.....။"

နားပေါက် ဖောက်ထားသောလူက စိတ်ထဲမှ တွေးလိုက်သည်။

လင်းဟွမ်က သူ့ကို တိုက်ရိုက် ရန်စနေသည့်အပြင် တိုက်ပွဲကို တိုက်ရိုက် ထုတ်လွှင့်နေသောကြောင့် သူ့အတွက် ရွေးချယ်စရာ မရှိတော့ပေ။ ဤအခိုက်အတန့်တွင် လင်းဟွမ်ကို ကြောက်လိုက်ပါက ပါရမီရှင် သမ္မဂ္ဂတွင် ရယ်မောစရာ ဖြစ်လာလိမ့်မည်။

“ဟော့ကောင် လျှာထက်တဲ့ကောင်။ မင်းရဲ့ တိုက်ခိုက်ရေးအစွမ်းက မင်းရဲ့ပါးစပ်လိုပဲ အစွမ်းထက်လား ဆိုတာ ကြည့်ရအောင်”

# အခန်း(၆၆)- ညီအစ်ကိုလင်းက သနားညှာတာမှုလည်းမရှိဘူး အမြောက်တွေကလည်း များလိုက်တာ။

ကြယ်လမ်းစဥ်သစ်ပင် စစ်ဆေးရေးဂိတ် (၄၆)......

လင်းဟွမ်နှင့် နားပေါက် ဖောက်ထားသော အမျိုးသားတို့သည် မျက်နှာချင်းဆိုင် မတ်တပ် ရပ်နေကြသည်။ သူတို့နှစ်ယောက်က တစ်ယောက်နှင့် တစ်ယောက် မီတာ (၃၀) အကွာတွင် မတ်တပ်

ရပ်နေကြပြီး စိန်ခေါ်သူ သုံးယောက်အပါအဝင် ကျန်သည့်လူများက ဘေးမှ ရပ်ကြည့်နေကြသည်။

ပတ်ပတ်လည် မီတာထောင်ပေါင်းများစွာ ရှိသော လူရှင်းနေသည့် နေရာတွင် နားပေါက် ဖောက်ထားသော လူ ၊ လင်းဟွမ်နှင့် ဒိုင်လူကြီး ဝမ်ကျန်းတို့သာ မတ်တပ်ရပ်နေကြသည်။

"အဆင်သင့် ဖြစ်ပြီလား"

နားပေါက် ဖောက်ထားသော လူက လက်တစ်ဖက်စီတွင် ပုဆိန်တစ်ချောင်းစီကိုင်၍ မတ်တပ်ရပ်နေသောအခါ ဝမ်ကျန်းက မျက်မှောင်ကြုတ်ပြီး လင်းဟွမ်ကို မေးလိုက်သည်။

"ခဏစောင့်ပါဦး။"

လင်းဟွမ်သည် ထိုစကားကို ပြောပြီးနောက် နားပေါက်ဖောက်ထားသောလူ၊ အခြား စိန်ခေါ်သူ သုံးယောက်နှင့် ကျန်သည့်လူများကို စိုက်ကြည့် လိုက်သည်။ ထို့နောက် ပြုံးလိုက်ကာ

"မင်းတို့ ငါ့ရဲ့ဝှက်ဖဲက ဘာလဲဆိုတာ သိချင်နေကြတယ် မဟုတ်လား။ ဘာလဲဆိုတာ အခု ငါပြမယ်"

လင်းဟွမ် စကားပြောပြီးသည်နှင့် သုံးမီတာခန့် မြင့်မားသော ရွှေရောင်ပုံစံများ ထွင်းထုထားသည့် အနက်ရောင် အရာတစ်ခုက လင်းဟွမ်ရှေ့တွင်

ဖြည်းဖြည်းချင်း ပေါ်လာသည်။ စိတ်စွမ်းအားနှင့် ထိန်းချုပ်ထားသလိုပင် တစ်စုံတစ်ခုက လေထုထဲတွင် တည်နေပြီး ဖြည်းဖြည်းခြင်း ထွက်ပေါ်လာသော အရာမှာ အမြောက်တစ်လက် ဖြစ်နေပြီး အမြောက်ပြောင်းဝက နားပေါက် ဖောက်ထားသောလူကို တိုက်ရိုက်ချိန်ရွယ် ထားသည်။

လူအများစုသည် တစ်ချက် မြင်ရုံနှင့် ထိုအရာကို မှတ်မိလိုက်ကြသည်။

"ဒါက နတ်ဘုရားသတ် အမြောက်လား"

" လင်းရှီက နတ်ဘုရား အမြောက်ကို ဘယ်လိုရတာလဲ၊ ဒါက နတ်ဘုရားတစ်ပိုင်း အဆင့်ရှိတဲ့ ပစ္စည်း +

တစ်ခုလေ"

"ကျိုးဟွေ့တော့ ဒုက္ခရောက်ပြီ ထင်တယ်။ နတ်ဘုရားသတ်နဲ့ သူ့ကိုပစ်လိုက်ရင်တော့ ပထမဦးဆုံး စစ်ဆေးရေးဂိတ်ကို ပြန်ရောက်သွားမှာ သေချာတယ်"

"မသေချာဘူး။ နတ်ဘုရားသတ် အမြောက်က အစွမ်းထက်တယ် ဆိုပေမယ့် ပစ်မှတ်ကို ထိပါ့မလားဆိုတာ ဘယ်သူမှ မသိနိုင်ဘူး"

ကျိုးဟွေ့သည် ပန့်ခ်၏ အမည်ရင်းပင် ။ ဟိုဖောက်၊ဒီအဖောက် ဂတ်စားတတ် သောကြောင့် လူတိုင်းက သူ့ကို ပန့်ခ်ဟုခေါ်ကြသည်။ ထို့နောက် သူ၏ အမည်ပြောင်မှာ မြင့်မြတ် မဟာမိတ်အဖွဲ့ တစ်ခုလုံး ပျံ့နှံ့သွားပြီး လူတိုင်းက သူနှင့် လိုက်ဖက်သည်ဟု ယူဆကာ ဤနည်းအတိုင်း ခေါ်ဆိုရင်း လူအနည်းစုကသာ သူ့အမည်ရင်းကို ခေါ်ကြတော့သည်။

လင်းဟွမ်က နတ်ဘုရားသတ် အမြောက်ကို ထုတ်လိုက်သောအခါ ကျိုးဟွေ့ မျက်နှာပျက်သွားသည်။ ထို့နောက် လင်းဟွမ်ကို

"မင်းမှာ မယုံနိုင်စရာကောင်းတဲ့ အရာ တစ်ခုခု ရှိမယ်လို့တော့ ထင်သား။ နတ်ဘုရားသတ် အမြောက်လား....။ ပစ်မှတ်ကို လွဲသွားလို့ကတော့ မင်းအသေပဲနော်"

"ငါ့မှာ တစ်လက်ပဲ ရှိတယ်လို့ ဘယ်သူပြောလဲ"

လင်းဟွမ်က စပ်ဖြဲဖြဲပြုံးလိုက်ပြီး ဒုတိယမြောက် နတ်ဘုရားသတ် အမြောက်ကို ထုတ်ယူလိုက်သည်။

"နတ်ဘုရားသတ် အမြောက် နှစ်လက်လား..."

ကျိုးပျော့၏ မျက်နှာအမူအရာ လေးနက်သွားသည်။

"အခုတော့ ဘယ်သူက နိုင်မယ်ဆိုတာ မသိတော့ဘူး"

တိုက်ရိုက် ထုတ်လွှင့်နေမှုကို ကြည့်ရှုနေသူ အများအပြားက ပြောလိုက်ကြသည်။

သို့သော်လည်း လင်းဟွမ်သည် ဒုတိယမြောက် နတ်ဘုရားသတ် အမြောက်ကို ထုတ်ယူပြီးနောက် ဝမ်ကျန်းအား အဆင်သင့်ဖြစ်နေပြီဟု အချက်ပြခြင်း မပြုလုပ်သေးပေ။ ထိုအစား လှောင်ပြောင် ရယ်မောလိုက်ပြီး တတိယမြောက် နတ်ဘုရားသတ် အမြောက်ကို ထုတ်ယူလိုက်သည်။

တတိယမြောက် နတ်ဘုရားသတ် အမြောက်ကို မြင်လျှင် ကျိုးဟွေ့၏ မျက်နှာလေး ပို သေးငယ်သွားသည်။

တိုက်ရိုက် ထုတ်လွှင့်မှုကို ကြည့်ရှုနေကြသော လူအုပ်ကြီးလည်း မယုံကြည်နိုင်စွာ မျက်လုံး ပြူးနေကြသည်။ နတ်ဘုရားသတ် အမြောက် သုံးလက်က ကျိုးဟွေ့ကို တစ်ချက် ထိလိုက်ရုံနှင့် တိုက်ပွဲက ပြီးဆုံးသွားလိမ့်မည်။

ဒိုင်လူကြီး ဝမ်ကျန်းကမူ စိတ်အေးလက်အေး ဖြစ်နေပုံပင်။

လင်းဟွမ်က ကျိုးဟွေ့ကိုကြည့်ကာ ပြုံးလိုက်ပြီး

"မင်းက အခုထိ အရှုံ မပေးသေးဘူးလား"

"မင်းမှာ နတ်ဘုရားသတ်အမြှောက် သုံးလက် ရှိနေရင်တောင် မင်း တိုက်ပွဲမှာ အနိုင်ရမယ်လို့ မဆိုလိုဘူး။"

ကျိုးဟွေ့က ခေါင်းမာနေသေးသည်။

"ဟုတ်လား"

လင်းဟွမ်က မျက်မှောင်ကြုတ်လိုက်ပြီး

"ငါ့မှာ စတုတ္ထမြောက် အမြှောက်တစ်လက် ရှိနေရင်ရော မင်း ဘယ်လို လုပ်မလဲ"

ထိုသို့ ပြောပြီးနောက် စတုတ္ထမြောက် နတ်ဘုရားသတ်အမြောက်သည် လင်းဟွမ် ရှေ့တွင် ပေါ်လာသည်။

"သောက်ကျိုးနည်း။ လင်းရှီက ပြည်ထောင်စု အစိုးရတပ်မတော် ခေါင်းဆောင်ရဲ့သားပဲ ဖြစ်ရမယ်။"

ကျိုးဟွေ့၏ နှုတ်ခမ်းများသည် တဆတ်ဆတ် တုန်ခါနေသည်။ ခေါင်းမာသည့်အတွက် သူ့ကိုယ်သူ မုန်းမိသည်။ ဤကဲ့သို့ မဟုတ်ပါက လင်းရှီက စတုတ္ထမြောက် နတ်ဘုရားသတ် အမြောက်ကို ထုတ်ပြလိမ့်မည် မဟုတ်ချေ။

"အိုး....ကြည့်ရတာ နတ်ဘုရားသတ် အမြောက်လေးလက်က မင်းအတွက် မလုံလောက်သေးဘူး ထင်တယ်..."

လင်းဟွမ်သည် ဤ၊တစ်ချီတွင် ကျိုးဟွေ့က ကျိန်းသေပေါက် သေဆုံးမည်ကို သိသော်လည်း ဖိအားများ ဆက်ပေးချင် နေသေးသဖြင့်

"ငါ့မှာ... နတ်ဘုရားသတ်အမြောက် ငါးလက်ရှိနေရင် ဘယ်လို လုပ်မလဲ"

လူအုပ်က ဘာပြောရမှန်း မသိတော့ချေ။ သူ၏ ကြွယ်ဝမှု သို့မဟုတ် သူ၏နောက်ခံ သမိုင်းကြောင်းကို ပြသရန် ကြိုးစားနေပါသလော။

"ငါးလက် မလောက်သေးရင် ငါ့မှာ ခြောက်လက် ရှိသေးတယ်"

ပြောပြောဆိုဆို အမြောက်တစ်လက် ထုတ်ယူလိုက်ပြန်သည်။

"မင်းက အင်မော်တယ်အဆင့် (၆) ဆိုတော့ အမြောက် ခြောက်လက်ဆိုရင် လုံလောက်မယ် ထင်တယ်။ မင်းက အင်မော်တယ်အဆင့် (၉) ဖြစ်နေရင်လည်း နောက်ထပ် အမြောက် သုံးလက်ကို ထပ်ထုတ်ဖို့ စိတ်ကူး မရှိတော့ဘူး"

လင်းဟွမ်သည် နတ်ဘုရားသတ် အမြောက် ခြောက်လက်ကို အဆက်မပြတ် ထုတ်ယူနေသည်ကို

မြင်လိုက်လျှင် တိုက်ရိုက် ထုတ်လွှင့်မှု ပြသထားသော မျက်နှာပြင်က ပေါက်ကွဲတော့မလို ဖြစ်နေသည်။

"အစ်ကိုလင်းကတော့ မညာဘူးဟေ့။ အမြောက်တွေကလည်း များလိုက်တာ"

"ဒီအုပ်စုက ငတုံးပဲ။ လင်းရှိုကို အားနည်းတယ်လို့ ထင်နေကြတယ်။ တကယ်တော့ ဒီကောင်က အမြောက်ဘုရင်ပဲ။ မင်း စကားတစ်ခွန်း မှားလို့ကတော့ မင်းမျက်နှာကို အမြောက်နဲ့ တည်ပြီး ပစ်လိမ့်မယ်"

"ငါ အကျိုးဆောင်အမှတ် ငါးသန်း လောင်းချင်တယ်၊ ဒီကောင်က အမြောက်တပ် ခေါင်းဆောင်ကို ကျော်ထောက်နောက်ခံ ယူထားတဲ့လူပဲ ဖြစ်လိမ့်မယ်။"

...

ကြယ်လမ်းစဉ်သစ်ပင်၊ စစ်ဆေးရေးဂိတ် (၆၃) တွင် စီနီယာအချို့သည် ထိုတိုက်ပွဲကို အာရုံစိုက်နေကြသည်။

ယခင်က ပါရမီရှင်သမဂ္ဂ တစ်ခုလုံးကို ရုတ်ရုတ်သဲသဲဖြစ်အောင် လုပ်ခဲ့သော လင်းရှီ ပါဝင်သည့် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့အစည်းနှင့် မြင့်မြတ် မဟာမိတ်အဖွဲ့အစည်း တို့ကြားမှ တိုက်ပွဲတစ်ခု ဖြစ်သောကြောင့် လူတိုင်းက လင်းဟွမ်၏ စွမ်းဆောင်ရည်ကို သိချင်နေကြသည်။

"ဝိုး.... တော်တော်လေး လှတဲ့အကွက်ပဲ။ ကြည့်ရတာ ငါငယ်ငယ်တုန်းကလိုပဲ"

လင်းဟွမ်က နတ်ဘုရားသတ် အမြောက် ခြောက်လက်ဆက်တိုက် ထုတ်ယူလိုက်သည်ကို မြင်လျှင် ချန်းသွမ်က မျက်နှာပြင်ရှေ့တွင် လက်မ ထောင်ပြလိုက်သည်။

ဟောင် မဟာမိတ်အဖွဲ့အစည်း၏ အကြီးအကဲ ကျူးဟုန်ကလည်း တိုက်ပွဲကို အာရုံစိုက်နေခဲ့သည်။ သူမက လင်းဟွမ်ကို စိုက်ကြည့်နေသည်။

"ဝမ်းနည်းစရာပဲ။ သူ့ရဲ့ အရည်အချင်း အစစ်အမှန်ကို ဖုံးကွယ်ဖို့ နတ်ဘုရားသတ် အမြောက်တွေ တမင်သက်သက် အသုံးပြုနေတယ်လို့ ငါတော့ ခံစားနေရတယ်။"

မြင့်မြတ် မဟာမိတ်အဖွဲ့၏ အကြီးအကဲ ကျိုးလီယန်ကလည်း ထိုတိုက်ပွဲကို စိုက်ကြည့်ရင်း မျက်နှာပျက်နေသည်။ သူတို့က ဤတိုက်ပွဲတွင် အနိုင်ရမည်ဟု ထင်နေခဲ့ပြီး နောက်ဆုံးတွင် ကောင်းဘုံ မဟာမိတ်အဖွဲ့ကို နှိပ်ကွက်နိုင်မည့် အခွင့်အရေး ရောက်လာခဲ့ပြီဟု ထင်ခဲ့သော်လည်း နတ်ဘုရားသတ် အမြောက်ခြောက်လက် တွေ့ပြီးနောက် အခြေအနေ ပြောင်းသွားပြီဖြစ်ကြောင်း သိလိုက်ရသည်။ သူက အခြားသူများ လက်ထဲတွင် ပါးရိုက်ခံရန် သူ့လူများကို လွှတ်လိုက်သလို ဖြစ်သွားခဲ့ပြီ။

...

တိုက်ရိုက် ဗီဒီယိုထဲတွင် နတ်ဘုရားသတ် အမြောက်ခြောက်လက်က လင်းဟွမ် ရှေ့တွင် ပေါ်လာပြီး တစ်မီတာခန့် ရှိသော စက်ဝိုင်း ပုံစံအတိုင်း တိကျစွာ လည်ပတ် နေသည်။

အနက်ရောင် အမြောက်များသည် ယခုအခါ တိုက်ပွဲဝင်စိတ် ပျောက်ဆုံးသွားသော ကျိုးပွေ့ကို ချိန်ရွယ်ထားသည်။

"အဆင်သင့် ဖြစ်ပြီ။"

လင်းဟွမ်က ဝမ်ကျန်းကို ခေါင်းညိတ်ပြလိုက်ပြီးနောက် ကျိုးပွေ့ကို လှမ်းကြည့်ကာ

"ဟော့....တိုက်ပွဲမစခင် မင်းမှာ အရှုံးပေးဖို့ အချိန်ရှိသေးတယ်နော်"

ကျိုးဟွေ့က လင်းဟွမ်ကို ဝါးစားမတတ် စိုက်ကြည့်လိုက်ပြီး ဝမ်ကျန်းကို ခေါင်းညိတ်ပြလိုက်သည်။

"စ ရအောင်။"

"ရေတွက်မယ်။ ၃၊ ၂၊ ၁၊ စမယ်"

ဝမ်ကျန်း၏အသံ ဆုံးသွားသည်နှင့် ကျိုးဟွေ့က လင်းဟွမ်ထံ အရိပ်တစ်ခုအလား ချက်ချင်း ပြေးဝင်သွားသည်။

လင်းဟွမ်က တည်ငြိမ်နေသည်။ အမြောက်၏ ထိပ်ဝက ချက်ခြင်း ပြောင်းသွားပြီး မကြာခင် အနီရောင်မီးတောက်များ ထွက်ပေါ်လာကာ ကျိုးပေွ့ကို ဖုံးလွှမ်းသွားသည်။

နောက်အခိုက်အတန့်တွင် လင်းဟွမ်၏ အနောက်ဘက်မှ ဒုတိယမြောက် နတ်ဘုရားသတ် အမြောက်၏ ထိပ်ဝသည် ရုတ်တရက် ဦးတည်ရာ ပြောင်းသွားပြီး အနီရောင် မီးတောက်တစ်ခု ပစ်လွှတ်လိုက်ရာ မီးတောက်များက သူ့ခန္ဓာကိုယ်ကို ဖြတ်ကျော်သွားသည်။

ထိုဖြစ်စဉ် မပြီးဆုံးသေးခင် တတိယမြောက် နတ်ဘုရားသတ် အမြောက်ကလည်း ဘယ်ဘက်သို့ လျှပ်စီးလက်သလို အနီရောင် မီးတောက်များကို ပစ်လွှတ်လိုက်သည်။

မီးတောက်များ စူးရှလင်းထိန်စွာ တောက်ပနေပြီး တစ်စက္ကန့် မပြည့်သေးသော အချိန်တွင် အော်ဟစ်သံကို ကြားလိုက် ရသည်။

"ကျိုးဟွေ့ သေပြီ။ အမှတ် (၄,၁၃၅,၁၈၆) မှတ် ရရှိပါတယ်"

တိုက်ပွဲသည် နှစ်စက္ကန့်ပင် မကြာ လိုက်ချေ။ လူအများစုက ကျိုးဟွေ့၏ လှုပ်ရှားမှုကို မမြင်ခဲ့ချေ။

ကျိုးဟွေ့ မရှုံးခင် လင်းဟွမ်က တိုက်ခိုက်မှု သုံးခု ပြုလုပ်ခဲ့သည်ကိုသာ မြင်ခဲ့ရသည်။

ဝမ်ကျန်းနှင့် လူအနည်းငယ်ကသာ တကယ့် ဖြစ်ပျက်ခဲ့သည်ကို မြင်ခဲ့ကြသည်။

ကြယ်လမ်းစဉ် သစ်ပင်တွင် လူသားများအား ပျံသန်းခြင်း သို့မဟုတ် နေရာကူးပြောင်းခြင်း ခွင့်မပြုထားပေ။

ကျိုးဟွေ့သည် သူနှင့်အတူ ရှိနေသော နေရာကူးပြောင်းခြင်း ဓာတ်ကြွင်းကို အသုံးပြုနိုင်ရန် သူ့ အမှတ်များစွာကို သုံးစွဲ ခဲ့ရသည်။ သို့သော်လည်း လင်းဟွမ်၏ ပထမဆုံးတိုက်ခိုက်မှု နှစ်ကြိမ် အပြီးတွင်

ခါတ်ကြွင်းမှာ ပျက်စီးသွားခဲ့ပြီး တတိယမြောက် တိုက်ခိုက်မှုက သူ့ကို ထိမှန် သွားခဲ့သည်။

လင်းဟွမ်က လျှင်မြန်သော တိုက်ခိုက်မှုကို တိကျစွာ လုပ်ဆောင်နိုင်ရန် ကျိုးဟွေ့၏ လှုပ်ရှားနိုင်သော အနေအထားကို ကျိုးဟွေ့ ထက် ပိုမို မြန်ဆန်စွာ သိရှိနေခဲ့သဖြင့် ဝမ်ကျန်းက အံ့အား သင့်နေသည်။

ထုံးစံအတိုင်း ချန်းသွမ်နှင့် ကျန်သည် လူများကလည်း ထို ထူးခြားချက်ကို သတိထား လိုက်မိသည်။

သို့သော်လည်း လင်းဟွမ်က နယ်မြေ ပိုင်နက် အသိကို အသုံးပြုခဲ့သည်ဟု မည်သူမျှ မထင်ခဲ့ကြပေ။ လင်းဟွမ်က

ထူးကဲသော အာရုံခံ စွမ်းရည်ကို အသုံးပြုခဲ့သည်ဟုသာ ထင်နေ ကြသည်။

လင်းဟွမ်သည် ကျိုးဟွေ့ကို သတ်ပြီးနောက် ကျန်သည့် စိန်ခေါ်သူ သုံးယောက်ကို တစ်ချက် လှည့်ကြည့်လိုက်သည်။ ဆက်လက် လုပ်ရန် မတောင်းဆိုခဲ့ပေ။ ထိုအစား .......

"ဒုတိယတိုက်ပွဲ မစခင် မိနစ် (၂၀) လောက် အနားယူချင်တယ်"

လင်းဟွမ်၏ တောင်းဆိုမှုကို ကြားသောအခါ လူတိုင်း အံ့သြသင့်သွားသည်။

သို့သော်လည်း လင်းဟွမ်က မည်သည့် ရှင်းပြချက်မှ မပေးဘဲ ဝမ်ကျန်းထံ လမ်းလျှောက်သွားသည်။ ထို့နောက် အသုံးပြုထားသော နတ်ဘုရားသတ် အမြောက် သုံးလက်ကို စွမ်းအင် ပြန်လည် ဖြည့်တင်းရန် သလင်းကျောက်များကို ထုတ်ယူ လိုက်သည်။

"ဒါက စည်းကမ်းနဲ့ မညီဘူး မဟုတ်လား"

စိန်ခေါ်သူ တစ်ယောက်က မေးလိုက်သည်။

"တိုက်ပွဲ တစ်ခါ ပြီးတိုင်း လင်းရှီက နတ်ဘုရားသတ် အမြောက်ကို စွမ်းအား ပြန်ဖြည့်နေရင်၊ ငါတို့ ဘယ်လို အနိုင်ယူမှာလဲ"

"မင်း လက်မှတ် ထိုးထားတဲ့ သေခြင်း ရှင်ခြင်း တိုက်ပွဲ သဘော တူညီချက်ကို မင်း မဖတ် ခဲ့ဘူးလား။ ဆက်တိုက် တိုက်ပွဲ ဖြစ်ခဲ့ရင် စိန်ခေါ်ခံရသူက တိုက်ပွဲတစ်ပွဲ ပြီးသွားတိုင်း အနားယူဖို့ ခွင့်ပြုထားတယ်။ အများဆုံး အနားယူဖို့ တစ်နာရီ အထိ အနားယူခွင့် ရှိတယ်"

လင်းဟွမ်က မျက်မှောင် ကြုတ်ပြီး ပြောလိုက်သည်။

"ဒါက နောက်ထပ် စည်းကမ်း အသစ် ထပ်ပေါင်းတာ မဟုတ်ဘူး။ ကြယ်လမ်းစဉ် သစ်ပင်ရဲ့ အခြေခံ ပြဋ္ဌာန်းချက်ထဲမှာ ပါပြီးသားပဲ"

ထို့နောက် စိန်ခေါ်သူများသည် သူတို့၏ သဘောတူညီချက် စာချုပ်ထဲတွင် ဤအချက်အလက်က

အမှန်တကယ် ပါရှိခြင်း ရှိ၊မရှိ စစ်ဆေးရန် ချက်ချင်း ကြည့်လိုက် ကြသည်။ မကြာခင် လင်းဟွမ် ပြောခဲ့သည့် စည်းကမ်းချက်ကို တွေ့လိုက်ရလျှင် သူတို့၏ မျက်နှာများ ချက်ချင်း ဆိုးရွား သွားကြသည်။

(၁၅) မိနစ်ခန့် ကြာပြီးနောက် နတ်ဘုရားသတ် အမြောက်သုံးလက်လုံး နောက်တစ်ကြိမ် စွမ်းအားများ ပြန်ပြည့်သွားခဲ့သည် ။

လင်းဟွမ်သည် တိုက်ပွဲ နေရာကို ပြန်လာပြီး သဘောတူညီချက်တွင် လက်မှတ် ထိုးထားသော လူသုံးယောက်ကို လှမ်းကြည့်ကာ

"ဒုတိယတစ်ကြိမ် တိုက်ခိုက်မှာ ဘယ်ကောင်လဲ"